# မြဝတီ

The Mirror Daily

Established in 1957

၁၃၈၁ ခုနှစ်၊ တပို့တွဲလကွယ်၊ စနေနေ့။ Saturday, 22 February 2020 ၉၉၃၃


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)

**မြဝတီ ယနေ့ဖတ်စရာ**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းပါပုဒ်မ၊ ပုဒ်မခွဲများအပေါ် ဆွေးနွေးမည့် အစီအစဉ်လျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

စာမျက်နှာ »» ၄

Coronavirus Disease 2019 (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၂/၂၀၂၀) ကျင်းပ

စာမျက်နှာ »» ၉


ကြာအင်းဆိပ်ကြီး ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ »» ၁၅

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် ဦးအောင်မျိုးမြင့်အား လမ်းညွှန်မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဂျကာတာမြို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် ဦးအောင်မျိုးမြင့်အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌တွေ့ဆုံပြီး လိုအပ်သည့်မူဝါဒများကို လမ်းညွှန်မှာကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် ဦးအောင်မျိုးမြင့်အား လမ်းညွှန်မှာကြားစဉ်။

# မူဆယ်တွင် မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူသူ နည်းပါး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် တရုတ်-မြန်မာနယ်စပ် မူဆယ်တွင် မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများအနက် ရေခဲရိုက်ငါး၊ ကဏန်း၊ ငါးရှဉ့်နှင့် ကင်းမွန်ငါးဈေးကွက်တွင် တရုတ်နိုင်ငံဘက်မှ ကုန်သည်များ လာရောက်ဝယ်ယူသူမရှိသလောက်နည်းပါးသွားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"ပုံမှန်ပို့နေတဲ့အချိန် မူဆယ်လမ်းကြောင်းမှာ အခုဆို ရက် ၂၀ ကျော်သွားပြီ။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ကတည်းက မသွားနိုင်တော့ဘူး။ အဲဒီလိုဖြစ်လာတော့ ကဏန်းတွေ၊ ငါးရှဉ့်တွေ ဈေးကျသွားတယ်။ အဝယ်လည်းမရှိတော့ဘူး။ အဝယ်မရှိတဲ့အခါကျတော့ အောက်ခြေမှာ ငါးရှဉ့်၊ ကဏန်း၊ ငါးဖမ်းနေတဲ့သူတွေ အရင်ကလို ဈေးက မရတော့ဘူး"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

**သုံးသပ်ထား**

ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် လက်ရှိဖြစ်နေသည့် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးသည် အချိန်ကာလတစ်ခုအထိ ဖြတ်သန်းရမည့်အခြေအနေတွင် ရှိနေကြောင်း၊ ရောဂါကင်းစင်သွားသည့်အခြေအနေရောက်မှသာ ကုန်သွယ်မှု ပုံမှန်အနေအထားရောက်ရှိမည်ဖြစ်ပြီး ရေထွက်ပစ္စည်းများလည်း ပြန်လည်တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ဦးဝင်းကြိုင်က သုံးသပ်ထားသည်။

"အခုလောလောဆယ် အခိုက်အတန့်ဖြစ်တဲ့ပြဿနာပါ။ အခုချိန်မှာ တခြားဈေးကွက်ချက်ချင်းရှာပြီး အစားထိုးဖို့ဆိုတာ မလွယ်ဘူး။ တရုတ်ပြည်က စားသုံးမှုပမာဏကြီးမားတယ်။ ကုန်သွယ်မှုမှာလည်း လိုအပ်ချက်က တအားကြီးတဲ့အတွက်ကြောင့် သူဝယ်နေတာကို မဝယ်တော့လို့ တခြားလူကဝယ်မယ်ဆိုရင်တောင် အဝယ်တော့ရှိမယ်။ ဈေးကောင်းမရနိုင်ဘူး။ သူ့လောက်လည်း မဝယ်ဘူး" ဟု ဦးဝင်းကြိုင်က ပြောသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖




ကြေးမုံ

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီး

ယခုအခါ ပူပြင်းခြောက်သွေ့သော နွေဦးရာသီကာလသို့ ရောက်ပြီဖြစ်သည်။ ပူပြင်းသောနွေကာလတွင် သတိပြုရမည့်အချက်မှာ မီးဘေးအန္တရာယ်ဖြစ်သည်။ မီးဘေးသည် ရန်သူမျိုးငါးပါးတွင် တစ်ပါးပါဝင်သည်ကို သိရှိကြသော်လည်း ထိုရန်သူကို သတိမမူသောကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနှင့် ကြုံနေကြရသည်။ နွေဦးတွင် မြန်မာပြည်တစ်လွှား မီးလောင်မှုဖြစ်စဉ်များ ကြုံတွေ့ကြားသိလာရသည်။

မီးလောင်မှုကြောင့် နေအိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ကြရသည့်အပြင် လူ့အသက်များပင် ဆုံးရှုံးရသည့်အဖြစ်များ ကြားသိရသဖြင့် မီးကို အထူးသတိပြုဖို့လိုမည်ဖြစ်သလို မီးလောင်ရခြင်းအကြောင်းရင်း ဇာစ်မြစ်များကို ရှာဖွေဖော်ထုတ်၍ မီးမလောင်ခင်က ကြိုတင်ကာကွယ်တားဆီးကြဖို့ လိုမည်ဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တောင်ပလောင်ကျေးရွာတွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်တစ်လုံးမီးလောင်ခဲ့ရာ အဘွားနှင့် မြေးဖြစ်သူတို့ သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်ရှိ နေအိမ်တိုက်ခန်း တစ်ခန်း မီးလောင်ခဲ့ရာ သုံးဦး မီးခိုးမွန်၍ သေဆုံးခဲ့သည်။ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ရန်ကုန်မြို့ လသာမြို့နယ် လမ်းမတော်သံဈေးမီးလောင်ခဲ့ရာ အထပ်မြင့်နေ ပြည်သူ ၈၅ ဦးကို ကယ်တင်ခဲ့ပြီး မီးခိုးမွန်သူနှင့် ဒဏ်ရာရသူ အချို့ကို ဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ယခုနှစ် နွေဦးရာသီရက်ပိုင်းအတွင်း မီးလောင်မှုဖြစ်စဉ်များ၌ လူတို့ဘေးအန္တရာယ်ဖြစ်မှု ပိုမိုများပြားပြီး အသက်သေဆုံးမှုများပါ ရှိလာသောကြောင့် မီးလောင်စေသောအကြောင်းအချက်တို့သာမက ထိခိုက်သေဆုံးမှုဖြစ်ပွားရခြင်း အကြောင်းရင်းများကိုပါ သင်ခန်းစာယူ သုံးသပ်အဖြေထုတ်၍ နောင်ယင်းကဲ့သို့မဖြစ်ပွားစေရန် ကြိုတင်တားဆီးကာကွယ်ထားရမည်ဖြစ်သည်။ သတိမမူ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရခြင်း အများဆုံးဖြစ်ပြီး မီးလောင်ခြင်းကြောင့် သေဆုံးရခြင်းမှာလည်း အလားတူဖြစ်သည်။

စက်မှုသိပ္ပံနည်းပညာ ထွန်းကားလာသောခေတ်ဝယ် လူတို့အသုံးအဆောင်ပစ္စည်းများ၊ အသုံးပြုသောအရာများသည် မီးလောင်လွယ်သောပစ္စည်းများဖြစ်နေသည်ကို သတိချပ်ရမည်ဖြစ်ပြီး အကယ်၍ မီးလောင်မည်ဆိုပါက မည်သို့ရှောင်ရှား ကာကွယ်တားဆီးသွားရမည်ကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။ မီးမလောင်ရန် သတိပြုကာကွယ်ရာ၌ မီးကိုသာ သတိထားကိုင်တွယ်ရမည်မဟုတ်၊ အိမ်တွင်းအိမ်ပ၌ မီးလောင်စေတတ်သောအရာများကို လုံခြုံသောအကာအကွယ်၊ ခံနိုင်သောအနေအထားနှင့် ကြိုတင်ငြှိမ်းသတ်နိုင်သည့် မီးသတ်ပစ္စည်းများ၊ ငြှိမ်းသတ်ရှောင်ရှားနိုင်မည့် ဝင်လမ်း၊ ထွက်လမ်းများကို ကြိုတင်ပြင်ဆင်ကာ အသင့်ပြုလုပ်ထားရမည်ဖြစ်သည်။

ရန်ကုန်မြို့ကြီးသည် တစ်နေ့တခြား လူနေထူထပ်လာပြီး အထပ်မြင့်အဆောက်အအုံများ များပြားလာသောကြောင့် မီးဘေးအန္တရာယ် ကျရောက်လာပါက လူ့အသက်များ ထိခိုက်ဆုံးရှုံးမှုမဖြစ်အောင် အရေးပေါ် ဝင်ပေါက်၊ ထွက်ပေါက်များသည် အရေးကြီးသောအရာများဖြစ်နေသည်ကို သတိမူဖို့လိုမည်ဖြစ်သည်။ သက်တမ်းကြာ အထပ်မြင့်အဆောက်အဦဟောင်းများအနေဖြင့် အိမ်နောက်တွင် အရေးပေါ်လှေကားများ ပြုလုပ်ထားသည်ဆိုသော်လည်း ခိုင်ခံ့မှုမရှိဘဲ စတိအဖြစ်သာပြုလုပ်ထားသဖြင့် အရေးပေါ်လှေကားမဖြစ်ဘဲ အရေးပေါ်သို့ ပို့ရမည့်လှေကားဖြစ်နေသည်ကို သတိပြုပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်က အထပ်မြင့်အဆောက်အဦများ မီးလောင်မှုကြောင့် လူ့အသက်သေဆုံးထိခိုက်မှု ဖြစ်စဉ်များကို သုံးသပ်ကြည့်မည်ဆိုလျှင် အရေးပေါ်ထွက်လမ်းမရှိခြင်းနှင့် အရေးပေါ်ထွက်ပေါက်မှ မထွက်နိုင်ခြင်းကြောင့် အန္တရာယ်နှင့် ကြုံတွေ့ထိခိုက်မှုများဖြစ်ရသည်ကို သတိမူဆင်ခြင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်သည်။ ရှေ့အဖို့တွင်လည်း မီးဘေးအန္တရာယ်နှင့် ကြုံတွေ့နိုင်သေးသည်ဖြစ်၍ လူ့အသက်ခန္ဓာများ မထိခိုက်၊ မဆုံးရှုံးသင့်ဘဲ ထိခိုက်ဆုံးရှုံးခြင်းမဖြစ်ရအောင် မဖြစ်မီက ကြိုတင်ပြင်ဆင် တားဆီးကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မီးဘေးအန္တရာယ်မကျရောက်အောင် မီးမလောင်စေရန် ကြိုတင်ပြင်ဆင်စီမံထားရမည်ဖြစ်သကဲ့သို့ မီးဘေးအန္တရာယ်ကျရောက်ပါက အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးခြင်းမဖြစ်အောင် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရမည့်အရာများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူများအားလုံးက ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး၊ နီပေါနိုင်ငံနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့၏ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး Mr. Bhim K. Udas၊ နီပေါနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Mr. Kishor Shrestha နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)တို့ ဦးဆောင်သည့် အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်း ဖြစ်စေရမည်ဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နီပေါနိုင်ငံ ရွေးကောက်ပွဲ သတင်းရယူရေးဆိုင်ရာ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ နှစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ ပြတ်တောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း) တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်လေ့ရှိရာ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိသည်။

ယင်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိသည်။

Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၆ ရက်အတွင်း နေ့စဉ် နှစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၄,၄၅၂ | ၅၃,၄၂၄,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၄,၂၅၂ | ၁၆,၇၉၅,၄၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၇၀ | ၅၇၄,၀၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၆၇ | ၁,၅၄၁,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၂၄ | ၆၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်(ရွှေဈေး) ၁၂၄၁၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၀/၈၆၅ ကျပ် | ၈၅၀/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၁၀ ကျပ် | ၉၀၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၈၀ ကျပ် | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် | ၈၆၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၅/၇၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၅/၇၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၅၀.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၉၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၈၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၉၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၈.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၈၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၈.၀၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၆.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဌ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

* ကျောဖုံးမှ

တစ်လျှောက်တွင် အနုပညာလက်ရာများ၊ ဗိသုကာလက်ရာများ၊ ဒြပ်ရှိယဉ်ကျေးမှုများအဖြစ် နိုင်ငံတစ်ဝန်း အမြောက်အမြား တွေ့ရှိနိုင်ပါကြောင်း၊ ထို့အတူ ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ပွဲတော်များစသည့် ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးစု အားလုံးတွင် ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**သတ်မှတ်ခံခဲ့ရ**

ထိုသို့ ခေတ်အဆက်ဆက် ပေါ်ထွန်းတည်ရှိခဲ့သည့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ဂုဏ်ယူစရာ ကောင်းလှပါကြောင်း၊ နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များထဲမှ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသည့် ပျူမြို့ဟောင်းသုံးမြို့သည် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်က ကမ္ဘာ့အမွေအနှစ်အဖြစ် တက်လှမ်းနိုင်ခဲ့သကဲ့သို့ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည်လည်း ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်က အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ကျင်းပသည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပြီးဖြစ်ပါကြောင်း။

ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ်လည်း မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ကျောက်စာများ၊ ပုဂံဒေသရှိ မြစေတီ (ရာဇကုမာရ်) ကျောက်စာနှင့် ပုဂံရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာများသည် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူစွာ မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာကိုလည်း ၂၀၁၈ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းသတ်မှတ်ခံခဲ့ရပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေးအတွက်လည်း ၂၀၂၀ပြည့်နှစ်တွင် UNESCOသို့ ဆက်လက်တင်သွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ကော်မတီများ ဖွဲ့စည်း၍ အဆိုပြုစာတွဲ Nomination Dossier (Draft)ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင် UNESCO World Heritage Centre သို့ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ယူနက်စကိုဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှတစ်ဆင့် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အဆိုပြုစာတွဲ(အပြည့်အစုံ) တင်ပြနိုင်ရေးအတွက် ကဏ္ဍအသီးသီးက ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ မိမိတို့နိုင်ငံတွင် ဒြပ်မဲ့အမွေအနှစ်ထောင်ပေါင်းများစွာရှိပါကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီအနေဖြင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အတည်ပြုပြီးသည့် စာရင်းအရ ၂၂၁၇ ခု ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကျန်ရှိနေသေးသည့် ဒြပ်မဲ့အမွေအနှစ်များကို စာရင်းကောက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အမျိုးသားဒြပ်မဲ့အမွေအနှစ်စာရင်းသို့ ဆက်လက် သတ်မှတ်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

UNESCO ၏ ကမ္ဘာ့ဒြပ်မဲ့ အမွေအနှစ်စာရင်းကို ကြည့်ပါက ကမ္ဘာ့နိုင်ငံ ၁၂၇ နိုင်ငံ၏ ကိုယ်စားပြု ဒြပ်မဲ့အမွေအနှစ်စာရင်းသည် ၅၄၉ ခုရှိနေပြီဆိုသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုအထဲတွင် မြန်မာနိုင်ငံက တစ်ခုမှမပါရှိသေးပါကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံအောင်ဟု ပြောနိုင်သည့် "မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းသတ်မှတ်နိုင်ရန် ကြိုးစားတင်ပြနေသည်ကို ဆက်လက်တိုက်တွန်းအားပေးပါကြောင်း။ ထိုကိစ္စများသည် မြန်မာနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဆင့်သို့ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်မှုများပင် ဖြစ်ပါကြောင်း။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များသည် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေပြီး ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုသာမက တိမ်မြုပ်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ် သုတေသနပြုရန် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အတိအလင်း ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရာတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကဦးဆောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အဦဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးဥပဒေများကို ၂၀၁၅ခုနှစ်ကတည်းက ပြင်ဆင်ရေးဆွဲပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်းခဲ့ပြီး ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းဥပဒေသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကိုသာမက ဒေသခံပြည်သူများ၏ လူနေမှုဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရေးဆွဲထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသော စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီကို တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းဖော်ထုတ်ခြင်းနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဌာနတစ်ခုနှင့်တစ်ခု အတူလက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ ကဏ္ဍအသီးသီးတွင် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် အကြံဉာဏ်ကောင်းများနှင့်

## ❖ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အတည်ပြုပြီးသည့် စာရင်းအရ ၂၂၁၇ ခု ရှိသည်ကို တွေ့ရမည်ဖြစ်

## ❖ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကျန်ရှိနေသေးသည့် ဒြပ်မဲ့အမွေအနှစ်များကို စာရင်းကောက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အမျိုးသားဒြပ်မဲ့အမွေအနှစ်စာရင်းသို့ ဆက်လက်သတ်မှတ်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်

ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း၍ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီအနေဖြင့် လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်အတွင်းရှိ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေမှုနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အား ယူနက်စကို အသိအမှတ်ပြုစာရင်း တင်သွင်းနိုင်ရေး ကြိုးစားဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)မှ နိုင်ငံတကာဆက်ဆံရေးမှူး ဦးမိုးကျော်သန့်နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အထွေထွေအတွင်းရေးမှူး ဦးနေဝင်းတို့က ဗဟိုကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၂၁ ခုအနက် ၁၄ ခု ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲခုနစ်ခုတို့အား မှတ်တမ်းတင်ပေးနိုင်ရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ဒြပ်မဲ့ယဉ်ကျေးမှုများနှင့် အနုပညာများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် ကျူးကျော်ဝင်ရောက်နေသူများအား အသိပညာပေးရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ ဗိသုကာလက်ရာနှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦများအပေါ်သို့ တက်ရောက်ခွင့်ကို ထိရောက်စွာ တားမြစ်ပိတ်ပင်ပေးနိုင်ရေး၊ ပုဂံဒေသတွင် ဒစ်ဂျစ်တယ်မြေပုံ အသုံးပြုနိုင်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ဖွဲ့စည်း၍ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ခရီးသွားများအတွက် လုံခြုံရေးဆောင်ရွက်ပေးနေမှု၊ ကမ္ဘာလှည့် ခရီးသွားများကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရေး၊ ဒြပ်မဲ့ယဉ်ကျေးမှု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာများ မပျောက်ပျက်စေရေးအတွက် ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ယင်းနောက် ဒုတိယသမ္မတက နိုင်ငံတစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည် ယင်းနိုင်ငံ၏ ပုံရိပ်တစ်ခုဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံသားအားလုံးအနေဖြင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအလှအပရှုခင်းများနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာလှည့်ခရီးသွားများက များစွာ စိတ်ဝင်စားမှု ရှိပါကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် များစွာအထောက်အပံ့ဖြစ်စေပါကြောင်း၊ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်လျှင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် အရေးပါသည့် ကဏ္ဍမှပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာလှည့် ခရီးသွားများ လာရောက်လည်ပတ်သည့် တိုးတက်မှု ၄၀ ဒသမ၂ရာခိုင်နှုန်းရှိသဖြင့် တိုးတက်မှု အမြန်ဆုံးနေရာအဖြစ် ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ တိုးတက်မှုရှိလာခြင်းသည် သက်ဆိုင်ရာကဏ္ဍအသီးသီး၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့်ပင် ဖြစ်ပါကြောင်း၊ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းတင်သွင်းမည့်နည်းတူ မြန်မာ့သနပ်ခါးကိုလည်း လက်ရှိစိုက်ပျိုးနေသည့် ဒေသများအပြင် အခြားဒေသများတွင်ပါ တိုးချဲ့စိုက်ပျိုးသွားစေလိုကြောင်း၊ ထို့ပြင် သနပ်ခါး၏ အရေးပါမှုနှင့် အသုံးဝင်မှုကိုလည်း ကမ္ဘာကသိရှိအောင် ကြော်ငြာရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်သေးလောကနှင့် အနုပညာနယ်ပယ်များတွင် ကျွမ်းကျင်သူများ နည်းပါးလာလျက်ရှိရာ ခါးဆက်မပြတ်စေရန် မျိုးဆက်သစ်ပညာရှင်များ မွေးထုတ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၈/၂၀၂၀
၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈ ၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ချိုမာလာကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာသီတာဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (ခ) | ဒေါ်ဖြူမာဝေ<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဒုတိယအမြဲတမ်းအတွင်းဝန်) ဒေါက်တာသီသီမြင့် ကို ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် ဆွေးနွေးမည့် အစီအစဉ်လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းပါပုဒ်မ၊ ပုဒ်မခွဲများအပေါ်ဆွေးနွေးမည့် အစီအစဉ်လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်ဆောင်ရွက်ရန်လျာထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများတွင်ပါဝင်သည့်ပုဒ်မများ၊ ပုဒ်မခွဲများအပေါ်ဆွေးနွေးမည့်အစီအစဉ် လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ကြိုတင်တင်ပြမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာနောက်ဆက်တွဲ (ဇ-၁)နှင့် (ဈ - ၁)တို့ပါပြင်ဆင်သည့် ဥပဒေမူကြမ်းများအပေါ်ဆွေးနွေးရန် တစ်ဦးလျှင် (၈)မိနစ်နှုန်းဖြင့် လွှတ်တော်ကိုယ်စားလှယ် ၁၄၉ ဦးအမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၇ နှင့်အညီ သတ်မှတ်လျာထားပြီးဖြစ်ပါကြောင်း၊ ရက်အလိုက် ဆွေးနွေးမည့် အမည်စာရင်းလျာထားချက်ကိုလည်း ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ပြင်ဆင်သည့်ဥပဒေမူကြမ်း (၂)ခုခွဲခြားပြုစုထားသော်လည်း တစ်ပေါင်းတည်း ဆွေးနွေးမည်ကို ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ တွင် နည်းဥပဒေ ၁၃၇ အရ ဆွေးနွေးခွင့်ရရှိသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရာတွင် ဆွေးနွေးခွင့်ပြုသည့်သတ်မှတ်ချိန်အတွင်း ဆွေးနွေးရမည်ဖြစ်ပြီး ယင်းပြင်ဆင်သည့် ဥပဒေမူကြမ်း၌ပါရှိသည့် ပုဒ်မများပါကိစ္စရပ်များမှအပ အခြားမည်သည့်ကိစ္စကိုမျှ ထည့်သွင်းဆွေးနွေးခြင်းမပြုရဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေမူကြမ်းများအပေါ် ဆွေးနွေးကြသည့်အခါ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့် နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တိုင်းရင်းသားလူမျိုးစုတစ်ခုခုကို ထိခိုက်စေမည့် အသုံးအနှုန်း၊ ပြောဆိုချက်များမပါရှိစေရေး ဂရုပြုဆင်ခြင်ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာဆွေးနွေးကြရန်နှင့် အခြားမသက်ဆိုင်သည့်အကြောင်းအရာများကို ထည့်သွင်းဆွေးနွေးခြင်းမပြုကြရန် ကြိုတင်အသိပေးပြီး အလေးထားမှာကြားလိုပါကြောင်း။

လက်ရှိလွှတ်တော်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပြည်သူများပိုမို၍ရှင်းလင်းစွာ သိနိုင်စေရန်ရည်ရွယ်၍ အနည်းငယ်ထပ်မံရှင်းလင်းပြောကြားလိုပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးအတွက် ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေးနှင့်စပ်လျဉ်းသည့် အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်တွင်စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြင်ဆင်ရေးပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်နေဆဲကာလ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ခုကို တင်သွင်းလာခဲ့ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုသည့် တူညီသည့်အကြောင်းရင်းအပေါ်တွင် ကွဲပြားသည့်ပုံစံကိုစတင်တွေ့ရှိရခြင်းဖြစ်ပါကြောင်း၊ ယင်းသို့အခြေအနေကတည်းကပင် နာယကအပါအဝင် တာဝန်ရှိသူများအနေဖြင့် အဘက်ဘက်က လေ့လာစဉ်းစားသုံးသပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပြီး မဆန့်ကျင်သည့် နည်းလမ်းများကို ချပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့စဉ်းစားခဲ့ရာတွင် လက်ရှိလွှတ်တော်၏ကျန်ရှိသည့်သက်တမ်းအတွင်း ဆောင်ရွက်နိုင်မည့်အခြေအနေနှင့် အကယ်၍ ပြင်ဆင်နိုင်ခဲ့ပါက ပြင်ဆင်သည့်ဥပဒေ၏ စတင်အသက်ဝင်ကာလစသည့် ကိစ္စရပ်များလည်းပါဝင်ပါကြောင်း၊ ထို့ပြင် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ ထပ်မံတင်သွင်းလာနိုင်သည့် အခြေအနေ၊ အစီရင်ခံစာအပေါ် ဆွေးနွေးလာနိုင်သည့် အခြေအနေစသည့် အခြေအနေပေါင်းစုံကို သုံးသပ်ပြီးမှ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းအချိန်ကတည်းက စဉ်းစားသုံးသပ်ပြီး အဆိုတင်သွင်းထားသည့် ပြင်ဆင်ရေးပူးပေါင်းကော်မတီဖွဲ့စည်းရေးကိုလည်း ဆက်လက်လုပ်ဆောင်၍ သီးခြားစီတင်သွင်းလာသည့် ပြင်ဆင်သည့်ဥပဒေမူကြမ်းကိုလည်း လက်ခံဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ကြိုတင်စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ခုထက်ပိုပြီးရှိလာပါကလည်း ပြင်ဆင်နိုင်ရေးစတင်ဆောင်ရွက်ခဲ့သည့်အဆို၏ လုပ်ငန်းစဉ်၊ နောက်ဆုံးအဆင့်မှ ရရှိလာမည့်ပြင်ဆင်သည့်ဥပဒေမူကြမ်းအပါအဝင် အားလုံးကို ပူးပေါင်းပြုစုထားသည့် ဥပဒေမူကြမ်းအပေါ်တွင်သာ ဆက်လက်ဆောင်ရွက်သင့်သည်ကို မူလကတည်းက စဉ်းစားသုံးသပ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီဖွဲ့စည်းရေးအဆိုကို လွှတ်တော်က လက်ခံပြီးနောက်ပိုင်းတွင် တင်သွင်းလာသည့် ဥပဒေမူကြမ်း(၅)ခုအတွက် တစ်ခုချင်းစီအလိုက် အစီရင်ခံစာတင်သွင်းဆွေးနွေးပြီး အဆုံးအဖြတ်ရယူခဲ့သည့် လွှတ်တော်၏အတည်ပြုချက်များနှင့် ယခုနောက်ဆုံးအစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များသည် ရှေ့နောက်ညီညွတ်ပြီး ကွဲလွဲလုပ်ဆောင်မှုမရှိခြင်းကို လိုအပ်မည်ဆိုပါက ယခင်အစီရင်ခံစာများအပါအဝင် ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များကို ပြန်လည်လေ့လာသိရှိနိုင်ပါကြောင်း။

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်နေ

လက်ရှိအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ ပြင်ဆင်သည့်ဥပဒေမူကြမ်းများ တင်သွင်းထားသည့်အစုအဖွဲ့များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးအတွက် တူညီသည့်အခွင့်အရေးကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရယူအသုံးပြုနိုင်သည့် အခြေအနေဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကတစ်ဦးအနေဖြင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မိမိကိုပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး လွှတ်တော်၏ လုပ်ငန်းတာဝန်တစ်ခုချင်းစီအတွက် အခြေအနေ၊ အချိန်အခါအားလုံးကို သုံးသပ်စဉ်းစားပြီး လုပ်နိုင်သမျှပြီးပြတ်ကျေပွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်ခြင်းသည် နာယကတစ်ဦးတည်း၏ ဆုံးဖြတ်ချက်မဟုတ်ဘဲ လွှတ်တော်၏အတည်ပြုချက်သာဖြစ်ပါကြောင်း အသိပေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့၏သက်တမ်းကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်နိုင်ရန်အတွက် လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ပထမတွဲနှင့် ဒုတိယတွဲတို့ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ငန်း (၃၇)ခု၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လတွင် လုပ်ငန်း(၁၅)ခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လုပ်ငန်း(၂၀)၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လုပ်ငန်း(၄)ခု စုစုပေါင်းလုပ်ငန်း (၇၆)ခု ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ယင်းလုပ်ငန်းများကို ဒေသဖွံ့ဖြိုးတိုးတက်မှု မထိခိုက်စေရေးအတွက် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဝန်ကြီးဌာန၊ အင်ဂျင်နီယာအဖွဲ့၏ ပေါင်းစပ်ကြီးကြပ်မှုဖြင့် အကောင်းဆုံးစီမံခန့်ခွဲဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ လက်ရှိတွင် လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့အစည်းများ၏ ကိုယ်စားပြုတိုင်းရင်းသားကုမ္ပဏီပေါင်း(၂၈)ခုသည် မိမိတို့ဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ခဲ့သည့်အတွက် သက်ဆိုင်ရာဒေသဖွံ့ဖြိုးတိုးတက်ခြင်းသာမက တိုင်းရင်းသားအဖွဲ့အစည်းများ၏စားဝတ်နေရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများအနေဖြင့် မိမိဒေသအတွင်းဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုပါကလည်း တရားဝင်မှတ်ပုံတင်ကုမ္ပဏီအဖြစ် တင်ဒါခေါ်ယူချိန်တွင် ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်း၊ တင်ဒါရွေးချယ်ရေး ဘုတ်အဖွဲ့အနေဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကုမ္ပဏီများ၏လုပ်ငန်းစွမ်းဆောင်ရည်၊ အရည်အသွေးပိုင်းဆိုင်ရာပြည့်မီမှု၊ အချိန်မီပြီးစီးမှုစသည့်အချက်များကို ထည့်သွင်းစဉ်းစားရွေးချယ်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်နိုင်စေရန် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့်အညီ ဘဏ္ဍာငွေအခြေအနေအပေါ်ချင့်ချိန်လျက် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုအမှန်တကယ် ဆောင်ရွက်နိုင်ရန်လိုအပ်သည့်ဝန်ကြီးဌာန၏ နှစ်အလိုက်စီမံကိန်းများ၊ အကြီးအကဲခရီးစဉ်၊ လွှတ်တော်ကတိကဝတ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ တင်ပြချက်များ၊ တိုင်းရင်းသားပြည်သူလူထုနှင့် ဒေသခံအဖွဲ့အစည်းများ၏ တင်ပြချက်များကို ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်ဖြစ်သည့် မြေပြင်အခြေအနေ၊ လုပ်ငန်းသဘောသဘာဝအရ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များရှိပါက ခွင့်ပြုပိုင်ခွင့်ရှိသူထံမှ ခွင့်ပြုချက်ရယူဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါက အဆိုပါအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရသို့ တင်ပြခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ သီးခြားခွင့်ပြုချက်ရယူခြင်းများ ဆောင်ရွက်သင့်ပါကြောင်း၊ အကြံပြုချက်အတိုင်း စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဖားဆောင်းမြို့နယ် မော်ချီးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်မည်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို၏ ဆွေးနွေးချက်ဖြစ်သော အစီရင်ခံစာပထမတွဲ၊ အပိုဒ် ၁၅၅ တွင်ပါရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဖားဆောင်းမြို့နယ် မော်ချီးစက်ရုံသည် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပေါ်ခဲ့၍ စက်ရုံအသစ်ပြန်လည်တည်ဆောက်ရန် မြေနေရာရထားပြီးဖြစ်သော်လည်း စက်ရုံအဆောက်အဦဆောက်လုပ်ပြီးမှသာ DVB T2 စက်နှင့် FM စက်များ တပ်ဆင်ဆောင်ရွက်နိုင်မည့်အခြေအနေအား ဆောလျင်စွာစီမံဆောင်ရွက်ပေးရန် အကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း။

ယခုအခါ စက်ရုံတည်ဆောက်ရန် မြေနေရာရရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စက်ရုံတည်ဆောက်ရန် ငွေကျပ် ၆၆ ဒသမ ၅ သန်းခွင့်ပြုချက်ရရှိပြီး ဖြစ်ကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့ကလည်း စက်ရုံတည်ဆောက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း၊ တင်ဒါစည်းမျဉ်းများနှင့်အညီ တင်ဒါအောင်မြင်သော ရွှေဟသာ်ဦးကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုခြင်းများကို ကြီးကြပ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စက်ပစ္စည်းများချွတ်ယွင်းမှုမဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ ဆွေးနွေးချက်ဖြစ်သော အစီရင်ခံစာပထမတွဲ အပိုဒ် ၆၁ အရ အသုံးစရိတ်များကျခံသုံးစွဲရာတွင် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း ကျခံသုံးစွဲနိုင်ရေး စီမံကြီးကြပ်ဆောင်ရွက်ရန်လိုအပ်ခြင်းကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လဘတ်ဂျက်ကာလအတွင်း နှစ်လပိုင်းနှင့် သုံးလပိုင်းတို့တွင် ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းအတွက် သင်တန်းသား ကြို၊ ပို့ရန် စက်သုံးဆီများသုံးစွဲခဲ့ရပြီး နယ်ရုံးစာကြည့်တိုက်များအတွက် စာအုပ်၊ စာနယ်ဇင်း၊ သတင်းစာများ မဖြစ်မနေဝယ်ယူခဲ့ရခြင်းများကြောင့် အသုံးစရိတ်လုံလောက်မှုမရှိဘဲ လေးလပိုင်းမှသာ ပေးချေခဲ့ရခြင်းဖြစ်ပါကြောင်း၊ နောင်တွင် အလားတူကိစ္စကဲ့သို့ မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ စီမံကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၏ ဆွေးနွေးချက်ဖြစ်သော အစီရင်ခံစာ ဒုတိယတွဲ အပိုဒ် ၂၅၂ (ဂ)(၁)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေနေသည့် သတင်းစာသုံးစောင်ရှိသည့်အနက် မြန်မာဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာနှစ်စောင်မှ အမြတ်ငွေရရှိခဲ့ပြီး ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည့် The Global New Light of Myanmar အင်္ဂလိပ်သတင်းစာသည် လွှတ်တော်ကိုယ်စားလှယ်သုံးသပ်တင်ပြခဲ့သည့်အတိုင်း ဖော်ပြပါ ဘဏ္ဍာနှစ်အတွင်းက အရှုံးပေါ်ခဲ့ရပါကြောင်း။

## ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာ အရှိန်အဟုန်နှင့် တိုးတက်ထွန်းကားလာခဲ့သည့်အတွက် နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာ၊ ပုံနှိပ်သတင်းစာများရောင်းအားသည် တရိပ်ရိပ်ကျဆင်းလာခဲ့

အဆိုပါ သတင်းစာအရှုံးပေါ်ခဲ့ရသည်နှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းတင်ပြလိုပါကြောင်း၊ The Global New Light of Myanmar အင်္ဂလိပ်သတင်းစာသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ဖက်စပ်လုပ်ငန်းအဖြစ် ထူထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုဖက်စပ်လုပ်ငန်းအတွက် အဓိကဝင်ငွေများကို သတင်းစာရောင်းရငွေ၊ ကြော်ငြာများမှ ဝင်ငွေနှင့် ပုံနှိပ်လုပ်ငန်းတို့မှရရှိခဲ့ပါကြောင်း၊ အဆိုပါ သတင်းစာသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခြင်းဖြစ်သောကြောင့်မြန်မာဘာသာဖြင့်ထုတ်ဝေသည့် သတင်းစာများထက် မူလကပင် စာဖတ်ပရိသတ် များစွာလျော့နည်းပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာအရှိန်အဟုန်နှင့် တိုးတက်ထွန်းကားလာခဲ့သည့်အတွက် နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာ၊ ပုံနှိပ်သတင်းစာများရောင်းအားသည် တရိပ်ရိပ်ကျဆင်းလာခဲ့ပါကြောင်း။

နိုင်ငံတကာတွင် လူအများ၏ သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးအစီအစဉ်များ ရယူသုံးစွဲမှုပုံစံသည် များစွာပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ကိုင်တယ်လီဖုန်းပျံ့နှံ့သုံးစွဲမှုသည် ၁၀၀ ရာခိုင်နှုန်းကျော်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ Application Software များ ထည့်သွင်းအသုံးပြုနိုင်သည့် စမတ်ဖုန်းသုံးစွဲမှုသည် ၈၀ ရာခိုင်နှုန်းကျော်ရှိပြီး အာဆီယံနိုင်ငံများထဲတွင် အမြင့်ဆုံးဖြစ်သည်ဟု နိုင်ငံတကာသုတေသနအစီရင်ခံစာများအရ သိရှိရပါကြောင်း။

ပြည်သူအများစုသည် သတင်းအချက်အလက်ရရှိရန်အတွက် ပုံနှိပ်သတင်းစာများကို မဖတ်ရှုကြတော့ဘဲ လက်ကိုင်ဖုန်းများမှတစ်ဆင့် Online Media Platforms များတွင်သာ ဖတ်ရှုလာနေကြပါကြောင်း၊ အမှန်တကယ်အားဖြင့် မိမိတို့၏လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမှုကိုဖော်ပြနေသည့် ညွှန်းပြချက်တစ်ခုဖြစ်သောကြောင့် ဝမ်းသာကြိုဆိုရမည်ဖြစ်ပါကြောင်း၊ သို့သော် အခြားတစ်ဖက်တွင် စီးပွားရေးကြော်ငြာအများစုသည် သမားရိုးကျမီဒီယာများဖြစ်ကြသည့် ပုံနှိပ်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ စရိတ်သက်သာပြီး ကန့်သတ်ထိန်းချုပ်မှုနည်းပါးကာ အကျိုးသက်ရောက်မှုများစွာ သာလွန်ကောင်းမွန်သည့် Online Media Platforms များသို့ ပြောင်းရွှေ့သွားခဲ့ကြသည့်အတွက် ပုံနှိပ်မီဒီယာများအတွက် ကြော်ငြာရရှိမှု များစွာကျဆင်းသွားခဲ့ရပါကြောင်း၊ ထိုဖြစ်စဉ်သည် နိုင်ငံတကာပုံနှိပ်မီဒီယာလောကတွင် အားလုံးရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေတစ်ခုဖြစ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး မူလကပင် စာဖတ်ပရိသတ်များစွာနည်းပါးခဲ့သည့် The Global New Light of Myanmar သတင်းစာအတွက် ပိုမိုအထိနာစေခဲ့ပါကြောင်း။

## ထုတ်လုပ်မှုစရိတ် ပိုမိုမြင့်တက်လာခဲ့ခြင်းသည်လည်း အရှုံးဖြစ်ပေါ်ရခြင်း၏ လတ်တလောအကြောင်းတစ်ခုဖြစ်

နောက်တစ်ချက်အနေဖြင့် ပုံနှိပ်မီဒီယာလုပ်ငန်းတွင် ဝင်ငွေကျဆင်းလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုဖက်စပ်လုပ်ငန်းအနေဖြင့် ယခင်က စီးပွားရေးလုပ်ငန်းအဖြစ် ပြင်ပသတင်းစာ သုံးစောင်ကို နေ့စဉ်လက်ခံပုံနှိပ်ပေးခဲ့ရသောကြောင့် ဝင်ငွေအသင့်အတင့်များပြားခဲ့ပါကြောင်း၊ သို့သော် ပုံနှိပ်မီဒီယာလုပ်ငန်းများ ကျဆင်းလာမှုကြောင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်မှစတင်၍ သတင်းစာတစ်စောင်သာ ရိုက်ရသည့်အတွက် ဝင်ငွေကျဆင်းခဲ့ရပါကြောင်း၊ ထို့ပြင် ဖော်ပြသည့်နှစ်အတွင်း သတင်းစာလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သည့် သတင်းစာစက္ကူဝယ်ယူခဲ့သည့်အချိန်တွင် စက္ကူဈေးနှုန်းသည် တစ်မက်ထရစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော်ခန့် ဈေးမြင့်တက်လာခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်လာခဲ့ပါကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုစရိတ် ပိုမိုမြင့်တက်လာခဲ့ခြင်းသည်လည်း အရှုံးဖြစ်ပေါ်ရခြင်း၏ လတ်တလောအကြောင်းတစ်ခုဖြစ်ပါကြောင်း။

နောက်ဆုံးတစ်ချက်အနေဖြင့် The Global New Light of Myanmar အင်္ဂလိပ်သတင်းစာသည် အခြားသော ဖက်စပ်စီးပွားရေးလုပ်ငန်းများနှင့်မတူဘဲ နိုင်ငံတော်အတွက် မရှိမဖြစ် အရေးကြီးသည့်တာဝန်တစ်ခုကို ထမ်းဆောင်နေရသည့်လုပ်ငန်းတစ်ခုဖြစ်သည်ကို အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပေးစေလိုပါကြောင်း၊ ထိုသတင်းစာသည် လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအတွက် နိုင်ငံတကာသို့ သတင်းပြန်ကြားရေးတာဝန်ကို ထမ်းဆောင်နေရသည့် တစ်ခုတည်းသော အင်္ဂလိပ်သတင်းစာဖြစ်ပါကြောင်း။

ဒီမိုကရေစီသက်တမ်းနုနယ်ပြီး အသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုမျိုးစုံရင်ဆိုင်နေရသည့် မိမိတို့နိုင်ငံအတွက် နိုင်ငံတော်အစိုးရအာဘော်ကို ထင်ဟပ်သည့် အင်္ဂလိပ်ဘာသာဖြင့် သတင်းစာတစ်စောင် မဖြစ်မနေလိုအပ်ပါကြောင်း၊ The Global New Light of Myanmar သည် ထိုတာဝန်ကို အခက်အခဲမျိုးစုံကြားမှ ကြိုးစားဆောင်ရွက်နေသည့် သတင်းစာဖြစ်သည့်အတွက် အခြားဖက်စပ်လုပ်ငန်းများကဲ့သို့ စီးပွားရေးအကျိုးအမြတ်ရှုထောင့်တစ်ခုတည်းမှ သုံးသပ်ရန် မသင့်တော်ဟု ယူဆမိပါကြောင်း။

The Global New Light of Myanmar သတင်းစာ အရည်အသွေးမြင့်တက်ပြီး စီးပွားရေးအရ အောင်မြင်စွာရပ်တည်နိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်နေသည့် ပုဂ္ဂလိကအစုရှယ်ယာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး သင့်လျော်သည့် ပုံနှိပ်စီးပွားရေးလုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ရှာဖွေလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကလေကြောင်းလိုင်းများ ဖြစ်ကြသည့် Air Mandalay နှင့် Asia Wings တို့၏ လေဆိပ်ခရီးသည်ဝန်ဆောင်မှုများပေးသွင်းရန် ကြွေးကျန်ငွေကျပ် ၉၃ ဒသမ ၇၀၂ သန်းအပေါ် ဒဏ်ကြေးနှင့် အတိုးသတ်မှတ်ပေးသွင်းစေရေးနှင့်စပ်လျဉ်း၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Air Mandalay နှင့် Asia Wings လေကြောင်းလိုင်းတို့၏ ခရီးသည်ဝန်ဆောင်ခကြွေးကျန်များပေးသွင်းနိုင်ရေး နိုးဆော်အကြောင်းကြားစာများဖြင့် အကြိမ်ကြိမ်တောင်းခံဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် အစည်းအဝေးခေါ်ယူ၍လည်း ခရီးသည်ဝန်ဆောင်ခကြွေးကျန်များ ပြန်လည်ပေးဆပ်မည့်အစီအစဉ်တင်ပြရန် ညွှန်ကြားခဲ့သော်လည်း တိကျခိုင်မာသည့် အစီအစဉ်တင်ပြလာနိုင်ခြင်းမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်နှင့်အညီ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ကြွေးကျန်များရရှိရေးအတွက် အချိန်ကာလ ခြောက်လသတ်မှတ်၍ ၂၀၂၀ ပြည့်နှစ် မေ ၃၁ ရက်နောက်ဆုံးထားပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းများကို ခေါ်ယူအသိပေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပစ္စည်းစာရင်းနှစ်ဟောင်းအတိုင်း အရန်ဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီလက်ကျန်များကျန်ရှိခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်နယ်၊ တိုင်းဒေသကြီးများတွင်ရှိသော တယ်လီဖုန်းအိတ်ချိန်းများ၊ တာဝါတိုင်စခန်းများ၊ မိုက်ခရိုဝေ့ဖ်စခန်းများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်လျှင်သော်လည်းကောင်း၊ သဘာဝဘေးဒဏ်ဖြစ်ပေါ်လျှင်လည်းကောင်း ဆက်သွယ်ရေးမပြတ်တောက်စေရန်အတွက် အရေးပေါ်သုံးစွဲရန် အရန်ဆီထားရှိဆောင်ရွက်လျက်ရှိပြီး လစဉ်ဓာတ်ဆီ၊ စက်ဆီသုံးစွဲရာတွင် သိုလှောင်ရုံသို့ ဦးစွာဝင်သည့်ဆီကိုသုံးစွဲပြီး First In First Out နည်းလမ်းဖြင့် သုံးစွဲပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ ဆက်သွယ်ရေးလုပ်ငန်းများကို KDDI Summit Global Myanmar Co.,Ltd. (KSGM) နှင့် Joint Operation ဖွဲ့၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး စက်သုံးဆီအပါအဝင် လုပ်ငန်းဆောင်ရွက်မှုစရိတ်များကို Joint Operation လုပ်ငန်းမှ ကျခံပေးချေလျက်ရှိပါကြောင်း၊ သို့ပါ၍ Joint Operation လုပ်ငန်းမတိုင်မီမှ လက်ခံရရှိခဲ့သည့် အရန်ဆီလက်ကျန်များကို ထပ်မံဝယ်ယူသော စက်သုံးဆီများနှင့်လဲလှယ်၍ First In First Out နည်းလမ်းဖြင့် ဆက်လက်သုံးစွဲခဲ့ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စက်သုံးဆီများ လေလွင့်မှုမရှိစေရေးနှင့် အနည်းဆုံးထားရှိရမည့် အရန်ဆီကို တွက်ချက်ချန်လှပ်၍ ကျန်စက်သုံးဆီများကို အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Joint Operation လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သုံးသပ်ချက်၊ အကြံပြုချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးအကြံပြုချက်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် အလေးထား၍ လိုအပ်သလို ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစောဇယ်လင်တိုင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက အဆိုပါ အစီရင်ခံစာပထမတွဲနှင့် ဒုတိယတွဲတို့ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထား ရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ပထမတွဲနှင့် ဒုတိယတွဲတို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**
**ဓာတ်ပုံ-စိုးဝင်းထွန်း**

# အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ကတိဖြစ်မေးခွန်းများနှင့်စပ်လျဉ်း၍ မေးခွန်းရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ်(I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ဇန်နဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ကွင်းဆင်းစိစစ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ထို့နောက် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)နှင့် ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်များကို တင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နီနိုင်၊ ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ တာဝေးစက်ဘီးအားကစားကွင်း၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ဝန်ကြီးဌာနအသင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

### ပါဝင်ယှဉ်ပြိုင်

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် မဲနှိုက်ရွေးချယ်ထားသော သတ်မှတ်နေရာများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲဝင်ရန် ပြင်ဆင်ထားရှိသည့် ပြိုင်ပွဲဝင်အသင်းများ၏ ဝတ်စားဆင်ယင်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာကြောင်း ဆေးလက်မှတ်နှင့် ဝန်ထမ်းစိစစ်ရေးကတ်၊ ထမနဲထိုးရာတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းထားရှိမှုကို လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေး ဆပ်ကော်မတီက လိုက်လံစစ်ဆေး အမှတ်ပေးကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို အရည်အသွေးအမှတ်ပေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရာမှုတ်အချက်ပေးကာ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း အသီးသီးသည် သတ်မှတ်ထားသည့် အချိန်တစ်နာရီအတွင်း အားကြိုးမာန်တက် ထမနဲထိုးယှဉ်ပြိုင်ကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများကလည်း ဌာနအလိုက် အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာ အားပေးကြသည်။

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးဌာနအချင်းချင်း ခင်မင်မှုတိုးပွားစေရန်၊ စုစုစည်းစည်း လုပ်ဆောင်တတ်စေရန်၊ ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် ကာလဒေသနှင့် ကိုက်ညီစွာဖြင့် စုပေါင်းအင်အားကို ပြသနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင်အသင်းများက ပေးပို့လာသည့် ထမနဲများကို လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေး ဆပ်ကော်မတီက မှတ်တမ်းတင်ကာ ပြိုင်ပွဲဝင် Code နံပါတ်များ သတ်မှတ်၍ အရည်အသွေးအမှတ်ပေး ဆပ်ကော်မတီထံ ပေးပို့သည်။

ထို့နောက် လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေးဆပ်ကော်မတီနှင့် အရည်အသွေးအမှတ်ပေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက အမှတ်ပေးခြင်းနှင့် အမှတ်ရေတွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် ပြိုင်ပွဲဝင်ဝန်ကြီးဌာန ၂၂ သင်းအနက်မှ နှစ်သိမ့်ဆုရရှိသည့် ဝန်ကြီးဌာန ၁၉ ခုမှ အသင်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဒေါက်တာရဲမြင့်ဆွေ၊ ဒေါက်တာမြလေးစိန်၊ ဦးဇရတ်ဆင်းနှင့် ဦးစိုးအောင်တို့က ဆုငွေကျပ်သုံးသိန်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့က မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များအား ဆုငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တတိယဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား ဆုငွေကျပ် ခုနစ်သိန်းနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုငွေကျပ် ဆယ်သိန်းနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား ဆုငွေကျပ် တစ်ဆယ့်ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများသည် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ဝန်ကြီးဌာနအသင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### သီဆိုဖျော်ဖြေ

ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ နိုင်ငံကျော်တေးသံရှင်များနှင့် ငြိမ်းချမ်းရေး ဂီတပွဲတော်မှ ဆုရအဆိုရှင်များက သီဆိုဖျော်ဖြေကြသည်။

ထမနဲပွဲသည် မြန်မာတို့၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ရာသီပွဲတော်တစ်ခုဖြစ်ပြီး ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သည့် တပို့တွဲလတွင် ကျင်းပလေ့ရှိသည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့် စေတနာ၊ သဒ္ဓါတရားထက်သန်မှုကို တွေ့မြင်နိုင်ပြီး မိသားစုအလိုက်၊ ရပ်ကွက်ကျေးရွာအလိုက်၊ ဘာသာရေးအသင်းအဖွဲ့များအလိုက်၊ ရုံးဌာနများအလိုက် စုပေါင်းထမနဲထိုးပွဲများ ကျင်းပကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တတိယဆုရရှိသည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



# ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ လှုပ်ရှားမှုမြင်ကွင်း



**ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးဌာနအချင်းချင်း ခင်မင်မှု တိုးပွားစေရန်၊ စုစုစည်းစည်းလုပ်ဆောင်တတ်စေရန်၊ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ကာလဒေသနှင့်ကိုက်ညီစွာဖြင့် စုပေါင်းအင်အားကို ပြသနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှစ်သိမ့်ဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။





ဒုတိယဝန်ကြီး ဦးအောင်လှထွန်း နှစ်သိမ့်ဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် နှစ်သိမ့်ဆုရရှိသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးစိုးအောင် နှစ်သိမ့်ဆုရရှိသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။





# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် BowerGroupAsia (Myanmar)၏ ဦးဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Bower-GroupAsia (Myanmar)၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်တင်မေသိန်း (Judy Ko) နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေနိုင်စေရန် နည်းပညာကဏ္ဍ အသုံးချနိုင်မှု စွမ်းရည်မြှင့်တင်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် BowerGroupAsia (Myanmar) ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်တင်မေသိန်း (Judy Ko) နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် COVID-19 ဆိုင်ရာ အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ (၅)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သော ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုင်ရာ အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေး၊ (၅)ကြိမ်မြောက်မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။




**အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး**

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆိုင်ရာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Teodoro L. Locsin Jr. နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့်နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဝန်ကြီးများက COVID-19 ပြန့်ပွားမှုကို အာဆီယံနှင့်တရုတ်နိုင်ငံတို့ ပူးပေါင်းကာကွယ်တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကာကွယ်ထိန်းချုပ်ကုသရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများ၊ ပြည်သူများ၏ ကျန်းမာရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့အပေါ် ထိခိုက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၌ယနေ့အထိ ရောဂါဖြစ်ပွားသူ (confirmed case) မရှိသေးသော်လည်း ရောဂါပိုးကူးစက်ခံရသည်ဟုသံသယရှိသူနှစ်ဦး၊ စောင့်ကြည့် ၃၈ ဦး စုစုပေါင်း ၄၀ အား စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၎င်းတို့အနက် သံသယရှိသူ နှစ်ဦးအပါအဝင် ၃၆ ဦးမှာ ရောဂါပိုးမရှိဟု အတည်ပြုချက်ရရှိကာ ကျန်လေးဦးသာ ခေတ်ခွဲခန်းအဖြေကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။ ထို့အပြင် COVID-19 အား ကာကွယ်ထိန်းချုပ်မှုပြုရေးအတွက် တရုတ်နိုင်ငံ၏ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးပြောကြားခဲ့ပြီး ယင်းရောဂါသည် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့်ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ရောဂါကာကွယ်ကုသရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ကြရန်နှင့် တရုတ်နိုင်ငံနှင့်အတူ စည်းလုံးညီညွတ်မှုပြသကြရန် လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးမှ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့လက်တွဲ၍ COVID-19 တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များပါဝင်သည့် ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အာဆီယံနှင့်တရုတ်နိုင်ငံတို့သည် ရောဂါဖြစ်ပွားပျံ့နှံ့မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ရောဂါရှာဖွေရေး၊ ကုသရေးဆိုင်ရာနည်းစနစ်များ အပါအဝင် သတင်းအချက်အလက်များဖလှယ်ရေး၊ လက်ရှိအာဆီယံ၏ ယန္တရားများနှင့် မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး၊ ပြည်သူများထံသို့ တိကျသော သတင်းအချက်အလက်များ ဖြန့်ဝေသွားရေး၊ အာဆီယံ-တရုတ်ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် အခြားလက်ရှိလုပ်ငန်းစဉ်များအား ထိရောက်စွာ အသုံးပြုဆောင်ရွက်သွားရေး၊ တရုတ်နှင့်အာဆီယံနိုင်ငံများရှိ ရောဂါထိန်းချုပ်ရေးဗဟိုဌာနများ (Centers for Disease Control )များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ တရုတ်နှင့်အာဆီယံနိုင်ငံများတွင် ဆေးဝါးများ၊ သုတေသနလုပ်ငန်းသုံးနှင့် ရောဂါကာကွယ်ရေးတွင် အသုံးပြုသောပစ္စည်းများ ပြတ်လပ်မှုမရှိရန် ဆောင်ရွက်သွားရေး၊ သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်သွားရေး၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားရေးထိခိုက်မှုများအား လျှော့ချရေးစသည်တို့အား ဆောင်ရွက်သွားရန် သဘောတူညီခဲ့သည်။

**(၅) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး**

မွန်းလွဲပိုင်းတွင် (၅)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပခဲ့ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay Kommasith နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏လမ်းညွှန်ချက်များအား အကောင်အထည်ဖော်မှုအခြေအနေများနှင့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများ၏ တိုးတက်မှုအခြေအနေများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့သည်။ ထို့အပြင် ဒေသတွင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ တန်းတူရည်တူရှိမှု အခြေခံမှုများဖြင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်သွားကြရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ အစည်းအဝေးမှ “၂၀၂၀ ပြည့်နှစ် မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ” ဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများစာရင်းကို အတည်ပြုချမှတ်ခဲ့ရာ မြန်မာနိုင်ငံမှ အဆိုပြုထားသည့် စီမံကိန်း ၂၂ ခုပါဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် အဆိုပါစီမံကိန်း ၂၂ ခုအကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၇ သန်းကျော်ခန့်ကို မဲခေါင်-လန်ချန်းအထူးရန်ပုံငွေမှ လက်ခံရရှိမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သုတေသန၊ မိုးလေဝသ၊ သိပ္ပံနှင့်နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ အစည်းအဝေးမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်ချက် (Joint Press Communique) တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

**အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီအထူးအစည်းအဝေး**

အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးမှ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို အတည်ပြုခဲ့သည်။ အာဆီယံ ၁၀ နိုင်ငံအနက် ဘရူနိုင်း၊ လာအို၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံ လေးနိုင်ငံတွင် COVID-19 ရောဂါအတည်ပြုလူနာမရှိသေးကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းရင်းဆေးနှင့် ခါးနာဝေဒနာများအကြောင်း ဆွေးနွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး ရန်ကုန်တိုင်းဒေသကြီး ခုတင် (၁၀၀)ဆံ့တိုင်းရင်းဆေးရုံ (ရန်ကုန်)နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးပွဲကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းရင်းဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ဦးဝင်းဇော်က “တိုင်းရင်းဆေးနှင့် ခါးနာဝေဒနာများအကြောင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၂၂/ ၂၀၂၀) ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၂/၂၀၂၀) ကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။



**အထူးသတိပြုရမည်**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့နိုင်ငံတွင် လက်ရှိ၌ Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူများ မတွေ့ရှိရသေးသော်လည်း အချိန်မရွေး လူနာများဖြစ်ပွားတွေ့ရှိလာနိုင်သည်ဆိုသည့်အချက်ကို မိမိတို့ ဝန်ထမ်းများနှင့် ပြည်သူများသည် အထူးသတိပြုရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် ယင်းအချက်ကို နောက်ခံထား၍ ရောဂါကာကွယ်မှု၊ ထိန်းချုပ်မှုလုပ်ငန်းများကို ဆေးရုံများ၌ ပိုမိုထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ အကယ်၍ COVID-19 လူနာလေး၊ ငါးဦး တစ်ချိန်တည်းစုပြုံ၍ ဆေးရုံတစ်ရုံသို့ ရောက်ရှိလာပါက မည်သို့ဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထား၍ အသင့်ပြင်ဆင်ထားရှိရမည် ဖြစ်ပါကြောင်း။

ထိုသို့ လူနာများတွေ့ရှိခဲ့ပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဖြစ်ရပ်အခြေပြုနှင့် စားပွဲတင်လေ့ကျင့်ခန်းများဖြင့် ဆွေးနွေးဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ လမ်းညွှန်မှုများပေးအပ်ရန် အရေးကြီးပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ဆေးရုံများအား ဗဟိုအဆင့် ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကျန်ဆေးရုံကြီးများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ကွပ်ကဲဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများကို ရေးဆွဲထားသော Checklist များဖြင့် ချက်ချင်းစစ်ဆေးလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တရုတ်-မြန်မာနယ်စပ်နှင့်နီးသော ဆေးရုံများ၌ ကြိုတင်စိစစ်ဆန်းစစ်ကာ ဆောင်ရွက်သွားရန် အထူးအရေးကြီးပါကြောင်း။

တစ်ပါတည်းပြောကြားလိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းမှုဖြင့် လုပ်ငန်းများကို လုံးဝအရှိန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်မှုတွင် ဆေးရုံနှင့် ပြည်သူလူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများသည် ယခုလောလောဆယ်အချိန်ကာလ၌ မရှိမဖြစ်လုပ်ဆောင်ရန် အရေးပါသည့်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး(TMO)များက သက်ဆိုင်ရာ မြို့နယ်အလိုက် အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့ပြီးသော COVID-19 နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအတွက် ညွှန်ကြားချက်များ၊ ပြည်သူများအတွက် အသိပေးနှိုးဆော်မှုအကြောင်းအချက်များ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်အစည်းအဝေးမှတ်တမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများနှင့် နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် သတင်းများ၊ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါဖြစ်ပေါ်မှုအခြေအနေများ အစရှိသည်တို့ကို သိသာထင်ရှား ဖတ်ရှုလွယ်စေရန်အတွက် စနစ်တကျထားသိုထားရမည်ဖြစ်ပါကြောင်း။

**ညှိနှိုင်းဖလှယ်**

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်၏ သတင်းထုတ်ပြန်ချက်နှင့် ပြောကြားချက်များ၊ ညွှန်ကြားချက်များအား နေ့စဉ်နားထောင်ခြင်း၊ သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းတို့ကို ပြုလုပ်ပြီး လက်တွေ့မြန်မာနိုင်ငံ၏ မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် မဟာဗျူဟာများ ချမှတ်လုပ်ဆောင်ရန်လိုအပ်ပါကြောင်းနှင့် ယခုလက်ရှိတွင် ထိုသို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းတာဝန်ရှိသူများအနေဖြင့် အခြားနိုင်ငံများရှိ အပြည်ပြည်ဆိုင်ရာကျန်းမာရေးလုပ်ငန်းတာဝန်ရှိသူများနှင့် ထူးခြားဖြစ်စဉ်များအပြင် လုပ်ငန်းစဉ်များအားလည်း အသိပေး ညှိနှိုင်းဖလှယ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဤရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာရှုထောင့်မှ ကမ္ဘာတွင် ဆောင်ရွက်နေမှုများနှင့် ချိတ်ဆက်မှုရှိရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်အဖွဲ့များသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထပ်မံရောက်ရှိကြောင်း သိရှိရသည့်အတွက် ဤရောဂါနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားမှုသတင်းအချက်အလက်များ ပိုမိုတိကျပြည့်စုံစွာ သိရှိနိုင်မည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် များစွာအကျိုးရှိမည် ဖြစ်ပါကြောင်း။

အလားတူစွာ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ရှိသူများသည် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ် တယ်လီဖုန်းနှင့် ခေတ်ပေါ်ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုဆက်သွယ်၍ သတင်းများဖလှယ်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနမှ ပြောကြားချက်ဖြစ်သော ဤရောဂါဖြစ်ပွားသူ ၁၀၀ လျှင် ၈၀ ရာခိုင်နှုန်းမှာ ပြင်းထန်မှုနည်းပါးသော ရောဂါခံစားရခြင်း၊ ၁၅ ရာခိုင်နှုန်းမှာ ပြင်းထန်သည့် ရောဂါခံစားရခြင်း၊ ငါးရာခိုင်နှုန်းမှာ အထူးပြင်းထန်စွာ ရောဂါခံစားရခြင်း ဖြစ်ပွားသည်ဟု သိရှိရသည့်အချက်မှာ ပြည်သူ့ကျန်းမာရေးရှုထောင့်နှင့် ကုသရေးရှုထောင့်မှ အရေးကြီးသည့် သတင်းအချက်တစ်ချက်ဟု သတ်မှတ်၍ရသည့်အပြင် မိမိတို့နိုင်ငံ၌ ရောဂါဖြစ်ပွားမှုရှိလာပါကလည်း ဤပုံစံအတိုင်း ဖြစ်နိုင်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း ဆက်သွယ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယခုလောလောဆယ်ကာလအတွင်း တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်ပြုလုပ်ရန် လိုအပ်ပါကြောင်း။

ရောဂါပိုးသတ်သန့်စင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဓာတုဆေးပစ္စည်းများ မိမိတို့ လက်ဝယ်ရှိမှု အခြေအနေနှင့် လိုအပ်ပါက ချက်ချင်း ဖြည့်တင်းဆောင်ရွက်သွားရန် ဘဏ္ဍာငွေချထားမည်ဖြစ်ပါကြောင်း။

ခြုံငုံသုံးသပ်ရမည်ဆိုပါက COVID-19 နှင့် ပတ်သက်၍ စောစီးစွာ စုံစမ်းထောက်လှမ်းခြင်းနှင့် ကုသပေးခြင်း (Early detection and prompt treatment)၊ အနီးကပ်ထိတွေ့သူများအား စုံစမ်းထောက်လှမ်းခြင်း (Contact tracing) သေချာစနစ်ကျစွာ အားလုံးပေါင်းစည်းလုပ်ကိုင်ပါက မိမိတို့မျှော်မှန်းသည့် COVID-19 ရောဂါဖြစ်ပွားမှုမရှိခြင်း၊ ဖြစ်ပွားပါကလည်း ထိခိုက်သေဆုံးမှုနည်းပါးခြင်းစသော အခြေအနေများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် မိမိအပါအဝင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဝန်ထမ်းများအားလုံးနှင့် နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆက်လက်ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ WHO Situation Report no.31 ၌ သံသယလူနာနှင့် ဓာတ်ခွဲအတည်ပြုလူနာ သတ်မှတ်ချက်ပြောင်းလဲခဲ့မှုအားတင်ပြမှု၊ COVID-19 ရောဂါနှင့်ပတ်သက်သည့် ရောဂါဗေဒဆိုင်ရာများ၊ နိုင်ငံတကာတွင် ဆောင်ရွက်ထားရှိသော သုတေသနစာတမ်းများကို အကျဉ်းချုပ်တင်ပြမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အကြောင်းကြားထားသည့် မြန်မာနိုင်ငံသို့ ဝင်ရောက်ရန်ရှိသည့် အပျော်စီးသင်္ဘောများ၏ ခရီးလမ်းစဉ်၊ ခန့်မှန်းခရီးသည်စာရင်း၊ နိုင်ငံတကာဆိပ်ကမ်းများတွင် တက်/ဆင်းခရီးသည် အသစ်များရှိမှု၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆိပ်ကမ်းအာဏာပိုင်များ၊ ကုမ္ပဏီများနှင့်တွေ့ဆုံ၍ ဆွေးနွေးဆောင်ရွက်ရန်စီစဉ်ထားရှိမှု၊ အမေရိကန် US CDC အဖွဲ့မှ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့မှု၊ ၎င်းအဖွဲ့မှ ဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေသော လူထုအခြေပြုရောဂါ စောင့်ကြပ်ကြည့်ရှုမှုအပေါ် ဆက်လက်လုပ်ဆောင်ရန် ထောက်ခံခဲ့မှု၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် တရုတ်နိုင်ငံသား ရှစ်ဦးအား လုပ်ငန်းခွင်အတွင်း အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြခြင်း၊ မန္တလေးမြို့ရှိ ကန်တော်နဒီဆေးရုံ၌ သီးခြားထားရှိကုသဆောင် ပြင်ဆင်ထားရှိ ဆောင်ရွက်နေမှုအခြေအနေများ၊ ခုတင် ၅၀ နှင့်အထက် ဆေးရုံများတွင် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများတွင် အသုံးပြုရန် လက်ကိုင်အသံချဲ့စက်ငယ်များ စီမံဝယ်ယူနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ စောင့်ကြည့်လူနာများတွင် ရောဂါပိုးမရှိကြောင်း စစ်ဆေးတွေ့ရှိပြီး ကျန်းမာရေးအခြေအနေကောင်းမွန်ပြီးနောက် ၄၈ နာရီ ထပ်မံထားရှိပြီးမှသာ ဆေးရုံမှဆင်းခွင့်ပေးမှု၊ ထိုသို့ဆေးရုံမှ ဆင်းပြီးနောက်တွင်လည်း ၁၄ ရက်ကြာ ရောဂါစောင့်ကြပ်ကြည့်ရှုမှု စောင့်ကြည့်လူနာ၏ လိပ်စာနှင့် ဖုန်းနံပါတ်များ ရယူ၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဆက်သွယ်ဆောင်ရွက်နေမှု၊ ဆေးရုံများအတွက် အသက်ရှူစက် (Ventilator)များ ထပ်မံဝယ်ယူဖြည့်တင်းထားရှိမှုနှင့် ဆက်လက်ဝယ်ယူရေးစီစဉ်ထားရှိမှု၊ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို တွက်ဆရေးဆွဲထားသည့် စီမံချက် (COVID-19 Contingency plan) အား ရေးဆွဲထားရှိမှုနှင့် နိုင်ငံတကာမှ လာရောက်ရန်ရှိသည့် ဆေးပစ္စည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြသည်။

သတင်းစဉ်

# COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

(၂၁-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့်ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၂၀-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ Coronavirus Disease 2019 (COVID-19) ရောဂါနှင့်ပတ်သက်၍ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကုသသည့် လူနာသစ်မရှိပါ။

၃။ သို့ဖြစ်ပါ၍ ယနေ့ (၂၁-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ စောင့်ကြည့်လူနာ (၁)ဦးအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်း၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။ အဆိုပါလူနာ၏ ဓာတ်ခွဲအဖြေရရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရမည်းသင်းမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၁**

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးသရုပ်ပြခြင်းကို ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက် ညနေ ၃ နာရီတွင် ရမည်းသင်းမြို့ မြို့မဈေးကြီးအတွင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးသရုပ်ပြရာတွင် မီးလောင်စေတတ်သော အကြောင်းတရားများ၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း အစရှိသည်တို့ကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် လေးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီး၊ မြို့မဈေးကြီးအတွင်းရှိ မီးသတ်ရေငုတ်ခုနစ်ခုတို့မှ ရေဖြင့် ပက်ဖျန်းသရုပ်ပြသည်။ မီးသတ်ဦးစီးဌာနမှ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းကို သရုပ်ပြပြီး မြို့မဈေးသူ၊ ဈေးသားများက လက်တွေ့ဆောင်ရွက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

လှိုင်သန်းတင့် (ရမည်းသင်း)

# ချင်းပြည်နယ်ဦးစီးဌာနရုံး အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ချင်းပြည်နယ် ဦးစီးဌာနရုံး အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့၌ ကျင်းပသည်။

ရှေးဦးစွာ သိက္ခာတော်ရ ဆရာတော် ဒေးနစ်ငွန်ထောင်းမန်က အဖွင့်ဆုတောင်းမှုပြုလုပ်ပေးပြီး အဆောက်အဦသစ်အား ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံးနှင့် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



### ဖွင့်လှစ်

ထို့နောက် ချင်းပြည်နယ်ဦးစီးဌာနရုံးဆိုင်းဘုတ်အား ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ဦးစီးဌာနရုံး အဆောက်အဦနှင့် အဆောက်အဦအတွင်း ခင်းကျင်းပြသထားသော တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ တိုင်းရင်းသားဒေသများသို့ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းများနှင့် ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်နှင့်အညီ ယခုအစိုးရသစ်လက်ထက်တွင် ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများ မပျောက်ပျက်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ရေးနှင့် တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်လျက် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရ စာသင်ကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားခွင့် ရရှိရေးနှင့် သင်ကြားမှုအထောက်အကူပြု ဒေသခံတိုင်းရင်းသား ဆရာ ဆရာမများခန့်ထားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အထိ တိုင်းရင်းသားဘာသာ ၆၄ မျိုး သင်ကြားခွင့်ရရှိခဲ့ပြီး ဒေသခံတိုင်းရင်းသား Teaching Assistant ၁၁၇၁၈ ဦးနှင့် Language Teacher ၂၀၁၉၉ ဦး အလုပ်ခန့်ထားပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ဝေးလံခေါင်းပါးသော ဒေသများရှိ တိုင်းရင်းသားများအား တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ ထပ်မံခန့်ထားခွင့်ရရှိရေး၊ တိုင်းရင်းသားဘာသာပြဌာန်းစာအုပ်များ တစ်ပြည်လုံးပုံနှိပ်ထုတ်ဝေပေးရေး၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ကောလိပ်များတက်ရောက်နိုင်ရေးအတွက် ဝင်ခွင့်ရမှတ်လျှော့ပေါ့ပေးရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ထောက်ခံအဆိုပြုသူ တိုင်းရင်းသားလူငယ်များအား သတ်မှတ်အရေအတွက် ခွဲတမ်းဖြင့် တက်ရောက်ခွင့်ရရှိရေးတို့ကို ဖေဖော်ဝါရီ ၁၁ ရက်၌ နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံစဉ် တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက တင်ပြထားပါကြောင်း။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားနေသော တိုက်ပွဲများ၊ ပဋိပက္ခများ၊ လူမျိုးရေးကို အခြေခံသော အယူအဆသဘောထားကွဲလွဲနေမှုများသည် ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရန် ကြီးမားသော ကွက်လပ်တစ်ခုဖြစ်ရာ ထိုအရာများကို စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပြုပြင်တည့်မတ်နိုင်ရန် အလျင်အမြန် လိုအပ်နေပါကြောင်း။

ယခုအချိန်သည် တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ သမိုင်းဝင်ကဏ္ဍများကို အသိအမှတ်ပြုလျက် ထိုက်တန်သော တန်ဖိုးများကို ဖန်တီးပုံဖော်ရန် အချိန်အခါကောင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန်နှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချ၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန် နိုင်ငံတော်အစိုးရက သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါကြောင်း၊ ထို့အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့်အညီ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ ပြည်ထောင်စုတိုင်းရင်းသားအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်၍ ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကြီး ပေါ်ထွန်းနိုင်ရန်အတွက် တိုင်းရင်းသားများအချင်းချင်း အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများဖြင့် ကြိုးပမ်းတည်ဆောက်ကြရန် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များ၊ ရုံးအဆောက်အဦ ဆောက်လုပ်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဇိုမီးကျောင်းသားများအဖွဲ့၊ ဖလမ်းကျောင်းသားများအဖွဲ့၊ လိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ချိုချင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဇိုစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများအား ချင်းတိုင်းရင်းသား ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံစဉ် ဇိုမီးတက္ကသိုလ်ကျောင်းသားများအသင်း (ဟားခါး)၊ လိုင်လူငယ်အသင်း၊ ဖလမ်းလူမှုရေးအသင်း(ဟားခါး)၊ မရာလူငယ်အသင်း (ဟားခါး)နှင့် ချို(ချင်း)အဖွဲ့တို့က တိုင်းရင်းသားယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဟားခါးမြို့ အိပ်မက်တော်ရသစ္စာအောင်မြေကုန်းတော် မာလဝိဇယ မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးအား သွားရောက်ဖူးမြော်ပြီး နိုင်ငံကျော်ဓမ္မကထိက ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယခုဖွင့်လှစ်သည့် အဆောက်အဦသစ်သည် ပေ (၆၀ x ၈၀) သံကူကွန်ကရစ်နှစ်ထပ်ဖြစ်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်၌ စတင်တည်ဆောက်ခဲ့ကာ ဝန်ကြီးဌာန၏အဌမမြောက်ရုံးအဆောက်အဦသစ်ဖြစ်၍ အဆိုပါ အဆောက်အဦများတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ အပါအဝင် တိုင်းရင်းသားများ၏ ဆုံစည်းရာနေရာ Ethnic Communication Center အဖြစ် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်၌ ချင်းပြည်နယ်တွင် Teaching Assistant နှင့် Language Teacher ဆရာ ဆရာမ ပေါင်း ၁၀၀၀ ခန့် ခန့်အပ်ခဲ့ပြီး တိုင်းရင်းသား ပုံပြ ပုံပြင်စာအုပ်များကို မျိုးနွယ်စု ၂၇ မျိုး၊ မြန်မာဘာသာဖြင့် ၁၈ မျိုးတို့ဖြင့် ၁၇၀၄၃၆ အုပ်ကို ပညာသင်နှစ် သုံးနှစ်အတွင်း သုံးသုတ်ခွဲ၍ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ပြည်အကျဉ်းထောင်၊ ပေါင်းတည်အချုပ်ထောင်နှင့် ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနလက်အောက်ရှိ ပြည်အကျဉ်းထောင်နှင့် ပေါင်းတည်အချုပ်ထောင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ခရီးစဉ်အတွင်း ပြည်ခရိုင်တရားရုံးအချုပ်ခန်း၊ ခုတင် ၅၀၀ ဆံ့ဆေးရုံကြီး အချုပ်ဆောင်၊ ပြည်မြို့နယ် မြို့မရဲစခန်းအချုပ်ခန်း၊ အမှတ် (၁) နှင့် အမှတ် (၃) နယ်မြေရဲစခန်းအချုပ်ခန်းများနှင့် ပေါင်းတည်မြို့နယ် တရားရုံးအချုပ်ခန်း၊ ခုတင် ၅၀ ဆံ့ဆေးရုံဆောင်၊ မြို့မရဲစခန်းနှင့် မှတ်တိုင်နယ်မြေရဲစခန်းအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် ဆေးရုံအချုပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တစ်ဦးချင်းတွေ့ဆုံလိုသော အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်း ရှိ မရှိ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများရရှိမှု ရှိ မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့ကြပြီး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

**သတင်းစဉ်**

■



# သတ္တမအကြိမ်မြောက် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သတ္တမအကြိမ် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက်ဝန်ကြီးနှင့် ကုလသမဂ္ဂရေးရာ တာဝန်ခံသံအမတ်ကြီး မစ္စတာ Osamu Yamanaka တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးပွဲ၌ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ဆွေးနွေးရာတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအပါအဝင် ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ UNDP နှင့် UNHCR အပါအဝင်



ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အတွက် နည်းပညာပူးပေါင်းဆောင်ရွက်မှုများနှင့် ကုလသမဂ္ဂမျက်နှာစာအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဂျပန်သံရုံးတို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက်ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိသင်္ဂဟဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုအဖွဲ့ကြီး အစည်းအဝေး(၁/၂၀၂၀) ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုအဖွဲ့ကြီး အစည်းအဝေး(၁/၂၀၂၀) ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်(မောင်ရင့်မာ-ကျောင်းကုန်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက စာပေဗိမာန်ဆုချီးမြှင့်ရေးအတွက် မူဝါဒ



ဖြေလျှော့မှုများ၊ ဆုအမျိုးအစား ပြင်ဆင်တိုးချဲ့ရေး၊ ဆုရွေးချယ်မည့်စနစ်နှင့် ဆုကြေးငွေ ပြင်ဆင်တိုးမြှင့်ခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်(မောင်ရင့်မာ-ကျောင်းကုန်း)က "မနှစ်က အစည်းအဝေးမှာ ပြိုင်ပွဲဝင်တဲ့ စည်းကမ်းချက်တွေကို ပြန်လည်သုံးသပ်ပြီး အဲဒီစည်းကမ်းချက်တွေအပေါ် အကြံပြုသုံးသပ်ချက်တွေ ဆွေးနွေးခဲ့ပါတယ်။ ဒီနှစ်မှာ ပိုမိုကောင်းမွန်တဲ့ စည်းကမ်းချက်တစ်ခု ပြင်ဆင်ဖို့ လုပ်ဆောင်ကြပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ကလည်း စာပေဗိမာန်စာမူဆုကို အဆင့်အတန်းပိုမိုမြင့်မားစေချင်တယ်။ စာမူတွေရဲ့ အရည်အသွေးကိုလည်း ပိုပြီးမြင့်မားစေချင်တယ်။ ဒီရည်ရွယ်ချက်နှစ်ရပ်နဲ့ တင်းကျပ်တဲ့ စည်းကမ်းချက်တချို့ကို ဖြေလျှော့ဖို့ ပြုလုပ်တဲ့ အစည်းအဝေးပါ။ ဝမ်းသာစရာ အကောင်းဆုံးအနေနဲ့ စာပေဗိမာန်စာမူဆုချီးမြှင့်ငွေပမာဏကို အခုနှစ်မှာ ၁၅ သိန်းပေးဖို့ တင်ပြထားပါတယ်။ စာပေဗိမာန်စာမူဆု ရွေးချယ်စိစစ်ရေးအဖွဲ့အနေနဲ့ အလားအလာရှိတဲ့ ကလောင်ရှင်တွေရဲ့ စာမူတွေကို စာပေစင်မြင့်ပေါ်ရောက်ဖို့ အားလုံးတက်တက်ကြွကြွ ဆွေးနွေးကြတဲ့အတွက် ဝမ်းမြောက်မိပါတယ်" ဟု ပြောသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီမှ စာမူဆုများလက်ခံရရှိမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး စာပေဗိမာန်စာမူဆုရ စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

စာပေဗိမာန်စာမူဆုတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ သုတပဒေသာ (ဝိဇ္ဇာ/သိပ္ပံ)၊ စာပဒေသာ၊ ယဉ်ကျေးမှု၊ ကလေး၊ လူငယ်၊ နိုင်ငံရေး၊ ပြဇာတ်၊ အင်္ဂလိပ်၊ ဘာသာပြန်စာမူများကို ရွေးချယ်ပြီး စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်များအဖြစ် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**သတင်း-မွန်းဦးနဒီ၊ ဓာတ်ပုံ-လှမိုး**

❖ **ရှေ့ဖုံးမှ**

အဆိုပါ ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် ကဏန်း၊ ငရှဉ့်၊ ပင်လယ်ငါးနှင့် ကင်းမွန်ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ရေလုပ်သားများသာမက အဝယ်ဒိုင်များ၊ ကုန်သည်များနှင့် ငါးခြောက်၊ ငါးဆားနယ်လုပ်ကိုင်နေသည့် ကုန်သည်များလည်း ထိခိုက်နစ်နာမှုများရှိနေကြောင်း သိရသည်။

"ဒီအဖြစ်အပျက်ကြီးက ရုတ်ချည်းဖြစ်ပြီးတော့ ဒီလောက်ထိဖြစ်မယ်လို့ မထင်တဲ့အခါကျတော့ ဝယ်ထားတဲ့ပစ္စည်းကိုပို့ရင်း ဟိုဘက်ရောက်မှ အဝယ်ရပ်သွားတော့ နစ်နာမှုတွေအများကြီးဖြစ်တယ်။ အဓိက ငါးရှဉ့်နဲ့ ကဏန်းကုန်သွယ်တဲ့ ကုန်သည်တွေ တော်တော်အထိနာကြတယ်။ ဒီမှာ ဝယ်ရောင်းလုပ်နေတဲ့ ဒိုင်တွေလည်း တစ်နည်းတစ်ဖုံ ထိခိုက်သွားတယ်" ဟု အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ဆက်လက်၍ ၎င်းက "အခုချိန်က ပင်လယ်ကင်းမွန်ငါးဖမ်းတဲ့ အချိန်ပေါ့။ ကင်းမွန်ဆိုရင် တရုတ်ပြည်ဈေးကွက်ကို အများဆုံးသွားတာ။ ကင်းမွန်ဈေးက ရှစ်ထောင်တစ်သောင်းလောက် ဖြစ်ခဲ့တဲ့ဈေးက ၄၀၀၀ လောက်ဖြစ်သွားတယ်။ မြိတ်မှာဆိုရင် ကင်းမွန်ဈေးကျသွားတဲ့အတွက် ဖမ်းတဲ့လှေတွေက မထွက်ဘူး။ လှေအကြာကြီးရပ်ထားရင် လှေလုပ်သားတွေရဲ့ စားဝတ်နေရေးက စိတ်ပူစရာပေါ့။ ထိုင်းဘက်တော့ ရောင်းတယ်။ ထိုင်းက အများကြီးမဝယ်နိုင်ဘူး။ တရုတ်က ဈေးကောင်းလည်း ပေးဝယ်တယ်။ တရုတ်ဘက်က အဝယ်မရှိတော့ ခေါက်ချိုးမက ကျသွားတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်ပစ္စည်းများ ကုန်သွယ်ရောင်းဝယ်မှုပြုသည့် နိုင်ငံ ၄၀ ကျော်တွင် ထိုင်းနှင့် တရုတ်နိုင်ငံတို့ကို အဓိကအများဆုံး ရေထွက်ကုန်ပစ္စည်း တင်ပို့နေရပြီး တရုတ်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေးကတစ်ဆင့် ကုန်သွယ်မှုပြုရာတွင် မူဆယ်သည် ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကကျကြောင်းလည်း သိရသည်။

ဦးဝင်းကြိုင်က "ရေထွက်ကုန်ပစ္စည်းကုန်သွယ်မှုပြုတဲ့ နိုင်ငံတွေထဲမှာ ပထမထိုင်းနိုင်ငံပေါ့။ ထိုင်းကတော့ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ အဓိကပို့တယ်။ မြဝတီလမ်းကြောင်းကလည်း ပို့တာရှိတယ်။ အဓိက ကော့သောင်းရှိတယ်။ မြိတ်ရှိတယ်။ ဒုတိယက တရုတ်နိုင်ငံဖြစ်တယ်။ တရုတ်နိုင်ငံကို ကုန်သွယ်မှုအနေနဲ့လမ်းကြောင်းသုံးခုနဲ့ ကုန်သွယ်တယ်။ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်း၊ ရေကြောင်းကနေ အအေးခန်းကွန်တိန်နာတွေနဲ့ ကုန်သွယ်မှုပြုတယ်။ နောက်ပြီး လေကြောင်းခရီးနဲ့ ကုန်သွယ်မှုပြုတယ်" ဟု ပြောသည်။

"နယ်စပ်ကုန်သွယ်ရေးအကြောင်း ခွဲပြောမယ်ဆိုရင် အဓိက ငါးရှဉ့်၊ ကဏန်း၊ ရေခဲရိုက်ငါး၊ ငါးခြောက်တွေ ပို့တယ်။ ကဏန်းနဲ့ ငရှဉ့်က တရုတ်နိုင်ငံကို မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းကနေ အများဆုံးပို့ရတယ်"ဟု ဦးဝင်းကြိုင်က ဆက်လက်ပြောသည်။

တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းတင်ပို့ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၁-၁၀-၂၀၁၈)မှ (၃၀-၉-၂၀၁၉)ရက်နေ့အထိ ငါးတင်ပို့မှု မက်ထရစ်တန် ၂၄၀၃၉ ကျော်၊ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၆၄၁ သန်း၊ ပုစွန်တင်ပို့မှု မက်ထရစ်တန် ၄၂၁၁ ကျော်၊ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၃၃ သန်း၊ ကဏန်းနှင့် ငရှဉ့်တင်ပို့မှု မက်ထရစ်တန် ၁၈၆၉၉ ကျော်၊ အမေရိကန်ဒေါ်လာ၆၀ ဒသမ ၅၄၉ သန်းနှင့် တခြားရေထွက်ပစ္စည်းတင်ပို့မှု မက်ထရစ်တန် ၁၀၉၀၀၉ ကျော်၊ အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၂၄၄ သန်း တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**မင်းသစ်(MNA)**



# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သတင်းစာရှင်းလင်းခန်းမ၌ တွေ့ဆုံပြီး နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်၊ နိုင်ငံတွင် လတ်တလော ဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မကြာမီကာလတွင် နိုင်ငံတော် သမ္မတ၏ အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတသည် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်မှ စတင်ထွက်ခွာ၍ နယူးဒေလီသို့ ရောက်ရှိမည်ဖြစ်ပြီး သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ ၂၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်မည်ဖြစ်ပါကြောင်း၊ ၂၇ ရက် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံမည်ဖြစ်ပြီး ညပိုင်းတွင် အိန္ဒိယသမ္မတ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်မည်ဖြစ်ပါကြောင်း၊ ၂၈ ရက်တွင် ဂါယာနှင့် ၂၉ ရက်တွင် တာ့ချ်မဟာတို့သို့ သွားရောက်မည်ဖြစ်ပါကြောင်း။

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး နားလည်မှု စာချွန်လွှာ (MoU) ၆ ခု လက်မှတ်ရေးထိုးရန် ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးဖြစ်ရန် အလားအလာများပါကြောင်း၊ နောက်ထပ်ညှိနှိုင်းနေသည့် MoU များလည်း ရှိပါကြောင်း၊ အချိန်မီပါက နောက်ထပ် MoU များပါ ယခုခရီးစဉ်အတွင်း လက်မှတ်ထိုးရန် ရှိပါကြောင်း၊ နှစ်ဖက်ညှိနှိုင်းထားသည့် MoU များမှာ မြန်မာနိုင်ငံက ဟူးကောင်းတောင်ကြား ကျားထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်၊ Quick Impact Project များအတွက် အိန္ဒိယနိုင်ငံက Grant ပေးရန်၊ ရခိုင်ပြည်နယ်ရှိ မြောက်ဦးမြို့နယ်၊ ဂွမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများ ပေးအပ်ရန်၊ ရခိုင်ပြည်နယ်ရှိ မြို့ငါးမြို့ကို ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးရန်၊ ဘူးသီးတောင်မြို့ထဲတွင် လမ်းဖောက်လုပ်ရေးကိစ္စနှင့် ဆေးဝါးသုတေသနကိစ္စရပ်များတွင် အိန္ဒိယ–မြန်မာ ပူးပေါင်းဆောင်ရွက်ရေး စသည့် ကိစ္စရပ်များဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နောက်ဆုံးအခြေအနေမှာ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၆၊ ၁၇၊ ၁၈ ရက်အတွင်း ရန်ကုန် NRPC ၌ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့နှင့် အစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို သီးသန့်ဆွေးနွေးကြပါကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်၊ ၁၈ ရက်တွင် နိုင်ငံရေးပိုင်းဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ တပ်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး NCA အခန်း (၃)၊ အခန်း(၄)၊ အခန်း (၆) တို့နှင့်ပတ်သက်၍ ဆွေးနွေးရန် JICM ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူညီချက်၊ သဘောတူစာချုပ် အစိတ်အပိုင်း(၃) ကို ညှိနှိုင်းခြင်းဖြစ်ပါကြောင်း။

ဖေဖော်ဝါရီ ၁၆ ရက် တပ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲရလဒ်မှာ NCA အခန်း(၃)နှင့် အခန်း (၄) တွင် ဆွေးနွေးမည့်အချက်များကို ခွဲခြားခဲ့ပါကြောင်း၊ JMC အစည်းအဝေးကို လာမည့် မတ် ၁၀၊ ၁၁၊ ၁၂ ရက် တစ်ရက်ရက်တွင် ကျင်းပရန် ညှိနှိုင်းခဲ့ပြီး ညှိနှိုင်းသည့်အပေါ် လာသည့် ကိုယ်စားလှယ်အဖွဲ့က ချက်ချင်းရက် အတိအကျမပေးနိုင်သည့်အတွက် လာမည့် မတ် ၂၊ ၃ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ ကျင်းပမည့် PPST အစည်းအဝေးတွင် တင်ပြပြီး အစိုးရဘက်ကို တရားဝင်ပြန်ကြားမည်ဖြစ်ပါကြောင်း။

ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက်ဆွေးနွေးပွဲရလဒ်များမှာ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်နှင့်ပတ်သက်ပြီး သဘောတူညီချက် ၈ ချက် ရရှိပါကြောင်း၊ ကျန်သည့်အချက်များကိုလည်း လာမည့် အစည်းအဝေးတွင် ဆက်လက်ညှိနှိုင်းသွားရန် ရှိပါကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲအလွန် ဆက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အဆင့်လိုက်လုပ်ငန်းစဉ်များ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုများနှင့်ပတ်သက်သည့် မူဘောင်တစ်ခုကိုရရှိပြီး နှစ်ဖက်သဘောတူ လက်ခံခဲ့ပါကြောင်း၊ ယင်းမူဘောင်ထဲတွင် အသေးစိတ်အချက်အလက်များကို ဆက်လက်ပြီး ဆွေးနွေးသွားရန် ရှိပါကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးကို မတ် ၅၊ ၆၊ ၇ ရက်တွင် ကျင်းပရန်၊ UPDJC အတွင်းရေးမှူး အစည်းအဝေးကို မတ် ၁၀ ရက်တွင် ကျင်းပရန်၊ UPDJC အစည်းအဝေးကို မတ် ၁၂ ရက်တွင် ကျင်းပသွားရန် သဘောတူညီနိုင်ခဲ့ပါကြောင်း။

ယခု ကြားကာလတွင် ထူးခြားဖြစ်စဉ်အနေဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့်အဖွဲ့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်သို့ သွားရောက်ရာတွင် စီးနင်းသည့် ရဟတ်ယာဉ်ကို အပစ်ခံရသည့်ကိစ္စဖြစ်ပါကြောင်း၊ ယခုကိစ္စသည် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဘူးသီးတောင်မြို့နယ် ခမွေချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို AA က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပါကြောင်း၊ လက်နက်ကြီးကျည်သည် စာသင်ကျောင်းပေါ်သို့ ကျရောက်သည့်အတွက် စာသင်ကြားနေသည့် ကလေး ၁၇ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ ထိုဖြစ်စဉ်ကို သိသိချင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးနှင့် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးတို့ ချက်ချင်းသွားရောက်၍ ကူညီထောက်ပံ့မှုများ၊ လိုအပ်သည့်အကူအညီများနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ ပေးပါကြောင်း။

ထပ်မံကူညီ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဒေါက်တာဝင်းမြတ်အေးအား စေလွှတ်လိုက်ခြင်းဖြစ်ပါကြောင်း၊ ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဘူးသီးတောင်သို့ သွားရောက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ သွားရောက်ရာတွင် ရာသီဥတုဆိုးသည့်အတွက် ရဟတ်ယာဉ်ကိုနိမ့်၍ ပျံသန်းခဲ့ရပါကြောင်း၊ နိမ့်၍ပျံသန်းခဲ့သည့်အတွက် စက်သေနတ်ဖြင့် ပစ်သည့်အချိန်တွင် ထိမှန်ခြင်းဖြစ်ပါကြောင်း၊ ရဟတ်ယာဉ်အောက်မှ ပစ်ခတ်သည့်အတွက် ဝမ်းဗိုက်ကြမ်းပြင်မှ ဖောက်ပြီး ရဟတ်ယာဉ်မောင်းနေသည့် Pilot နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကြားကကာထားသည့် နံရံကို သွားရောက်ထိမှန်ခဲ့ပါကြောင်း၊ ထိမှန်သော်လည်း ရဟတ်ယာဉ်မှာ ဆက်လက်မောင်းနှင်နိုင်ပြီး ဘူးသီးတောင်သို့ ဆင်းသက်နိုင်ခဲ့ပါကြောင်း၊ ဆင်းသက်ပြီး ရဟတ်ယာဉ်အား စစ်ဆေးရာတွင် ရဟတ်ယာဉ်အောက်ခံသတ္တုပြားတစ်လက်မခန့် ပေါက်ပြဲသွားပြီး လျှပ်စစ်ဝိုင်ယာများ ထိသွားပါကြောင်း၊ ထိမှန်ခဲ့သည့်အတွက် ၃ နာရီခန့် အချိန်ယူခဲ့ရပြီး ပြန်လာခဲ့ပါကြောင်း၊ တစ်ဦးတစ်ယောက်မှ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့၏ ခရီးစဉ်ရည်ရွယ်ချက်သည် ဘူးသီးတောင်မြို့တွင် ရောက်နေသည့် ကလေးငယ်များကို သွားကြည့်ရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ ပေးရန်ဖြစ်ပြီး ယင်းရည်ရွယ်ချက်ကို မဖြစ်မနေ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ သွားရောက်သည့် ခရီးစဉ်သည် မူလရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သို့သော်လည်း ကလေးငယ်များစာသင်ကြားနေသည့် အခြေခံပညာမူလတန်းလွန်ကျောင်းအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုး၊ ကလေးငယ်များကို ကူညီကယ်ဆယ်ရန် သွားရောက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးရန် ရည်ရွယ်ချက်ဖြင့် သွားရောက်သည့် ရဟတ်ယာဉ်ကို ပစ်ချသည့် ဖြစ်စဉ်သည် လူသားမဆန်သည့်၊ လုပ်အပ်သည့် ကိစ္စမဟုတ်သည့်အတွက် အထူးသတိပြုရှောင်ကြဉ်ရန် အစိုးရအနေဖြင့် ပြောကြားလိုပါကြောင်း။

ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်၍ ဒီဇင်ဘာ ၂၂ ရက်တွင် ဗစ်တိုးရီးယား၏ ဖခင်ဖြစ်သူက နိုင်ငံတော်သမ္မတထံ လိပ်မူပြီး ကူညီဆောင်ရွက်ပေးရန် စာဖြင့် တင်ပြထားပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ကို အမှုမှန် ပေါ်ပေါက်ရန်၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်၊ ဥပဒေနှင့်အညီဖြစ်ရန်၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ပကတိတွေ့ရှိချက် အမှန်တရားအတိုင်း ပြန်လည်တင်ပြရန် စသည့် ညွှန်ကြားချက် ၄ ချက် ညွှန်ကြားထားပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့က တွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြကြပါကြောင်း၊ နိုင်ငံတော်သမ္မတက ယင်းတင်ပြချက်များနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ မဆောင်ရွက်နိုင်သော၊ တာဝန်ကျေပွန်စွာ မဆောင်ရွက်နိုင်သော၊ လစ်ဟာမှုများဖြစ်ပေါ်ခဲ့သော၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသော တာဝန်ရှိသူများကို သက်ဆိုင်ရာအဖွဲ့အစည်းက လိုအပ်သလို အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်း၊ ညွှန်ကြားထားသည့်အတိုင်း သက်ဆိုင်ရာအဖွဲ့အစည်းများက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများက အစိုးရအနေဖြင့် လာမည့် ၂၀၂၀ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်နေမှုအခြေအနေ၊ အစိုးရအနေဖြင့် AA အပေါ် နိုင်ငံတော်ပုန်ကန်မှု၊ အကြမ်းဖက်မှုတို့ဖြင့် အရေးယူသွားရန် အစီအစဉ် ရှိ၊ မရှိ၊ စစ်ရေးဆိုင်ရာသတင်းများနှင့်ပတ်သက်ပြီး အစိုးရက တရားဝင်ထုတ်ပြန်ပေးရေး၊ ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးခိုင်မာအောင် အစိုးရအနေဖြင့် ဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်အတွင်း အင်တာနက်ဖြတ်တောက်ထားမှုအခြေအနေ၊ အစိုးရအနေဖြင့် အရပ်ဘက်သုံး ရဟတ်ယာဉ်များ အသုံးပြုသွားရန် ရှိ၊ မရှိ၊ ဗစ်တိုးရီးယားအမှုတရားမျှတမှုရရှိရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အငြင်းပွားနေသည့် မြင်းခြံသံမဏိစက်ရုံအတွက် တရုတ်နိုင်ငံ China Exim Bank မှ ငွေချေးယူထားသည့်ကိစ္စ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ICJ တွင် ပြောကြားခဲ့သည့် လျှောက်လဲချက်များကို ဘာသာပြန်ပေးရေး၊ ပလက်ဝဘက်တွင် တိုက်ပွဲများဖြစ်ပွားခဲ့မှုနှင့် ရိက္ခာပြတ်လပ်မှု ကြုံတွေ့နေရမှုအား ဖြေရှင်းဆောင်ရွက်ပေးနေမှု၊ ဝူဟန်တွင်ကျန်နေသည့် မြန်မာနိုင်ငံသားအချို့အား ပြန်လည်ခေါ်ယူရေးဆောင်ရွက်နေမှု၊ ကားပါမစ်များရပ်ဆိုင်းထားမှု စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**





# လစ်ဗျား၊ ဆီးရီးယားအရေး အာဒိုဂန်၊ မက်ခရွန်နှင့် မာကယ်လ်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး


တူရကီသမ္မတ အာဒိုဂန်၊ ပြင်သစ်သမ္မတ မက်ခရွန်၊ ဂျာမန်ဝန်ကြီးချုပ် အင်ဂျလာမာကယ်လ်။

**အန်ကာရာ ဖေဖော်ဝါရီ ၂၁**
တူရကီသမ္မတ အာဒိုဂန်သည် ပြင်သစ်သမ္မတနှင့် ဂျာမန်ဝန်ကြီးချုပ်တို့နှင့်အတူ တယ်လီဖုန်းဖြင့် ယနေ့ ဆက်သွယ်ဆွေးနွေးခဲ့စဉ်အတွင်း ဆီးရီးယားနိုင်ငံရှိ သူပုန်များ၏ နောက်ဆုံးခြေကုပ်စခန်းဖြစ်သည့် အီဒလစ်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခ ကာကွယ်တားဆီးရေးအတွက် ခိုင်မာသော အရေးယူဆောင်ရွက်မှုတစ်ရပ်ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

ရုရှားက လေကြောင်းတိုက်ခိုက်မှုများဖြင့် အကူအညီပေးလျက်ရှိသော ဆီးရီးယားအစိုးရတပ်၏ ရန်လိုမှုများကြောင့် အီဒလစ်ပြည်နယ် အနောက်မြောက်ဘက်တွင် လူသားချင်းစာနာမှုဆိုင်ရာ ပဋိပက္ခတစ်ရပ်ဖြစ်ပွားခဲ့ပြီး အရပ်သားတစ်သန်းနီးပါး နေအိမ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း အာဒိုဂန်က ပြောကြားသည်။

အာဒိုဂန်သည် ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဂျာမန်ဝန်ကြီးချုပ် အင်ဂျလာမာကယ်လ်တို့နှင့် ဆက်သွယ်ဆွေးနွေးစဉ် အီဒလစ်ပြည်နယ်အတွင်း ပဋိပက္ခ ရပ်တန့်ရန် အရေးကြီးပုံကို အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

အလားတူ ဂျာမန်ဝန်ကြီးချုပ် မာကယ်လ်နှင့် ပြင်သစ်သမ္မတမက်ခရွန်တို့သည်လည်း ယမန်နေ့က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြပြီး ဆီးရီးယားပဋိပက္ခ အဆုံးသတ်ရေးနှင့် အာဒိုဂန် အပါအဝင် လေးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် အချင်းချင်းတိုက်တွန်းခဲ့ကြသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီ**

# အမေရိကန်စုံစမ်းစစ်ဆေးရေးအဖွဲ့ အကြီးအကဲနေရာတွင် ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား ခန့်အပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ရစ်ချက်ဂရင်နဲလ်အား အမေရိကန်စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေတ္တ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ရန် ရွေးချယ်ခဲ့သည်။

ဂရင်နဲလ်အနေဖြင့် ဘက်လိုက်မှုမရှိဘဲ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်နိုင်သူတစ်ဦးဖြစ်သည့်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း အိမ်ဖြူတော် ပြန်ကြားရေးဝန်ကြီး စတီဖာနီ ဂရစ်ရှမ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။



ရစ်ချက်ဂရင်နဲလ်အနေဖြင့် တာဝန်အသစ်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း သမ္မတထရမ့်က ဆိုသည်။

ဂရင်နဲလ်သည် ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။ ၎င်းအနေဖြင့် တာဝန်များကို ကျေပွန်စွာထမ်းရွက်ပြီး လက်ရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးရာထူးကို ထိန်းသိမ်းသွားနိုင်ဖွယ်ရှိသည်ဟု သည်ဟေးသတင်းစာတွင် ဖော်ပြထားသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်၏စီးပွားရေးဖွံ့ဖြိုးမှုများမှာ မိမိ၏ စီးပွားရေးမူဝါဒကြောင့်ဟု သမ္မတထရမ့် ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်ရှိအမေရိကန်၏ စီးပွားရေးမှာ ၎င်းချမှတ်ထားသော စီးပွားရေးမူဝါဒများကြောင့် တောင့်တင်းခိုင်မာနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သည့် သမ္မတ၏ ၂၀၂၀ စီးပွားရေးမှတ်တမ်းတွင် ထရမ့်၏ ယခုကဲ့သို့ခိုင်မာစွာပြောကြားချက်ကို တွေ့ရှိရသည်။

ထရမ့်က မိမိအနေဖြင့် တာဝန်စတင်ထမ်းဆောင်သည့်အချိန်တွင် အမေရိကန်၏ အလုပ်အကိုင်ကဏ္ဍကို မြှင့်တင်ခဲ့ပြီး ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အလုပ်အကိုင်ပေါင်း တစ်သန်းခန့်ဖန်တီးပေးခဲ့ကြောင်း၊ ဆယ်စုနှစ် ငါးခုမျှကာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း ပြောကြားသည်။

အခွန်ငွေလျှော့ချပေးနိုင်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များရရှိခဲ့ခြင်းသည် ၎င်း၏ မူဝါဒဆိုင်ရာအောင်မြင်မှုများဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။ သူ့အနေဖြင့် သမ္မတဟောင်း အိုဘားမားလက်ထက်က မဆောင်ရွက်နိုင်ခဲ့သည်များကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ထရမ့်က ပြောကြားသည်။ အမေရိကန်၏ စီးပွားရေးအပေါ် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု၏ အကျိုးသက်ရောက်မှုများရှိကြောင်း အိမ်ဖြူတော်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကိုးကား -အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**



# ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ကလေးငယ်သုံးဦး အသစ်ထပ်မံတွေ့ရှိ

**တိုကျို ဖေဖော်ဝါရီ ၂၁**
ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးပြည်နယ် မြောက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ကလေးငယ်သုံးဦး ယနေ့ အသစ်ထပ်မံတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ ကလေးငယ်သုံးဦးအနက် နှစ်ဦးသည် မူလတန်းကျောင်းသားများဖြစ်သည်။ တိုကျိုမြို့မြောက်ပိုင်းရှိ ဆိုင်တာမာပြည်နယ်မှ ကလေးငယ်တစ်ဦးသည် ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ လွန်ခဲ့သောလက ၎င်းသည် တရုတ်နိုင်ငံ ဝူဟန်မြို့မှ ပြန်လည်ရောက်ရှိလာသူ ဖြစ်သည်။ သူ၏ ဖခင်သည်လည်း တရုတ်နိုင်ငံတွင် နေထိုင်ခဲ့သူတစ်ဦးဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှတ်တမ်းများအရ တိုကျိုမြို့အပါအဝင် ချီဘာနှင့် အိုင်ချီကာဝါပြည်နယ်များတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးဦး အသစ်ထပ်မံတွေ့ရှိရသည်။

အသစ်ထပ်မံတွေ့ရှိသော ကူးစက်ခံရမှုပမာဏကြောင့် ဂျပန်နိုင်ငံတစ်ဝန်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၇၂၇ ဦးအထိ မြင့်တက်သွားခဲ့သည်။ ယင်းတို့အနက် အပျော်စီးသင်္ဘောပေါ်မှ ၆၃၄ ဦးပါဝင်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

■



# ဩစတြေးလျ၌ ရထားလမ်းချော်မှုဖြစ်ပွား၊ လူနှစ်ဦးသေဆုံး

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၂၁**
ဩစတြေးလျနိုင်ငံတွင် ခရီးသည်တင်ရထားတစ်စင်း ကြာသပတေးနေ့က လမ်းချော်မှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆရာဝန်များက ပြောကြားသည်။ မဲလ်ဘုန်းမြို့မှ ဆစ်ဒနီမြို့သို့ ပြေးဆွဲလျက်ရှိသည့် ရထားသည် ဝေါလန်မြို့အနီး၌ လမ်းချော်ခဲ့ခြင်းဖြစ်သည်ဟု အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

အခင်းဖြစ်ရာနေရာတွင် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုသည်။ လူအများအပြား၏ ဒဏ်ရာအခြေအနေများကို စစ်ဆေးနေဆဲဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းတို့၏ ဒဏ်ရာသည် မပြင်းထန်ဟု ယုံကြည်ရကြောင်း၊ မီးရထားလမ်းချော်မှုသည် ဒေသစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဗစ်တိုးရီးယားလူနာတင်ယာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ လူနာအသစ် ၁၃ ဦးအနက်မှ နှစ်ဦးထပ်မံသေဆုံးဟု အီရန်ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၂၁**
အီရန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူနာအသစ် ၁၃ ဦးအနက်မှ နှစ်ဦးထပ်မံသေဆုံးရာ သေဆုံးသူအရေအတွက် စုစုပေါင်း လေးဦးအထိရှိလာခဲ့ပြီး ကူးစက်ခံရသူပေါင်း ၁၈ ဦးရှိကြောင်း အီရန်နိုင်ငံက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုသည် အီရန်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က ပထမဆုံးပေါ်ပေါက်ခဲ့ပြီး တာဝန်ရှိသူများက ရှီယိုက်တို့ အထွတ်အမြတ်ထားရာ ကွမ်မြို့တွင် အသက်အရွယ်ကြီးရင့်သူနှစ်ဦး ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သည်ဟု ပြောကြားခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် ယင်းရောဂါကြောင့် သေဆုံးသည်ဟု ပထမဆုံး အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကူးစက်ခံရသူလူနာသစ် ၁၃ ဦးကို အတည်ပြုထားကြောင်း၊ ၎င်းတို့အနက်မှ နှစ်ဦးသည် ထပ်မံသေဆုံးသွားခဲ့ပြီဖြစ်ကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ကီယာနူရှ် ဂျာဟန်ပေါက ပြောကြားသည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့် လူနာအသစ်များမှာ ကွမ်မြို့မှ ခုနစ်ဦး၊ တီဟီရန်မြို့မှ လေးဦးနှင့် ကက်စ်ပီယံပင်လယ်ကမ်းခြေရှိ ဂီလန်မြို့မှ နှစ်ဦးတို့ဖြစ်ကြောင်း၊ လူနာသစ်များမှာ ကွမ်မြို့တွင် နေထိုင်သူများ သို့မဟုတ် ကွမ်မြို့မှ အခြားပြည်နယ်သို့ မကြာသေးမီရက်များ သို့မဟုတ် သီတင်းပတ်က လာရောက်သူများဖြစ်ကြောင်း ဂျာဟန်ပေါက ပြောသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးသွားရောက်သည့် ရဟတ်ယာဉ်အား AA လက်နက်ကိုင်အဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့လိုက်ပါလာသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး သွားရောက်ခဲ့သည့် ရဟတ်ယာဉ်သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် AA လက်နက်ကိုင်အဖွဲ့က မြေပြင်မှစက်သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသော်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးလုပ်ငန်းများအား မူလအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒဏ်ရာအပြင်းအထန်ရရှိထားသဖြင့် စစ်တွေဆေးရုံတွင် ကုသမှုခံယူနေသူ ကျောင်းသူ မခင်မေဦးအား ရန်ကုန်မြို့သို့ စနစ်တကျဆေးကုသမှုခံယူနိုင်ရန် လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ မခင်မေဦးသည် ရန်ကုန်တွင် ဆေးကုသမှုခံယူနေကြောင်း သိရသည်။


ဖေဖော်ဝါရီ ၁၃ ရက်တွင် ဘူးသီးတောင်မြို့နယ် ခမွေချောင်းကျေးရွာ မူလတန်းလွန်ကျောင်းသို့ AA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် စာသင်ကျောင်းပေါ် လက်နက်ကြီးကျည်ကျရောက်ခဲ့ပြီး စာသင်ကြားနေသော မူလတန်းလွန်ကျောင်းသား ကျောင်းသူ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်ဖြစ်ပွားလျှင်ဖြစ်ချင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့သည် ခမွေချောင်းကျေးရွာသို့ အမြန်ဆုံးသွားရောက်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများထောက်ပံ့ခြင်း၊ ဒဏ်ရာရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့်အဖွဲ့သည် AA လက်နက်ကိုင်အဖွဲ့က ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည် ကျရောက်ခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား ကျောင်းသူ ကလေးသူငယ်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးအပ်ရန် ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့ရာတွင် ရာသီဥတုဆိုးရွားနေသဖြင့် အနိမ့်ပျံ၍ပျံသန်းလာစဉ် မြေပြင်မှ AA လက်နက်ကိုင်အဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရဟတ်ယာဉ်၏ရှေ့ဦးပိုင်း လေယာဉ်မောင်းထိုင်ခုံနောက်ဘက် ရဟတ်ယာဉ် ဝမ်းဗိုက်ကြမ်းပြင်မှ ဖောက်ဝင်ပြီး လေယာဉ်မောင်းအခန်းနှင့် ခရီးသည်အခန်းတို့ကို ကန့်ထားသော နံရံကို ကျည်ထိမှန်ခဲ့သည်။ ထိုသို့ကျည်ဖောက်ဝင်မှုကြောင့် ရဟတ်ယာဉ်ဝမ်းဗိုက်သတ္တုပြားသည် တစ်လက်မကျော်ခန့် ပေါက်ပြဲသွားပြီး ဝါယာရိန်းအချို့ပျက်စီးသွားခဲ့သော်လည်း ဆက်လက်ပျံသန်းခဲ့ရာ ဘူးသီးတောင်မြို့သို့ ဆင်းသက်နိုင်ခဲ့သည်။ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူအားလုံး ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရရှိခဲ့သော်လည်း ရဟတ်ယာဉ်ကို ၃ နာရီခန့်အချိန်ယူ၍ ပြန်လည်ပြုပြင်ခဲ့ရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဒဏ်ရာရရှိ၍ အတွင်းလူနာအဖြစ် ကုသမှုခံယူနေရသည့် မူလတန်းလွန်ကျောင်းသူတစ်ဦးနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ထောက်ပံ့ကူညီမှုများ ပေးအပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုများဆောင်ရွက်ခြင်း၊ ဆေးရုံခန်းမဆောင်၌ ဒဏ်ရာရမူလတန်းလွန် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ၁၅ ဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံပြီး ထောက်ပံ့ကူညီမှုများ ပေးအပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုများ ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

AA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မူလတန်းလွန်ကျောင်းသား ကျောင်းသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရန် သွားရောက်ခဲ့သည့် ရဟတ်ယာဉ်ကို AA လက်နက်ကိုင်အဖွဲ့ကပင် မြေပြင်မှစက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ AA လက်နက်ကိုင်အဖွဲ့သည် အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ နေရာများ၊ အထူးသဖြင့် စာသင်ကျောင်းနှင့် ကျောင်းသား ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ မပြုလုပ်သင့်သလို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရန် သွားလာနေသည့် ရဟတ်ယာဉ်အပါအဝင် အခြားသောယာဉ်များအား ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းများအား ရှောင်ကြဉ်ရန်လိုအပ်သည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်တွေမှ ဘူးသီးတောင်သို့ သွားရောက်ရာတွင် ရဟတ်ယာဉ်အား AA လက်နက်ကိုင်အဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်သည့်နေရာပြမြေပုံကြမ်း**






# ဘေဂျင်းမြေ၊ ဘေဂျင်းအိမ်

## လင်းဆက်ငြိမ်းချမ်း

ဘေဂျင်းမြေဈေးက ခေါင်ခိုက်နေအောင် ကြီးသည်။ မြေဈေးကကြီးလွန်းသဖြင့် လယ်သမားများ ချမ်းသာသွားသည်တဲ့။ နားမလည်သဖြင့် ဘာကြောင့်လဲ ထပ်မေးကြည့်တော့ ဒီလို။ တိန့်ရှောင်ဖိန်လက်ထက် စီးပွားရေးဈေးကွက်ကို ဖွင့်လှစ်လိုက်ပြီးနောက်ပိုင်း ဘေဂျင်း၏ ဖွံ့ဖြိုးမှုမှာ တရိပ်ရိပ်တက်လာခြင်းနှင့်အတူ နေ့စဉ်ဘေဂျင်းသို့ အိပ်မက်များစွာဖြင့် ရွှေ့ပြောင်းလာသူများလာသလို မြို့ပြချဲ့ထွင်ရမှုသည်လည်း တောက်လျှောက်ဖြစ်သည်။ ထို့ကြောင့် တစ်ချိန်က ဘေဂျင်းမြို့ပြင်ဟုခေါ်တွင်သော သီးနှံစိုက်ပျိုးရာ လယ်ယာမြေနေရာများသည် လူနေထိုင်ရာနေရာအဖြစ် အသွင်ပြောင်းလဲခြင်းဖြစ်လာသည်။

**လယ်သမားဘဝမှသည် သူဌေးဘဝဆီသို့ နေ့ချင်းရောက်**

ယင်းသို့သောအခြေအနေတွင် လယ်သမားတို့သည် သူတို့ပိုင်ဆိုင်သည့် လယ်မြေများကို လုပ်ငန်းရှင်များထံ ပျော်ပျော်ပါးပါးကြီး ထိုးအပ်လိုက်ကြသည်။ ထီဆုကြီးပေါက်လိုက်သလို သူတို့တစ်ခါမှမမျှော်လင့်ခဲ့ဖူးသော ငွေကြေးများစွာဖြင့် လယ်သမားဘဝမှသည် သူဌေးဘဝဆီသို့ နေ့ချင်းရောက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်ဝန်းကျင်ကာလက ဘေဂျင်းမြို့အခြေစိုက် စာနယ်ဇင်းတစ်ခုတွင် သတင်းဆောင်းပါးတစ်ပုဒ် ပါလာသည်။ ထိုဆောင်းပါးမှာ အသက် ၁၀ နှစ်ကျော်ပြီဖြစ်သော ကျောင်းမနေသည့် ကလေးငယ်(ကျား)တစ်ဦး၏အကြောင်း။

တရုတ်နိုင်ငံ၏ မိသားတစ်စု၊ ကလေးတစ်ယောက်။ ထိုကလေးငယ်မှာ တစ်ဦးတည်းသောသား။ တစ်ဦးတည်းသောသားမို့ မိဘများက အလိုလိုက်သည်။ ထိုကလေးငယ်၏မိဘသည် ယခင်ကလယ်သမားများဖြစ်ပြီး မြေရောင်းလိုက်ပြီးနောက် ချမ်းသာလာသူများဖြစ်သည်။ သားက ကျောင်းမနေချင်။ သား၏ဆန္ဒကို မိဘက လိုက်လျောသဖြင့် အိုကေ။

မီဒီယာက ဘာကြောင့်ကျောင်းမနေတော့တာလဲဟု အဆိုပါကလေးငယ်အား မေးသည်။ ကလေးငယ်က သူနားလည်သလို ပြန်ဖြေသည်။ စာသင်တယ်ဆိုတာ အလုပ်လုပ်ဖို့၊ အလုပ်လုပ်တယ်ဆိုတာ ပိုက်ဆံရဖို့၊ သားကပိုက်ဆံချမ်းသာပြီးသားဆိုတော့ စာသင်စရာမလိုတော့ဟုဆိုကြောင်း သိရသည်။ ယင်းမှာ ဘေဂျင်းမြို့မြေဈေးနှင့် နေ့ချင်း ညချင်း ကြီးပွားသွားကြသော လယ်သမားတို့၏ တစ်စိတ်တစ်ဒေသဘဝဖြစ်ကြောင်း ၂၀၁၄ ခုနှစ်တုန်းက ကျွန်တော့်မိတ်ဆွေ ဘေဂျင်းသူတစ်ဦးက ပြောပြခဲ့ခြင်းဖြစ်သည်။

**ယွမ် သိန်း ၄၀ လောက် အောက်ထစ်ရှိ**

မြေဈေးကကြီးလွန်းလှသဖြင့် အိမ်ဈေးကလည်း ကြီးသည်။ ဘယ်လောက်ထိကြီးသလဲဆိုလျှင် ဘေဂျင်းမြို့လယ်ကောင်လိုနေရာမျိုး၊ ဘေဂျင်းတက္ကသိုလ်များဝန်းကျင်နေရာမျိုးတွင် တိုက်ခန်းအကျယ်အဝန်းအလိုက် ယွမ်သိန်း ၄၀ လောက် အောက်ထစ်ရှိသည်ဟု သိရသည်။

ဆင်ခြေဖုံးဒေသများတွင်မူ မြို့ထဲနှင့် ဝေးလျှင်ဝေးသလို တစ်စတုရန်းမီတာလျှင် ယွမ်သုံးသောင်းဝန်းကျင်။ အိမ်ဈေးမှာ တစ်နှစ်ပြီးတစ်နှစ် တက်လိုက်မည်ဆိုတာချည်း။ ကျွန်တော်အလုပ်လုပ်ခဲ့သည့် ဘေဂျင်းဆင်ခြေဖုံးဒေသရှိ စီအာရ်အိုင်ရုံးအနီးက မိတ်ဆွေတရုတ်တစ်ဦးဝယ်ခဲ့သော တိုက်ခန်းဆိုလျှင် ၂၀၁၀ ပြည့်နှစ်တုန်းက တစ်စတုရန်းမီတာလျှင် ယွမ်တစ်သောင်း၊ ၂၀၁၅ ခုနှစ်ရောက်တော့ ယွမ်သုံးသောင်း၊ ၂၀၁၇ ခုနှစ်တွင် ယွမ်ခြောက်သောင်း၊ ၂၀၁၉ ခုနှစ်တွင် ကုန်သွယ်ရေးစစ်ပွဲဂယက်ကြောင့် တရုတ်စီးပွားရေးကျဆင်းနေသဖြင့် ဘေဂျင်းအိမ်ဈေး ပြန်ကျလာနေကြောင်း သိရသည်။ ထားတော့။

ဒီလောက်အိမ်ဈေးကြီးတာတောင် တရုတ်နိုင်ငံသားများက ဝယ်ရောဝယ်နိုင်ကြသလားဟူ၍ မေးစရာရှိသည်။ အလုပ်တစ်ခုရှိလျှင် ဝယ်နိုင်တာက သေချာသည်။ အလုပ်ရှိရုံဖြင့် မည်သို့မည်ပုံဝယ်နိုင်သလဲဆိုတော့ ဘဏ်ချေးငွေဖြင့် ဝယ်နိုင်ခြင်းဖြစ်သည်။ ကျွန်တော့်မိတ်ဆွေ တရုတ်အမျိုးသမီးတစ်ဦးဆိုလျှင် သူ့အလုပ်အကိုင်မှာ ဂျူနီယာသတင်းထောက်ဆိုတော့ လစာမှာ လောက်လောက်လားလားထဲကမဟုတ်။ သို့သော် သူ့တွင် ဘေဂျင်းမြို့ထဲနှင့် ခပ်လှမ်းလှမ်း၌ တိုက်ခန်းတစ်ခန်းပိုင်ပြီး သူ့ယောကျ်ားသတင်းထောက်သည်လည်း တိုက်ခန်းတစ်ခန်းပိုင်သဖြင့် နှစ်ခန်းပိုင်မိသားစု ဖြစ်သည်။ သူတို့အလုပ်နှင့် လှမ်းသော တိုက်ခန်းကို ငှားထားပြီး အလုပ်နှင့် နီးသောအခန်းတွင် နေကြသည်။

> **ဘေဂျင်း၏ နောက်ထပ်ထူးခြားချက်မှာ လုံးချင်းအိမ်များမရှိခြင်း ဖြစ်သည်။ ဘေဂျင်းတွင် ကျွန်တော်နေထိုင်ခဲ့သော နှစ်နှစ်သက်တမ်းအတွင်း လုံးချင်းအိမ်တစ်လုံးမျှမတွေ့။ တရုတ်အစိုးရက လူဦးရေများမှုနှင့် မြေဈေးကြီးမှုအရ မြို့ပြင်လိုနေရာမျိုး၌သာ မြေကြီးပေါ် လုံးချင်းနေထိုင်လိုသူ သူဌေးများအတွက် လုံးချင်း ဆောက်ခွင့်ပြုထား**

**ဘဏ်ချေးငွေဖြင့်ဝယ်**

သူတို့ဝင်ငွေမျှဖြင့် တိုက်ခန်းနှစ်ခန်း မည်သို့ဝယ်ကြသနည်း။ ဘဏ်ချေးငွေဖြင့် ဝယ်ခြင်းဖြစ်သည်။ ကျွန်တော့်မိတ်ဆွေဆိုလျှင် နှစ် ၃၀ ဆပ် ဘဏ်ချေးငွေဖြင့်။ တစ်လလျှင် ယွမ် ၄၀၀၀ ခန့် ဘဏ်သို့ ချေးငွေပြန်ဆပ်ရကြောင်း သိရသည်။

"ကျွန်မအခန်းကို ပြန်ငှားထားတော့ လစဉ်ဘဏ်ကို ဆပ်ရမယ့်ငွေကို အခန်းငှားခရတဲ့ငွေနဲ့ ပေးလိုက်ရုံပဲ။ ကျွန်မယောကျ်ားဝယ်ထားတဲ့ အခန်းအတွက်တော့ ဘဏ်ကို လစဉ်ဆပ်ရတယ်"ဟု တရုတ်မိတ်ဆွေက ပြောသည်။

သူတို့တိုက်ခန်းများမှာ အထပ်မြင့်များသည်။ အထပ်မြင့်များသို့ ဓာတ်လှေကားရှိသလို ၂၄ နာရီ မီးမပျက်သဖြင့် အမြင့်ဆုံးအခန်းများကို စိတ်ချလက်ချဝယ်ယူနိုင်သည်။ ရောင်းပန်းဝယ်ပန်းကောင်းသော နေရာများတွင် မြေညီထပ်သည် ဈေးကောင်းပြီး ဆိုင်တစ်ခုခုဖွင့်လှစ်လေ့ရှိသည်။ မြင်ခဲ့တွေ့ခဲ့သော တိုက်ခန်းအများစုမှာမူ ကျွန်တော်တို့ဆီက မြေညီထပ်များလို အိမ်တိုက်ခန်းမှ ခြေတစ်ဖက်လှမ်းထွက်လိုက်သည်နှင့် မြေကြီးဟူ၍မရှိ။ မြေညီထပ်လိုနေရာမျိုးတွင် ဓာတ်လှေကားရှိခြင်း (သို့မဟုတ်) မြေညီထပ်တိုက်ခန်း တံခါးပေါက်သည် မြေပြင်ဘက်သို့ တိုက်ရိုက်မျက်နှာမူထားခြင်းမျိုး မဟုတ်ဘဲ အဆောက်အဦအတွင်းသို့ မျက်နှာမူထားခြင်းမျိုးဖြစ်သည်။ ယင်းသို့သော တိုက်ခန်းများတွင် အထပ်မြင့်လျှင် မြင့်သလို ဈေးမြင့်လေ့ရှိသည်။

**သတ်မှတ်ချက်ရှိ**

ထို့ပြင် သူတို့ဆီက မြေဈေးမှာခေါင်ခိုက်နေသော်လည်း တိုက်ခန်းအဆောက်အဦ တစ်ခုနှင့်တစ်ခုအကြား ကပ်မနေသလို တိုက်ခန်းနေထိုင်သူများ အပန်းဖြေနိုင်ရန်နေရာ၊ လေ့ကျင့်ခန်းပြုလုပ်ရန်နေရာနှင့် ကလေးများဆော့ကစားရန်နေရာတို့ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ မြင်ဖူးသော တိုက်ခန်းတိုင်းသည် အသက်ရှူကျပ်မနေသော မြေအကျယ်အဝန်းရှိသဖြင့် တရုတ်မိတ်ဆွေများကို မေးကြည့်တော့ အစိုးရအနေဖြင့် တိုက်ခန်းအရေအတွက် အပေါ်အခြေခံကာ အနားယူအပန်းဖြေစရာ မည်မျှသော မြေပြင်အကျယ်အဝန်းရှိရမည်ဟု သတ်မှတ်ချက်ရှိကြောင်း သိရသည်။

ဘေဂျင်း၏ နောက်ထပ်ထူးခြားချက်မှာ လုံးချင်းအိမ်များမရှိခြင်းဖြစ်သည်။ ဘေဂျင်းတွင် ကျွန်တော်နေထိုင်ခဲ့သော နှစ်နှစ်သက်တမ်းအတွင်း လုံးချင်းအိမ်တစ်လုံးမျှမတွေ့။ တရုတ်အစိုးရက လူဦးရေများမှုနှင့် မြေဈေးကြီးမှုအရ မြို့ပြင်လိုနေရာမျိုး၌သာ မြေကြီးပေါ် လုံးချင်းနေထိုင်လိုသူ သူဌေးများအတွက် လုံးချင်း ဆောက်ခွင့်ပြုထားသည်ဟု သိရသည်။

ပြောရလျှင် ဘေဂျင်းတွင် တိုက်ခန်းဈေးကြီးသော်လည်း အလုပ်တစ်ခုရှိလျှင် တိုက်ခန်းတစ်ခန်းပိုင်ဖို့ရာမခက်။ သို့သော် အလုပ်ရှိသူတိုင်း ဘဏ်ချေးငွေဖြင့် တိုက်ခန်းဝယ်နိုင်တာတော့မဟုတ်။ အခြားကန့်သတ်ချက်ရှိသေးသည်။ ဘေဂျင်းသည် တရုတ်နိုင်ငံသားတိုင်း နေနိုင်သည့်နေရာမဟုတ်။ ။

# ကြာအင်းဆိပ်ကြီးဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ၆၆ ကေဗွီ ကော့ကရိတ်-ကြာအင်းဆိပ်ကြီး ဓာတ်အားလိုင်း ၄၁ ဒသမ ၄၈ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ကြာအင်းဆိပ်ကြီးဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ရှေးဦးစွာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ယခုလိုတည်ဆောက် ပြီးစီးသွားသည့်အတွက် အိမ်ထောင်စုပေါင်း ၃၉၆၀ စုတို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ယခုဓာတ်အားခွဲရုံကြီးမှ ဓာတ်အား စတင်ပို့လွှတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယင်းတို့သည် ကြာအင်းဆိပ်ကြီးမြို့ပေါ် (၆) ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၁၃၄၈ စု၊ မြို့နယ်တွင်းရှိ ကျေးရွာ၁၂ ရွာ၏ အိမ်ထောင်စုပေါင်း ၁၃၆၉ စု၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ကျေးရွာ သုံးရွာ၊ အိမ်ထောင်စုပေါင်း ၁၂၄၃ စု ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိပြီဖြစ်သည့်အတွက် ဓာတ်အားခွဲရုံအနီးတစ်ဝိုက်ရှိ ပြည်သူ ပြည်သားများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာကြတော့မည်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းသာ အသုံးပြုနိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းသော ပြည်သူပြည်သားများ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ကြပြီဖြစ်ပါကြောင်း။

**ကျပ်သိန်းပေါင်း ၅၂၉၂၀**

ယခုဖွင့်လှစ်သည့် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း ဖြစ်ပေါ်လာရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၅၂၉၂၀ ကျော်ဖြင့် သုံးစွဲတည်ဆောက်ခဲ့ရပါကြောင်း၊ ဓာတ်အားခွဲရုံမှ ၁၁ ကီလိုဗို့ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ၁၁/သုည ဒသမ ၄ ကေဗွီအေ ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ကရင်ပြည်နယ်အစိုးရ၏ ရန်ပုံငွေ ကျပ်သိန်းပေါင်း ၂၆၅၂ ဒသမ ၇၂၈ အကုန်အကျခံ တည်ဆောက်ပေးခဲ့ပါကြောင်း၊ ကရင်ပြည်နယ်အတွင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာ ၂၇ ရွာ၊ အိမ်ထောင်စုပေါင်း ၃၄၇၄ စု လျှပ်စစ်မီးအလင်း ထပ်မံရရှိစေရန် ပြည်နယ်အစိုးရရန်ပုံငွေအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်းပေါင်း ၇၃၁၆ ဒသမ ၇၆ ကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ငွေကျပ် သိန်းပေါင်း ၁၈၆၂၉ ဒသမ ၈၃ ကိုလည်းကောင်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်အတွင်း တိုးချဲ့ဖြန့်ဖြူးနိုင်ရန် ဘားအံမြို့နယ် မိသရောင်း (ရွှေဂဲ)တွင် ၆၆ ကီလိုဗို့ ဓာတ်အားလိုင်း တိုးချဲ့ခြင်းနှင့် ဆက်စပ်ခွဲရုံတည်ဆောက်ခြင်း၊ ပိုင်ကျုံမြို့တွင် ၃၃ ကီလိုဗို့ ဓာတ်အားလိုင်းနှင့် ဆက်စပ်ခွဲရုံများ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြာအင်းဆိပ်ကြီးမှ ဘုရားသုံးဆူသို့ ၆၆ ကီလိုဗို့ ဓာတ်အားလိုင်း ထပ်မံတည်ဆောက်ပြီး နိုင်ငံတော်၏ ဓာတ်အားစနစ်ကို တိုးချဲ့သုံးစွဲနိုင်အောင် ဆောင်ရွက်နေပါကြောင်း။

**မေတ္တာရပ်ခံ**

ယခုကဲ့သို့ တိုးတက်ဖြစ်ပေါ်လာသော ဓာတ်အားထုတ်စက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဌာနမှ ဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူ ပြည်သားများက ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က အမှာစကား ပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ၆၆ ကေဗွီ ကော့ကရိတ်-ကြာအင်းဆိပ်ကြီး ဓာတ်အားလိုင်း ၄၁ ဒသမ ၄၈ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ကြာအင်းဆိပ်ကြီး ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား မှခ်ဦးအား ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစောဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ကြာအင်းဆိပ်ကြီး ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာအား ကရင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ငန်းတေးသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပေးစက်များ မောင်းနှင်လည်ပတ်၍ ဓာတ်အားထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ မော်လမြိုင် ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားလက်ခံပို့လွှတ် ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သထုံမြို့ရှိ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် တည်ဆောက်ထားသော သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( ဂ ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ်နိုင်ရန်အတွက် မည်သည့်မြီရှင်များအစည်းအဝေးမဆို ရွှေ့ဆိုင်းနိုင်သည်။ သို့သော်ထိုရွှေ့ဆိုင်းသောရက်သည်ပြန်လည်ထူထောင်ရေးမန်နေဂျာအား စတင်ခန့်ပြီးသည့်နေ့မှ ၄ လထက် ကျော်လွန်ခြင်း မရှိစေရ။

(ဃ) ပုဒ်မ ၄၁ ပါပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ရည်ရွယ်ချက်များ အောင်မြင်ရန် အထောက်အကူဖြစ်မည်ဟု တရားရုံးက ယုံကြည်ပါက ပုဒ်မခွဲ (က) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလများနှင့်စပ်လျဉ်း၍ ထူးခြားသည့်အခြေအနေရှိပါက သက်တမ်းတိုးသည့်အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

( င ) ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီအစဉ်နှင့်အညီ ဆောင်ရွက်ရန် နည်းလမ်းနှင့် မြီရှင်များ ဆုံးဖြတ်နိုင်ရန်အချက်များကို တတ်နိုင်သမျှ ဆောလျင်စွာ ရှာဖွေရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်အားရေးဆွဲခြင်းနှင့် ပါဝင်ရမည့်အချက်များ**

၇၂။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးက ရေးဆွဲနိုင်သည်။

( ခ ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(၁) အစီအစဉ်ကို ကြီးကြပ်မည့်သူ၊

(၂) ဒါရိုက်တာများနှင့် အစီအစဉ်ကြီးကြပ်သူတို့၏ အခန်းကဏ္ဍနှင့် တာဝန်များ၊

(၃) မြီရှင်များ၏ တောင်းဆိုမှုကို ကျေအေးညှိနှိုင်းထားသည့် အတိုင်းအတာနှင့် သဘောသဘာဝ၊ ပစ္စည်းအမျိုးအမည်နှင့် ပေးချေမည့်နည်းလမ်း၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်းသဘောသဘာဝနှင့် ယင်းအတွက် ခွင့်ပြုကာလ၊

(၅) ကုမ္ပဏီအား ကြွေးမြီလျှော့ပေါ့ပေးမည့်အတိုင်းအတာ၊

(၆) အစုဝင်များ၏ အစုရှယ်ယာကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း အတိုင်းအတာ၊

(၇) အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း အသက်ဝင်စေရန်နှင့် ဆက်လက်လည်ပတ်နေစေရန်အတွက် စည်းကမ်းချက်များ (ရှိလျှင်)၊

(၈) အစီအစဉ်ရပ်စဲသည့် အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီအား ဒါရိုက်တာများ၏ အုပ်ချုပ်မှုအောက်တွင် ပြန်လည်ထားရှိမည့် ဖော်ပြချက် သို့မဟုတ် ကုမ္ပဏီအား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်မည့် ဖော်ပြချက်၊

(၉) ပြန်လည်ထူထောင်ရေးအစီအစဉ်အား လိုက်နာရမည့် မြီရှင်များအကြား ခွဲဝေပေးမည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်၊

(၁၀) အစီအစဉ်အရ ခွင့်ပြုပေးနိုင်သည့် တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့်ပေါ်ပေါက်သည့်နေ့ရက် သို့မဟုတ် ယင်းမတိုင်မီနေ့ရက် (ထိုရက်သည် ကယ်ဆယ်ခြင်းအဆင့်စတင်သည့်နေ့ရက်ထက် နောက်မကျစေရ)၊

(၁၁) အစီအစဉ်အရအကျိုးထိခိုက်စေမည့်အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ အာမခံပစ္စည်းအပေါ် တောင်းဆိုမှုနှင့် ၎င်းတို့၏ အာမခံပစ္စည်းပမာဏ၊

(၁၂) နည်းဥပဒေများတွင် ဖော်ပြထားသည့်အခြားကိစ္စရပ်များ။

( ဂ ) အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ပြန်လည်ရရှိနိုင်မည့် ငွေကြေးပမာဏသည် အစီအစဉ်ကို ဆောင်ရွက်ခြင်းမရှိပါက မြီရှင်များမှ ပြန်လည်ရရှိနိုင်ဖွယ်ရှိသည့် ငွေကြေးပမာဏနှင့် အနည်းဆုံးညီမျှမှုရှိသည့်ပမာဏ ဖြစ်ရမည်။

(ဃ) တောင်းခံပိုင်မှုများ၏ ဦးစားပေးအစဉ်သည် အစီအစဉ်ကို ဆောင်ရွက်ခြင်းမရှိပါက ရှိနေမည့် ဦးစားပေးအစဉ်အတိုင်းဖြစ်ရမည်။ သို့ရာတွင် မတူညီသော ကြွေးမြီဦးစားပေးအစဉ်ကြောင့် များစွာအကျိုးထိခိုက်နိုင်ဖွယ်ရှိသည့် မြီရှင်အတန်းအစားတို့သည် အစီအစဉ်မဲခွဲခြင်းတွင် ပါဝင်မဲပေးပြီး ထိုမဲခွဲရာတွင် မြီရှင်အရေအတွက်အားဖြင့်လည်းကောင်း၊ ကြွေးမြီတန်ဖိုးအားဖြင့်လည်းကောင်း အများစုမဲပေးလျက် သဘောတူညီလျှင် ထိုဦးစားပေးအစဉ်အတိုင်းဖြစ်ရန် မလိုအပ်စေရ။

( င ) နည်းဥပဒေများတွင် ဖော်ပြထားသော အကြောင်းကြားစာပူးတွဲလျက် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ မိတ္တူတစ်စောင် သို့မဟုတ် အဓိကအချက်များပါဝင်သည့် အကျဉ်းချုပ်ဖော်ပြထားချက်အား ပုဒ်မ ၇၁ အရ ခေါ်ယူကျင်းပမည့် မြီရှင်များအစည်းအဝေးမတိုင်မီ မြီရှင်အားလုံးထံ ပေးပို့ရမည်။

( စ ) အကြောင်းကြားစာနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် အကျဉ်းချုပ်ဖော်ပြချက်အား မြီရှင်များထံပေးပို့ရာတွင် ယင်းနှင့်အတူ ပုဒ်မ ၅၁ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အစီရင်ခံစာလည်း ပါဝင်ရမည်။

(ဆ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးတစ်ယောက်က စာဖြင့်ရေးသားတောင်းခံပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီရင်ခံစာမိတ္တူကို ပေးပို့ရမည်။

**အခန်း(၄)**

**ပြန်လည်ထူထောင်ရေးအစီအစဉ်**

**ပြန်လည်ထူထောင်ရေးအစီအစဉ် မည်သည့်အချိန်တွင်အတည်ဖြစ်ခြင်း**

၇၃။ (က) မြီရှင်များထံ ကြိုတင်ပေးပို့ထားသည့် အဆိုပြုအစီအစဉ်ကို နည်းလမ်းတကျ ခေါ်ယူကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် မြီရှင်အများစုက သဘောတူလျှင် ယင်းအစီအစဉ်သည် အတည်ဖြစ်စေရမည်။

( ခ ) အစီအစဉ်ကို တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အဆိုပြုသူများ၏ သဘောတူညီချက်အရ မြီရှင်များအစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး ယင်းပြင်ဆင်ချက်ကို အဆိုပါအစည်းအဝေးတွင်ပင် မဲပေးဆုံးဖြတ်နိုင်သည်။

( ဂ ) ဤအခန်းပါပြဋ္ဌာန်းချက်အလို့ငှာ လိုအပ်သည့် မဲအများစုဆိုရာတွင် အောက်ပါအချက်များ ပါဝင်စေရမည်-

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီပိုင်ဆိုင်သူမြီရှင်များက မဲပေးခြင်း၊

(၂) အစည်းအဝေးတွင် မဲပေးသူ မြီရှင်စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသောမြီရှင်များက မဲပေးခြင်း။

(ဃ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ သို့ရာတွင် တက်ရောက်လာသည့် မြီရှင်တစ်ဦးဦးက နည်းလမ်းတကျမဲခွဲဆုံးဖြတ်ရန် တောင်းဆိုပါက လုံလောက်သည့် မဲအများစုရရှိခြင်းရှိမရှိ ဆုံးဖြတ်ရန်အတွက် ထိုမဲများကို ရေတွက်မှတ်တမ်းတင်ရမည်။

( င ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့်အညီ အစည်းအဝေးသဘာပတိမှ အဆုံးအဖြတ်ပေးသော မဲပေးပိုင်ခွင့်ကို ကျင့်သုံးပုံ သို့မဟုတ် မြီစား၏ တွဲဖက်လုပ်ကိုင်သူ မြီရှင်က ၎င်းတို့၏ မဲပေးခွင့်ကို တစ်စုံတစ်ခုသောနည်းဖြင့် ကျင့်သုံးပုံကြောင့် မြီရှင်များအစည်းအဝေးတွင် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်မပြုခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားနိုင်ပြီး တရားရုံးသည် အောက်ပါအမိန့်များကို ချမှတ်နိုင်သည်-

(၁) အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည့်အမိန့်၊

(၂) အတည်မပြုခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အတည်ပြုသည့်အမိန့်၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ ချမှတ်သော အမိန့်နှင့်ဆက်စပ်သော အခြားလိုအပ်သည့်အမိန့်။

( စ ) မြီရှင် သို့မဟုတ် အစုဝင်များကတောင်းဆိုလျှင် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် မဲခွဲစဉ်တွင် မည်သူက မည်သို့မဲပေးခဲ့ကြောင်း မှတ်တမ်းမိတ္တူကို ပေးအပ်ရမည်။

(ဆ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပုဒ်မခွဲ (င) နှင့် (စ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ခန့်အပ်ခြင်းကို အကြောင်းကြားခြင်း**

၇၄။ (က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအားခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း ထိုသို့ခန့်အပ်ပြီးကြောင်းကို-

(၁) ကုမ္ပဏီသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေများပါ သတ်မှတ်ချက်အတိုင်း အများသိစေရန် ကြေညာရမည်၊

(၂) မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်းရေးသွင်းရမည်၊

(၃) လိပ်စာသိသမျှသော ကုမ္ပဏီ၏မြီရှင်များထံ အကြောင်းကြားရမည်။

( ခ ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း**

၇၅။ (က) မြီရှင်များမှ မဲအများစုဖြင့် သဘောတူအတည်ပြုပြီးပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီအစဉ်၏ အချက်များပါဝင်သော တရားဝင်စာရွက်စာတမ်းများကို စုစည်းပြုစုရမည်။ ထို့နောက် ယင်းစာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် ခန့်အပ်ခံရမည့် အစီအစဉ်ကြီးကြပ်သူတို့မှ လက်မှတ်ထိုးရန် စီစဉ်ဆောင်ရွက်ရမည်။

( ခ ) အထက်ပါစာရွက်စာတမ်းများအား မြီရှင်များက မဲအများစုဖြင့် သဘောတူအတည်ပြုသည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့်ကာလအတွင်း လက်မှတ်ရေးထိုးရမည်။

( ဂ ) ကုမ္ပဏီနှင့် အစီအစဉ်ကြီးကြပ်သူမှ ပြန်လည်ထူထောင်ရေးအစီအစဉ်အား လက်မှတ်ထိုးပြီးပါက ကယ်ဆယ်ခြင်းအဆင့်ပြီးဆုံးပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့် စတင်သည်ဟု မှတ်ယူရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ**

၇၆။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည်-

(၁) ကုမ္ပဏီ၊ ၎င်း၏ မြီရှင်နှင့်အစုဝင်များအကြား ကျေအေးညှိနှိုင်းချက်ဖြစ်စေသည်၊

(၂) အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်-

(ကက) ဆန္ဒမဲပေးခြင်းမရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာဆိုင်ရာ အခွင့်အရေးများ၊

( ခခ ) အစည်းအဝေးသို့တက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြီရှင်များ၏ အခွင့်အရေး။

( ခ ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့်အချိန်၌ စာရင်းရှင်းလင်း ဖျက်သိမ်းရန်အတွက် လျှောက်လွှာကို ဆောင်ရွက်ဆဲဖြစ်လျှင် သို့မဟုတ် တရားရုံးတွင် စွဲဆိုထားသော စာရင်းရှင်းလင်းဖျက်သိမ်းပေးစေလိုမှုကို ဆိုင်းငံ့ထားလျှင်-

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှုတွင် ၎င်းအား ခန့်အပ်ခဲ့ပြီးကြောင်းကို တင်ပြရမည်၊

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းပေးစေရန် လျှောက်ထားစဉ် လျှောက်လွှာကို ပလပ်ရမည်။ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်အား ပယ်ဖျက်ရမည်။

**အကျိုးသက်ဆိုင်သူများအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်၏သက်ရောက်မှု**

၇၇။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့တွင်ဖြစ်စေ၊ မစတင်မီဖြစ်စေ ပေါ်ပေါက်ခဲ့သော မြီရှင်များအားလုံး၏ တောင်းဆိုမှုများအပေါ်တွင် စည်းနှောင်အားရှိသည်။

( ခ ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ အာမခံအကျိုးခံစားခွင့်ရမြီရှင်များက ၎င်းတို့ အာမခံရရှိထားသော ပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရမြီရှင်က ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားခြင်း၊

(၂) တရားရုံးက ပုဒ်မ ၇၈ ပါပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့ခြင်း။

( ဂ ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) သည် အောက်ပါအချက်များမှအပ ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ထိခိုက်ခြင်းမရှိစေရ-

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် ပိုင်ရှင် သို့မဟုတ် အငှားချထားသူက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားခြင်း၊

(၂) တရားရုံးက ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာနိုင်ငံကားဈေးကွက်သို့ ကမ္ဘာကျော်ကားအမှတ်တံဆိပ် ၁၅ ခု ချိတ်ဆက်ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက အင်းလျားကန် ဟိုတယ်ဝင်း အတွင်းရှိ Yangon Convention Centre-YCC ၌ ဖွင့်လှစ်ပြသရာ ကမ္ဘာကျော်ကားအမှတ်တံဆိပ် ၁၅ ခုမှ ပြခန်းများအလိုက် ပြသထားသည်။

အဆိုပါမော်တော်ကားပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ပြည်တွင်းပြည်ပမော်တော်ကားတင်ပို့သူများ၊ ထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြပြီး ပြသထားသောမော်တော်ယာဉ်ပြခန်းကို ကြည့်ရှုအားပေးသည်။



ပြခန်းအတွင်းပြသထားသော မော်တော်ယာဉ် အမျိုးအစားများမှာ BMW၊ Brilliance၊ DFSK၊ Ford၊ FUSO၊ GAC၊ Jaguar ၊ Land Rover ၊ Mazda၊ Mercedes-Benz၊ Nissan၊ Scania၊ Suzuki၊ Toyota နှင့် Volvo တို့ပါဝင်ကြပြီး ပြပွဲကိုယနေ့မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း၊ ပြပွဲသို့ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း Down payment နှင့် အရစ်ကျဝယ်ယူနိုင်မည့် အစီအစဉ်များလည်း ဆောင်ရွက်ပေးထားကြောင်း၊ မော်တော်ယာဉ်အလုံးစုံအာမခံ ထားရှိနိုင်စေရန်လည်း စီစဉ်ပြသပေးထားကြောင်း၊ မော်တော်ယာဉ်များကို ဘဏ်များနှင့် ချိတ်ဆက်ကာ ဝယ်ယူနိုင်စေရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ယင်းကားပြပွဲကြီးသည် မြန်မာနိုင်ငံတွင် အကြီးဆုံး ကားပြပွဲကြီးဖြစ်ပြီး အနည်းဆုံးကျပ် ၉၅ သိန်းတန် mini Truck ကားများမှစတင်၍ တန်ဖိုးမြင့်ဇိမ်ခံမော်တော်ယာဉ်များအထိ ဝယ်ယူနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အဆိုပါကားပြပွဲကြီးကို မြန်မာနိုင်ငံမော်တော်ယာဉ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန်အတွက် Future Driving Society ဆောင်ပုဒ်နှင့်အညီ အထူးအာရုံစိုက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မော်တော်ယာဉ်နှင့် ပတ်သက်သောစီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်းသယ်ယူပို့ဆောင်ရေးစနစ်၊ လမ်းစနစ်နှင့်ကိုက်ညီပြီး လုံခြုံစိတ်ချရသည့် ဘယ်မောင်းစနစ်ယာဉ်များ ပိုမိုတိုးတက်လာရန် ပြသရခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# မူးယစ်ဆေးဖြတ်ပြီးသူများအား စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မူးယစ်ဆေးစွဲနေသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း၏ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၁၉)ဆင်းပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အဆိုပါစခန်း၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက မူးယစ်ဆေးပြဿနာသည် ရန်ကုန်တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အန္တရာယ်တစ်ခုဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိလူငယ်များ မူးယစ်ဆေးသုံးသရာမှ ရှန်းမထွက်နိုင်ပါက ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ လူ့စွမ်းအားအရင်းအမြစ်များ များစွာဆုံးရှုံးလာနိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်းသာမက မူးယစ်ဆေးစွဲနေသူလူငယ်များအား ပြန်လည်ထူထောင်ရေးသင်တန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဦးစားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က "သက်ဆိုင်ရာ အစိုးရအသိအမှတ်ပြု ဆေးရုံ၊ ဆေးခန်းတွေမှာ သီတင်းနှစ်ပတ်ကြာ ဆေးဖြတ်ပြီးတဲ့သူတွေကို သင်တန်းသားအဖြစ်သုံးလကြာသင်ကြားပေးခြင်းဖြစ်ပါတယ်။ သင်တန်းသားဦးရေ ၂၀ ပါ။ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးအတွက် အဓိကလုပ်ဆောင်ပေးတာဖြစ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကိုလည်း သင်ကြားပေးပါတယ်။ သင်တန်းပြီးသွားရင်လည်း နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းကို တစ်နှစ်ကြာ ဆောင်ရွက်ပေးပါတယ်" ဟု ပြောကြားသည်။

ထို့နောက် လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုထက်**

# ရတနာပုံတက္ကသိုလ် အနှစ် (၂၀) မြောက်အထိမ်းအမှတ် ပညာရေးအထောက်အကူပြုနည်းပညာပြပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

ရတနာပုံတက္ကသိုလ် အနှစ်(၂၀) မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ပညာရေးအထောက်အကူပြု နည်းပညာပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲနှင့် ဘာသာရပ်ပေါင်းစုံ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်မျက်နှာစာရှေ့တွင် ကျင်းပသည်။



မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားပြီး ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပညာရပ်အသီးသီးတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားဆုရရှိသူများ၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (အင်္ဂလိပ်၊ မြန်မာ)နှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ရတနာပုံတက္ကသိုလ်အနှစ်(၂၀)မြောက် နှစ်ပတ်လည် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်းဖတ်ကြားသောစာတမ်းရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီးနောက် ပြပွဲတွင် ပြသထားသောပညာရေးအထောက်အကူပြု နည်းပညာပြခန်းများ၊ ဘာသာရပ်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ရတနာပုံတက္ကသိုလ်သည် အထက်မြန်မာပြည် လူ့စွမ်းအားအရင်းမြစ်များ ရှင်သန်စေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသော တက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် တက္ကသိုလ်အဆင့်တိုးမြှင့်ခဲ့ပြီး ဇွန် ၂၇ ရက်မှစ၍ အထူးပြုဘာသာရပ် ၁၈ ခု သင်ကြားပို့ချပေးခဲ့ရာ ကျောင်းသား ကျောင်းသူ ၄၈၀၀ ကျော် သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင် အထူးပြုဘာသာရပ် ၂၅ ခုကို သင်ကြား ပို့ချပေးလျက်ရှိရာ နေ့ကျောင်းသား ကျောင်းသူ ၂၃၀၀၀ ကျော်နှင့် အဝေးသင်ကျောင်းသား ကျောင်းသူ ၄၀၀၀၀ကျော် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်**

# နယ်စပ် ဝင်/ထွက်ပေါက်များတွင် COVID -19 ကာကွယ်ရေး အချိန်ပြည့်စောင့်ကြပ်ကြည့်ရှု

**တာချီလိတ် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ နယ်စပ် ဝင်/ထွက်ပေါက်များဖြစ်သော မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား(၁)(၂)၊ မိုင်းဖုန်းကျေးရွာအုပ်စု ဝမ်ပုံရှိ မြန်မာ-လာအိုဆိပ်ကမ်း၊ ကျိုင်းလပ်မြို့နယ်ခွဲရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတား၊ မိုင်းယုမြို့နယ်ခွဲရှိ မြန်မာ-အထူး(၄)ဆက်သွယ်ရေးတံတားစသည့် ဝင်/ထွက်ပေါက်များအားလုံးတွင် ကျန်းမာရေးဦးစီးဌာနမှ COVID-19 ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုအဖြစ် အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တာချီလိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက ယနေ့အချိန်ထိ သံသယလူနာကို မတွေ့ရှိရသေးကြောင်း၊ အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးဌာနမှထုတ်ပြန်ထားသော ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာရန် လိုအပ်ကြောင်း ပြောကြားသည်။

တာချီလိတ်မြို့တွင် ယနေ့အချိန်ထိ COVID-19 ရောဂါနှင့်ပတ်သက်၍ သံသယလူနာကိုမတွေ့ရှိရသေးသော်လည်း မြို့နေပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှထုတ်ပြန်ထားသော ဆောင်ရန်၊ ရှောင်ရန်များကို နေ့စဉ်မော်တော်ကားဖြင့် လိုက်လံနှိုးဆော် အသိပညာပေးလျက်ရှိသည်။ **ယာဆေး(ပြန်/ဆက်)**

# ထားဝယ်တက္ကသိုလ်၏ အနှစ်(၂၀)ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ်၏ အနှစ်(၂၀) ပြည့် ကြွေရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲများ၊ ဘာသာရပ်ဆိုင်ရာပြခန်းများနှင့် စတုဒိသာကျွေးမွေးခြင်းများဖြင့် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီက ထားဝယ်တက္ကသိုလ်ပင်မဆောင်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော ထားဝယ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ထားဝယ်)၊ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)မှ ဘာသာရပ်အသီးသီး၏ ပန်းချီပြခန်းများ၊ ရှေးဟောင်းပစ္စည်းများ၊ သစ်ပင်ပျိုးပင်များ၊ ကျောင်းသား ကျောင်းသူများ၏ နည်းပညာထုတ်ကုန်များ၊ တေးဂီတဖျော်ဖြေနေမှုများ၊ ဘာသာရပ်အလိုက်ဈေးရောင်းပွဲတော်နှင့် စတုဒိသာကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးသည်။

စာတမ်းများကို ဖေဖော်ဝါရီ ၂၂ ရက်အထိ ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြို့နယ်အဆင့် မွေးမြူရေး နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေး

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြို့နယ်အဆင့်မွေးမြူရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲက လှိုင်းဘွဲ့မြို့မ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဒုတိယဦးစီးမှူး ဒေါက်တာငုဝါစိုးက အဖွင့်အမှာစကားပြောကြားပြီး ဘားအံမြို့အခြေစိုက် Pact Myanmar(NGO) စီမံကိန်းမန်နေဂျာ ဦးစိုင်းရာဇာဦးက ဒေသအတွင်း မွေးမြူရေးနည်းပညာလိုအပ်ချက်များကို အကောင်အထည်ဖော်နိုင်ရေးနှင့် ပိုမိုကောင်းမွန်သောမွေးမြူရေးနည်းပညာများ ပြန့်ပွားစေရေး စသည်တို့ကို ပရိုဂျက်တာဖြင့် ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

# (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား မန္တလေးမြို့တော်ခန်းမ၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၁**

(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီနာယက ချင်းလူမှုရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝမ်လျန်းထန်က ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများက တက္ကသိုလ်အသီးသီးမှဒေါက်တာဘွဲ့၊ မဟာဘွဲ့ရရှိကြသူများ၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များ၊ အားကစားထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များ-မန္တလေး) က ဝါးညှပ်အကဖြင့် တင်ဆက်ကပြခြင်း၊ ချင်းရိုးရာနှင့် ခေတ်ပေါ် တေးသီချင်းများ သီဆိုဖျော်ဖြေခြင်း၊ ချင်းရိုးရာဝတ်စားဆင်ယင်မှုများ ပြသခြင်း စသည့်ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**






# နိုင်ငံခြားသားခရီးသွားများ မြောင်းမြမြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ရှေးဟောင်းလက်ရာများ လေ့လာ

**မြောင်းမြ ဖေဖော်ဝါရီ ၂၁**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီက မြောင်းမြမြို့ ရှေးဟောင်းသမိုင်းအမွေအနှစ်လက်ရာများဖြစ်သည့် ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်၊ မြို့နယ်တရားရုံးနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတို့ကို လေ့လာပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်းသိရသည်။

ထို့အပြင် ရှေးသမိုင်းဝင် စကြာသီဟ ၊ စကြာနန္ဒစေတီတော်၊ ရွှေသာလျောင်းဘုရား၊ ဒီးဒုတ်ဦးဘချိုရုပ်တုရင်ပြင်နှင့် အခြားအထင်ကရနေရာများကိုလည်း လေ့လာကြသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များတွင် ဗြိတိန်မှ တစ်ဦး၊ နော်ဝေမှ ၂၆ ဦး စုစုပေါင်း ၂၇ ဦး တို့ လိုက်ပါလာပြီး Royal Voyage Co.,Ltd အစီအစဉ်ဖြင့် အပျော်စီးသင်္ဘော RV Kamee Pandaw ဖြင့် မန္တလေး၊ ရန်ကုန်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမှ မြောင်းမြမြို့သို့ ရောက်ရှိခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# မူဆယ်မြို့တွင် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၂၁**

(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီတွင် မူဆယ်မြို့ ချင်းနှစ်ခြင်းဘုရားကျောင်း၌ ကျင်းပသည်။

မူဆယ်မြို့ ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးအယ်လ်စိုးထန်တူးက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် မူဆယ်မြို့၌ ချင်းအမျိုးသားနေ့ ကျင်းပရခြင်းအကြောင်းကို ပြောကြားသည်။

ဆက်လက်၍ ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကလေးသူငယ်များက ချင်းတိုင်းရင်းသားရိုးရာသီချင်းနှင့် ချင်းရိုးရာအကများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်ပျက်စေရန်၊ လွတ်လပ်ရေးအရယူရာ၌ ချင်းတိုင်းရင်းသားမျိုးချစ်ခေါင်းဆောင်များလည်း စည်းလုံးညီညွတ်စွာဖြင့် တိုက်ပွဲဝင်ကြပုံကို အနာဂတ်လူငယ်များကသိရှိနားလည်စေရန်၊ အနယ်နယ်အရပ်ရပ်၌ နေထိုင်ကြသည့် ချင်းတိုင်းရင်းသားများ ပိုမိုစည်းလုံးလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၉ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၂၇၂ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၃ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံ လိပ်မူ၍ သုံးရက်ကြိုတင်ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစားလျှပ်စစ်ဓာတ်အားမီးလင်းရေးလုပ်ငန်းဆောင်ရွက်

**ဝန်းသို ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျောက်ပါးစပ်ကျေးရွာ၌ အသေးစားလျှပ်စစ်ဓာတ်အားရရှိရေး (Mini Grid) ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ Solar System Configuration များဆောင်ရွက်နေပြီဖြစ်ရာ လုပ်ငန်းအားလုံး၏ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးကြောင်း၊ အသေးစားလျှပ်စစ်ဓာတ်အားမီးလင်းရေးလုပ်ငန်းတွင် အိမ်သုံးမီတာတွင် 6KW အထိသုံးနိုင်ပြီး တစ်ယူနစ် ငွေကျပ် ၄၀၀ ကျသင့်မည်ဖြစ်ပြီး အသေးစား စက်မှုလုပ်ငန်းသုံး (ပါဝါမီတာ)တွင် 14KW ထိ သုံးစွဲနိုင်ကာ တစ်ယူနစ် ငွေကျပ် ၄၄၀ ကျသင့်မည်ဖြစ်ကြောင်း၊ အများသုံးဖြစ်သော စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ စသောလုပ်ငန်းများတွင် တစ်ယူနစ် ငွေကျပ် ၃၆၀ ကျသင့်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောကြားခဲ့သည်။

**မွေးကြူဇင်**

# COVID-19 ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများ အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ Spring Line Hotel ၌ COVID–19 ဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေး ဟောပြောသည်။

“တရုတ်ပြည်ကနေ ၁၄ ရက်အတွင်း ထွက်ခွာလာပြီး ဒီမှာတည်းခိုကြမယ်ဆိုရင် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ ပြောကြားတာပါ။ ဟိုတယ်လုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်း ထိခိုက်မှုမရှိအောင် ယခုလိုဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုကို ကျေးဇူးတင်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းမြင့်က ပြောသည်။

Spring Line Hotel မှ ဝန်ထမ်းရေးရာမန်နေဂျာ ဦးထက်ပိုင်က ဝန်ထမ်းများကို COVID–19 ဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သင်တန်းပေးထားပြီး တည်းခိုသူများဝင်ရောက်ပါက အပူချိန်တိုင်း၍ COVID–19 ရောဂါစစ်ဆေးခြင်း၊ တရုတ်ပြည်မှ ၁၄ ရက်အတွင်း ထွက်ခွာလာသော ဧည့်သည်များကို သီးသန့်ခန်းထားရှိ၍ စောင့်ကြည့်ခြင်းတို့ဖြင့် ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သော COVID–19 ဗိုင်းရပ်စ်ရောဂါသည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်း၊ အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့်ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက်နိုင်ကာ တရုတ်ပြည်မှလွန်ခဲ့သော ၁၄ ရက်မှ ပြန်ရောက်လာခြင်းစသော သံသယဖြစ်ဖွယ် လက္ခဏာများ တွေ့ရှိပါက နီးစပ်ရာဆေးခန်း၊ ဆေးရုံများသို့ သတင်းပို့ကုသမှုခံယူရန် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သစ္စာ**

## စာမေးပွဲကာလ ဆူညံသံကင်းဝေးရေး ဆောင်ရွက်ပေးစေလို

**တောင်သာ ဖေဖော်ဝါရီ ၂၁**

မကြာမီတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ဆူညံသံကင်းဝေးရေး အသံချဲ့စက်နှင့် အသံကျယ်သည့် အိပ်ဇောတပ်ဆင်မောင်းနှင်သည့် မော်တော်ဆိုင်ကယ်များကို ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း တောင်သာမြို့နယ် ကျောင်းသားမိဘများက ပြောသည်။

တောင်သာမြို့နယ်တွင် အလှူမင်္ဂလာအခမ်းအနားကို အကြောင်းပြုပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့်ကာလအတွင်း အသံချဲ့စက်များကို အသံကျယ်လောင်စွာ အသုံးပြုမှုများနှင့် ပြည်သူများနားမခံနိုင်အောင် ဆူညံသံများကို ကြုံတွေ့နေရသည်။

အများပြည်သူအကြားဆူညံသံဖြစ်စေသည့် အသံချဲ့စက်များနှင့် အသံကျယ်သည့် အိပ်ဇောတပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ်များကို စာမေးပွဲကာလအတွင်း သက်ဆိုင်ရာက အလေးထားအရေးယူပေးရန်လိုအပ်ကြောင်းကျောင်းသားကျောင်းသူများက ပြောသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



## အလောင်းတော်ကဿပဘုရားဖူးရာသီ ငါးနှစ်တာကာလအတွင်း ယခုနှစ်တွင် ဘုရားဖူးဝင်ရောက်မှုလျော့နည်း

**ကနီ ဖေဖော်ဝါရီ ၂၁**
ယင်းမာပင်ခရိုင် ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ အလောင်းတော်ကဿပ ရုပ်ကလာပ်တော်တည်ရှိရာသို့ ဘုရားဖူးဝင်ရောက်မှုကို လွန်ခဲ့သည့်ငါးနှစ်တာကာလနှင့်နှိုင်းယှဉ်ပါက ယခုနှစ် ဘုရားဖူးရာသီတွင် လျော့နည်းလျက်ရှိကြောင်း အလောင်းတော်ကဿပဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးထီမောင်က ပြောသည်။

ဘုရားဖူးရာသီလမ်းကို ဒီဇင်ဘာ ၂၄ ရက်မှစတင်ဖွင့်လှစ်ပြီးနောက်ပိုင်း အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ တရုတ်နိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့်လည်းကောင်း၊ သဘာဝဘေးတို့ကြောင့် ဘုရားဖူးဧည့်သည် ဝင်ရောက်မှုနည်းပါးခြင်းဖြစ်နိုင်ကြောင်း ဂေါပကအဖွဲ့က သုံးသပ်သည်။

ဘုရားဖူးဝင်ရောက်မှုနည်းပါးခြင်းကြောင့် အလောင်းတော်ကဿပဘုရားဖူးရာသီကိုမှီ၍ ရောင်းချသောဈေးဆိုင်ခန်းများတွင်လည်း ယခုနှစ်တွင် ရောင်းဝယ်မှုများလျော့ကျခဲ့ကြောင်းသိရသည်။ **ဝင်းဦး(ဖေယျာတိုင်း)**

## ၃၈ ဖြာ မင်္ဂလာတရားတော် ဆုရ ကျောင်းသား ကျောင်းသူများအားဂုဏ်ပြု

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**
ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် ထိုင်းနိုင်ငံတွင် ကျင်းပသည့် (၃၈) ဖြာမင်္ဂလာ တရားတော်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စန္ဒိမာခန်းမ၌ ကျင်းပသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာရဲအောင် (လူမှုထူးချွန်)က ၂၀၁၉ ခုနှစ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် ထိုင်းနိုင်ငံတွင် ၃၈ ဖြာမင်္ဂလာစာမေးပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံမှ ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူ ခုနစ်ဦးကို သင်တန်းသား သင်တန်းသူများနှင့် မိတ်ဆက်ပေးခဲ့ပြီး ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက အထက(၁) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **နေလင်း**

## စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့တွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် စီးပွားရေး လုပ်ငန်းရှင်များ သိသင့်သည့် စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများ ဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးဥပဒေများနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက် ပြဋ္ဌာန်းချက်တွင်ပါရှိသော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် အခန်း ၁၈၊ ပုဒ်မ ၄၁ တွင်ပါသော ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များ အသေးစိတ်နှင့်



မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် အမှတ် (၂/၂၀၁၉) အား လိုက်နာကြရန် အသေးစိတ်ကို ဆွေးနွေးကြသည်။ **ကျော်ကြီး**

## မြန်မာ့ပင်လယ်ပြင်တွင် သုတေသနလုပ်ငန်းများ လုပ်ဆောင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**
မြန်မာ့ပင်လယ်ပြင်တွင် ငါးကြီးများလျော့နည်းလျက် ဈေးကွက်မဝင်သော ငါးသေးများသာ ကျန်ရှိသောကြောင့် ပင်လယ်ပြင်ငါးဖမ်းစက်လှေများမကြုံဖူးသော ရေသယံဇာတရှားပါးမှုကို ရင်ဆိုင်ရလျက်ရှိရာ မြန်မာ့ပင်လယ်ပြင်တွင် နော်ဝေနိုင်ငံနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"သုတေသနလုပ်ငန်းမှာ ငါးကြီးရှားပါးလာမှု အပြင် ပင်လယ်ပြင်မှာ ပလတ်စတစ်အမှိုက်ပေါ များလာတာကိုလည်း တွေ့လာရတယ်။ ဒါကြောင့် ငါးလုပ်ငန်းဦးစီးဌာနတစ်ခုတည်းမဟုတ်ဘဲ မြိတ်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်များနဲ့ နော်ဝေနိုင်ငံပူးပေါင်းပြီး ပင်လယ်ပြင်ငါးမျိုးစိတ်တွေရဲ့အခြေအနေကို သိရှိဖို့ ဆက်လက်သုတေသနပြုသွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဒေါ်ယဉ်ယဉ်မိုးက ပြောသည်။

ပင်လယ်ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို လက်ရှိဆောင်ရွက်နေသော ပုံစံထက်အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ရေရှည်ဖမ်းဆီးစားသုံးနိုင်မည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သာမက သက်ဆိုင်ရာပင်လယ်ငါးဖမ်းအသင်းများ၊ လုပ်ငန်းရှင်များနှင့် ပညာရှင်များပါဝင်သော တွေ့ဆုံဆွေးနွေးခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်၌ ရေသယံဇာတ ထူးခြားသိသာစွာ လျော့နည်းသွားမှုကို အဖြေရှာဆောင်ရွက်နိုင်မည်ဖြစ်သည်။

"တစ်နိုင်ငံလုံး ငါး၊ ပုဇွန်စတဲ့ ရေသယံဇာတကို ဘယ်လိုကာကွယ်ထိန်းသိမ်းလိုက်နာစောင့်ရှောက်မလဲဆိုတာ ဆွေးနွေးပြီး ရလဒ်အတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် အချိန်မီနိုင်ပါသေးတယ်။ ယခင်နှစ် ဒီရာသီတွေမှာ ငါးဖမ်းလို့ရတယ်။ ဒီနှစ် ငါးဖမ်းလို့မရဘူး။ဘာ့ကြောင့်လျော့နည်းသွားတယ်ဆိုတာ အကြောင်းအမျိုးမျိုးလည်းရှိနိုင်မယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းဆီးရာတွင် နှစ်စဉ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်သုံးလသည် ငါးမဖမ်းဆီးရရာသီ အဖြစ်တားမြစ်ထားပြီး ပင်လယ်ပြင်၌ ငါးမျိုးစိတ်ပေါက်ဖွားမှုအချိန်ကာလ မတူညီသော်လည်း ငါးအများဆုံးပေါက်ဖွားသောရာသီကို သုတေသနဆန်းစစ်၍ ငါးမဖမ်းဆီးရရာသီကို ပြန်လည်သတ်မှတ်ခြင်းဖြင့် ပင်လယ်ပြင် ရေသယံဇာတကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ **သစ္စာ**

## စွမ်းအားမြင့်မီးဖိုများ ကျေးရွာအရောက် အခမဲ့ဖြန့်ဝေ

**ထန်းတပင် ဖေဖော်ဝါရီ ၂၁**
ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေကျော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအား စွမ်းအားမြင့်မီးဖိုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဖေဖော်ဝါရီ ၂၀ ရက်က ကျေးရွာများအရောက် ကွင်းဆင်း၍ အခမဲ့ဖြန့်ဖြူးပေးခဲ့သည်။

ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၂၃ စု ကျေးရွာပေါင်း ၆၁ ရွာတွင် စွမ်းအားမြင့်မီးဖို အလုံး ၁၁၈၀၀ ကိုဖြန့်ဝေပေးသွားရန် လျာထားခဲ့ပြီး ပထမနှစ်စီမံကိန်းအရ စွမ်းအားမြင့်မီးဖိုအလုံးပေါင်း ၅၉၀၀ ကို ကျေးရွာအုပ်စု ၁၆ စု၊ ကျေးရွာခွဲပေါင်း ၃၃ ရွာအား ဇန်နဝါရီ ၁ ရက်မှစတင်၍ အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကိုလွင်(ဆွာ)**



## သတင်းစုံကဏ္ဍ

### တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများထုတ်ပေး

**ရန်ကုန်**
တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖြေဆိုရန်လျှောက်ထားသူ ကျောင်းသား ကျောင်းသူများအား ဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ထုတ်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထက(၁)၊ အထက(၂)၊ အထက (မြို့မ)၊ အထက ဖွဲ့ထော်၊ အထက(ခွဲ) သိုက်တူးကန်စာစစ်ဌာနငါးခု၌ ဖြေဆိုခွင့်ကတ်ပြားများအား ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

### စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၂၄၈ ခုဖွင့်လှစ်

**မုံရွာ**
တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုရန်လျှောက်ထားသူ ၁၃၁၆၃၇ ဦးအတွက်စာစစ်ဌာန ၂၄၈ ခု ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ယခင်နှစ်ကဖြေဆိုရန်လျှောက်ထားသူ ၁၁၉၄၀၅ ဦးအတွက် စာစစ်ဌာန ၂၃၀ ရှိပြီး ယခုနှစ်တွင် ၁၀၀၀၀ ကျော်ပိုမိုများပြားလာသည့်အတွက် စာစစ်ဌာန ၁၈ ခု တိုးချဲ့ဖွင့်လှစ်ကြောင်း၊ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အမြင်အာရုံမသန်စွမ်းသူ ခြောက်ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူလေးဦး စုစုပေါင်း ၁၀ ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။ **မွေးကြူဇင်**

### မူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**
မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူး ဒု-ရဲမှူးမြထွန်းကျော်သည် ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် မလွကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

အလားတူ ဥက္ကံနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် မင်းမင်းဇော်သည် ဥက္ကံမြို့ အနော်ရထာရပ်ကွက် အထက ကျောင်း၌ ဖေဖော်ဝါရီ ၂၀ ရက်က မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ဝင်းမော် (တိုက်ကြီး)**

### အမှိုက်စီမံခန့်ခွဲမှုဆောင်ရွက်ခဲ့သည့်ကျေးရွာများအားဂုဏ်ပြု

**သရက်**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ခဲ့သည့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးယုမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းတို့က ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်ကျေးရွာ ၁၂ ရွာအား ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

### မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

**ညောင်ဦး**
ညောင်ဦးမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၅)နယ်မြေ ချောင်းရိုးရပ်ကွက်၌ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်းလိုက်လံကွင်းဆင်း စစ်ဆေးပြီး မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

လျှပ်စစ်မီးအသုံးပြုရာတွင် စနစ်တကျ သုံးစွဲရေး၊ ထင်း၊ မီးသွေးများဖြင့် ချက်ပြုတ်ရာ၌ မီးမလောင်နိုင်သော သံပြား၊ သွပ်ပြားများကာရံပြီး စနစ်တကျ ချက်ပြုတ်ကြရန်နှင့် မီးကြွင်းမီးကျန်များကို သေချာစွာ ငြိမ်းသတ်ထားရှိရေးတို့ကို ပညာပေးရှင်းလင်းဆွေးနွေးပြီး မီးဘေးလုံခြုံစိတ်ချရမှုရှိ-မရှိ လိုက်လံစစ်ဆေးခဲ့ကြသည်။

ထို့နောက် မီးသတ်ဆေးဘူးနှင့် ရေစိုအဝတ်များအသုံးပြု၍ စနစ်တကျ မီးငြိမ်းသတ်နည်းများ၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# ဒူးဒဏ်ရာရရှိခဲ့သည့် ရော်ဂျာဖက်ဒဲရာ ငါးနှစ်တာကာလအတွင်း ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ လေးကြိမ်မြောက် လွဲချော်



ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရာဟာ ဒူးဒဏ်ရာရရှိထားတာကြောင့် နောက်ဆုံးငါးနှစ်တာကာလအတွင်းမှာ လေးကြိမ်မြောက်အဖြစ် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို လွဲချော်ရတော့မှာဖြစ်ပါတယ်။

အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွေမှာ ဂရန်းဆလမ်းဆုဖလားကို အကြိမ် (၂၀) အထိ ရယူနိုင်ခဲ့တဲ့ ရော်ဂျာဖက်ဒဲရာဟာဆိုရင် လက်ရှိမှာ ညာဘက်ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူနေရတာလည်း ဖြစ်ပါတယ်။

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို မေ ၂၄ ရက်ကနေ ဇွန် ၇ ရက်အထိ ကျင်းပမှာဖြစ်ပြီး ဖက်ဒဲရာကတော့ ဒူးဒဏ်ရာရရှိထားတာကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အပါအဝင် ဒူဘိုင်း၊ အင်ဒီယန်ဝဲလ်၊ ဘိုဂိုတာနဲ့ မီယာမီတို့မှာ ကျင်းပမယ့် တင်းနစ်ပွဲစဉ်တွေကို လွဲချော်မှာ ဖြစ်ပါတယ်။

ရော်ဂျာဖက်ဒဲရာဟာ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ ပြီးခဲ့တဲ့နှစ်တစ်နှစ်သာ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာ ဝင်ရောက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ကျန်နှစ်တွေမှာတော့ ဒဏ်ရာပြဿနာကြုံခဲ့ရတာကြောင့် လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာတော့ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အသက် ၃၈ နှစ်ရှိပြီဖြစ်တဲ့ တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရာဟာ ပြီးခဲ့တဲ့လက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိမှာ ဒူးဒဏ်ရာကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ကျင်းပမယ့် တင်းနစ်ပြိုင်ပွဲတော်တော်များများကို လွဲချော်ရတော့မှာလည်းဖြစ်ပါတယ်။

ရော်ဂျာဖက်ဒဲရာဟာ သူ့ရဲ့ တင်းနစ်ကစားသမားဘဝတစ်လျှောက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆုဖလားခြောက်ကြိမ်၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆုဖလားတစ်ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ဆုဖလားရှစ်ကြိမ်နဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆုဖလား ငါးကြိမ်အသီးသီးရယူထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

## ● ဂျပန်၊ ကာဂျစ္စတန်မှ

ကစားသမားများရွေးချယ်ရန် ပြည်တွင်းပွဲများကို လိုက်လံကြည့်ရှုနေကာ ပဏာမလူစာရင်းကို စခန်းဝင်လေ့ကျင့်ခါနီးမှ ထုတ်ပြန်မည်ဖြစ်သည်။ MNL ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းပေးခဲ့သောကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် လေ့ကျင့်မှုများ စော၍ပြုလုပ်နိုင်ခြင်းဖြစ်ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားတော့မည်မဟုတ်ဘဲ လေ့ကျင့်မှုများသာ ပြုလုပ်သွားမည်ဖြစ်သည်။

### ရလဒ်ကောင်းရန်လိုအပ်

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်းပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် မတ်လတွင် ကစားမည့်နှစ်ပွဲစလုံးနှင့် ပထမအကျော့ တွေ့ဆုံရာတွင် ရှုံးပွဲကြုံတွေ့ထားပြီး ဂျပန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ ကာဂျစ္စတန်အသင်းကို အဝေးကွင်း၌ ခုနစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် အုပ်စုတွင်း အဆင့်ရပ်တည်မှုမြင့်တက်လာစေရန် လက်ကျန် သုံးပွဲမှာ အရေးပါနေပြီး အမှတ်မကွာသည့် ကာဂျစ္စတန်နှင့်အိမ်ကွင်း၊ တာဂျစ်ကစ္စတန်နှင့် အဝေးကွင်းပွဲများတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲ၊ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ကစားပြီးနောက် လေ့ကျင့်မှုရပ်နားထားပြီး မတ်လမှသာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ကာ ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရထားပြီး လက်ရှိနည်းပြ အန်တွမ်နီဟေးလက်ထက်တွင် နှစ်ပွဲစလုံး အနိုင်ရထားသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

# ကွင်းလယ်ကစားသမားအဲရစ်ဆင် အင်တာမီလန်နဲ့အတူ ပထမဆုံးသွင်းဂိုး သွင်းယူနိုင်ခဲ့

ကွင်းလယ်ကစားသမားအဲရစ်ဆင်ဟာ လူဒိုဂိုးရက်စ်အသင်းနဲ့ အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ ပွဲကစားချိန် ၇၁ မိနစ်မှာ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အင်တာမီလန်အသင်းအတွက် ပထမဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းက လူဒိုဂိုးရက်စ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲရစ်ဆင်နဲ့ လူကာကူတို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ ယူရိုပါလိဂ် ၃၂ သင်းအဆင့်ရဲ့ ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမယ့်ကြာသပတေးနေ့မှာ ဆန်စီယိုကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်ဟာ နည်းပြ ကွန်တီရဲ့ အင်တာမီလန်အသင်းကို ရောက်ရှိချိန်ကတည်းက ငါးပွဲမှာ ၁၃၇ မိနစ် ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အခု လူဒိုဂိုးရက်စ်အသင်းနဲ့ ပွဲစဉ်ရောက်မှသာ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အရင်ပွဲစဉ်တွေမှာတော့ ကိုယ်တိုင်ဂိုးမသွင်းယူနိုင်ခဲ့သလို ဂိုးဖန်တီးမှုလည်း မပြုလုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အင်တာမီလန်အသင်းနည်းပြကွန်တီဟာ ကွင်းလယ်ကစားသမား အဲရစ်ဆင်နဲ့အတူ မန်ယူအသင်းမှ အငှားနဲ့ ခေါ်ယူထားတဲ့ တိုက်စစ်မှူး ဆန်းချက်ဇ်ကိုလည်း တွဲဖက်ကစားစေခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ အခုယူရိုပါလိဂ်ပြိုင်ပွဲရဲ့ ၃၂ သင်းအဆင့်မှာ နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းတစ်ခုရရှိထားတဲ့အပြင် အီတလီစီးရီးအေမှာလည်း ပွဲစဉ် ၂၄ ပွဲကစားအပြီးမှာ ရမှတ် ၅၄ မှတ်နဲ့ အဆင့် ၃ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**



## အနုပညာ



# ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးသီချင်းသစ် ထုတ်လွှင့်

ကျော်ကြားတဲ့ အမေရိကန် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုမက်ဇ်ဟာ လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီတေးသီချင်းမှာ သစ္စာမရှိတဲ့ ချစ်သူဆီကို သူပြောချင်တဲ့စကားတွေကို ထုတ်ဖော်ပြောကြားဟန် ရေးသားထားတာကိုလည်း တွေ့ရကြောင်း အီးတီအွန်လိုင်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၂၁ ရက်မှာ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ “Feel Me” ကို တေးစာသားတွေနဲ့အတူ ဗီဒီယိုဖိုင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ဒီတေးသီချင်းကို သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေ မတိုင်မီ ထုတ်လွှင့်ခြင်းဖြစ်ပြီး ဆယ်လီနာဟာ ပရိသတ်တွေ တောင့်တနေတဲ့ တေးသီချင်းမျိုးကို ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

“Feel Me” တေးသီချင်းကို ဆယ်လီနာဂိုမက်ဇ် ကိုယ်တိုင်ရေးသားခဲ့တာပါ။ ဒီသီချင်းကို ၂၀၁၇ ခုနှစ်အတွင်း ရေးသားခဲ့တာဖြစ်ပြီး အဲဒီအချိန်တုန်းက ဆယ်လီနာဟာ သူ့ရဲ့ အချစ်ဟောင်း ဂျက်စတင်ဘီဘာနဲ့ လမ်းခွဲလိုက်ပြန်လည်လက်တွဲလိုက် ဖြစ်နေတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီသီချင်းမှာ သစ္စာမရှိတဲ့ချစ်သူဆီကို အမှာပါးနေတဲ့စာသားတွေ ထည့်သွင်းရေးသားထားတာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် - ရေးသားသည်**


# EXO အဖွဲ့မှာ ချန်း ဆက်ရှိနေဦးမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းဟာ မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တဲ့ မင်္ဂလာသတင်းကြောင့် လူမှုကွန်ရက်မီဒီယာပေါ်မှာ အမျိုးမျိုးသော ဝေဖန်တိုက်ခိုက်မှုတွေနဲ့ ကြုံခဲ့ရပါတယ်။ ဒီပြဿနာတွေကြောင့် ချန်း အဖွဲ့ကနေ ထွက်ခွာသွားမှာမဟုတ်ဘဲ ဆက်လက်ရှိနေဦးမှာ ဖြစ်ကြောင်းနဲ့ အဖွဲ့ရဲ့ အနာဂတ်အနုပညာလှုပ်ရှားမှုတွေအကြောင်း လတ်တလောမှာ အေဂျင်စီက ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အက်စ်အမ်အင်တာတိန်းမန့်က လတ်တလောမှာ EXO ရဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်သစ်အကြောင်း ပရိသတ်တွေကို ထုတ်ဖော်အသိပေးခဲ့ပြီး တစ်ဆက်တည်းမှာပင် အဖွဲ့မှာ ချန်းဆက်လက်ရှိနေဦးမှာ ဖြစ်ကြောင်းနဲ့ လက်ထပ်ပြီးဖြစ်ပေမယ့် EXO ကနေ ထွက်ခွာသွားမှာ မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ချန်းလက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းကို ပရိသတ်တွေကို ထုတ်ဖော်မပြောကြားမီမှာပင် အခြားသော အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဖွဲ့အတွင်း ချန်းကို ဆက်လက်လက်ခံထားဖို့ရာနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ရာမှာ အခြားသော အဖွဲ့ဝင်တွေက အဖွဲ့ဝင်တစ်ဦး ဆုံးရှုံးရတဲ့ ခံစားချက်ကို တွေ့ကြုံခဲ့ပြီးဖြစ်တာကြောင့် နောက်ထပ်အဖွဲ့ဝင်တစ်ဦး မဆုံးရှုံးလိုတော့ကြောင်းနဲ့ ချန်းဟာ EXO နဲ့ တွဲဖက်ကာ အဖွဲ့လိုက် လှုပ်ရှားမှုတွေရော တစ်ကိုယ်တော် လှုပ်ရှားမှုတွေပါ လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် EXO အဖွဲ့ဝင်တွေ စစ်မှုထမ်းဆောင်သွားဖို့ရာလည်း ရှိနေပြီး အနုပညာလှုပ်ရှားမှုတွေကို တစ်ဦးချင်းစီရော အဖွဲ့လိုက်ပါ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ချန်း လက်ထပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားချိန်မှာ အချို့သော ပရိသတ်တွေက ပေါ့ပ်ကြယ်ပွင့်ကို အဖွဲ့ကနေ ထုတ်ပယ်ဖို့ တောင်းဆိုခဲ့ကြပြီး အချို့ကတော့ ဆုမွန်ကောင်းတောင်းပေးကာ အဖွဲ့မှာ ဆက်လက်ရှိနေစေလိုကြောင်း ဖော်ပြခဲ့ကြတယ်လို့ သိရပါတယ်။




အဲကမ္ဘောဇလေကြောင်းလိုင်းမှ
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသော
နိုင်ငံ့ဝန်ထမ်းများအတွက်.....
၂၅
%
အထူးလျှော့ဈေး
အဲကမ္ဘောဇ၏ ပြည်တွင်းလေကြောင်းခရီးစဉ်များအားလုံး ဝယ်ယူနိုင်ပါသည်။
လက်မှတ်ဝယ်ယူရန်ကာလ - ၂၀၂၀ ဖေဖော်ဝါရီ (၁၅)ရက်နေ့မှစ၍
ခရီးသွားရမည့်ကာလ - ၂၀၂၀ ဖေဖော်ဝါရီ (၁၅)ရက်နေ့မှစ၍
*Terms & Conditions Apply
www.airkbz.com


Fly with
MAI
SEOUL
(INCHEON)
ROUND TRIP
STARTING
FROM
461
USD
FLIGHT
ROUTE
DEPARTURE
ARRIVAL
DAY
YANGON - INCHEON
TUE, THU, SAT, SUN
INCHEON - YANGON
MON, WED, FRI, SUN
BANGKOK
ROUND TRIP
FROM
99
USD
SINGAPORE
ROUND TRIP
FROM
203
USD
GUANGZHOU
ROUND TRIP
FROM
235
USD
KOLKATA
ROUND TRIP
FROM
148
USD
All Flight Departures are from Yangon
Sales Period: 19 Feb to 31 Mar 2020
Travel Period: 19 Feb to 31 Mar 2020
(Blackout Dates Apply)
* Terms & Conditions Apply
Hotline: (01) 967007
www.maiair.com
Follow us on
DOWNLOAD NOW!

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်ကြည် (ခ) Cheng Shing Chi
Toronto, Canada
### အသက် (၇၄) နှစ်
Founder and Senior Consultant
### မြန်မာအရှေ့တိုင်းဘဏ်လီမိတက်(MOB)

No.27, WINGATE, CRESCENT RICHMOND HILL, ONTARIO L4B, 3J3, Canada နေ Mrs. WU YUET HUNG @ ဒေါ်ခင်ခင်ကြည် ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကြည်ကြည်သန်း(ဥက္ကဋ္ဌ၊ မြန်မာအရှေ့တိုင်းဘဏ် လီမိတက်)၊ ညီနှင့်ညီမများ၏ချစ်လှစွာသောအစ်ကိုကြီး၊ Ms. AUDREY CHENG HIU MUI–Mr.JOHN TSENG KWOK KWONG၊ Mr.CHENG KAM HUNG (Deputy General Manager–MOB)တို့၏ချစ်လှစွာသောဖခင် ဦးစိန်ကြည် (ခ) Cheng Shing Chiသည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) ကနေဒါ စံတော်ချိန် ည ၉:၃၀ နာရီတွင် ကနေဒါနိုင်ငံ၊ Toronto မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ ဥက္ကဋ္ဌ နှင့်ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဦးစွန်ကြိုင်
### မြို့လယ် ဓမ္မာရုံဂေါပကအဖွဲ့(နာယကကြီး)
### အသက် (၉၀)

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ်(၂၀၄)နေ (ဦးစိန်မောင်–ဒေါ်ကျင်လွမ်) တို့၏ သားကြီး၊ (ဦးစွန်းထောင်–ဒေါ်အေးပု)တို့၏သားသမက်၊ ဒေါ်ကြည်ညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုင်းအောင်ချို–ဒေါ်နွယ်နွယ်ခင်၊ ဦးခင်မောင်မျိုးတင့်–ဒေါက်တာနွယ်နွယ်ယဉ်၊ ဦးစိန်နိုင်၊ ဦးဝင်းဆွေ–ဒေါက်တာနွယ်နွယ်ဇင်၊ ဦးသန်းနိုင်–ဒေါ်ရီမာအောင်ချို၊ ဦးဝင်းနိုင်–ဒေါ်ချိုချို၊ ဦးစိုးနိုင်–ဒေါ်ကေဇင်မျိုးအောင်၊ ဦးအောင်နိုင်–ဒေါ်စီစီအောင်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ် သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၀–၂–၂၀၂၀ (ကြာသပတေးနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၂–၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ (၆)မိုင် ဟုတ်ကြန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ သိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အဆိုတော် ဦးမင်းအောင် အသက် (၄၅)နှစ်
### (22.2.2001) - (22.2.2020) ခွဲခွာခြင်း (၁၉)နှစ်မြောက်

ဘဝ ရသရွှေသောတတွေ့သမို့အေးငြိမ်းရာအမှန်မြတ်နိဗ္ဗာန်ကိုရည်သန်ပြီး ယခင်ယခုပြုပြုသမျှ ဒါန၊သီလ၊ဘာဝနာကုသိုလ်အလုံးစုံကို (အမျှ)ပေးဝေပါတယ် တမလွန်မှာ ငြိမ်းချမ်းအေးမြပါစေ။ သတိရ အောက်မေ့လျှက် .....

ကျန်ရစ်သူ ဇနီး - ဒေါ်ခင်ငြိမ်းစိုး

သား/သမီး - မစုသက်မင်းအောင်၊ မငြိမ်းအိမင်းအောင်၊ မောင်မိုးလျှံမင်းအောင် မိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်မြ
### အသက်(၁၀၈)နှစ်

သူငယ်ချင်း ဒေါက်တာစိုးနိုင်ဝင်း၏ ဖခင်ဖြစ်သူ ဦးမောင်မြသည် ၂၀–၂–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**စိုးနိုင်၊ ဆရာလေး၊ ခင်နှင်းဦး၊ စုလင်း၊ ချိုမြင့်၊ စန္ဒာ၊ ရီကျော်၊ ခိုင်လေး**

---

## ဦးမြသန်း
### တပ်မတော်–လေ၊ ငြိမ်း
### အသက် (၈၃) နှစ်

ပေါင်းတည်မြို့နေ (ဦးစံကျော်–ဒေါ်မိ)တို့၏သား၊ ပြည်မြို့နေ (ဦးစော–ဒေါ်ဇင်)တို့၏ သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ တုသိတာ(၂)လမ်းနေ (ဒေါ်အုန်းသန်း)၏ခင်ပွန်း၊ ဒေါ်လဲ့လဲ့ဦး(MEHL)၊ (ဦးဝင်းဇော်ဦး)– ဒေါ်ကေသွယ်ချောစုအောင်(TTAS Co.,Ltd)၊ ဦးနေလင်း(MICA POWER)–ဒေါ်နော်သီရိမိုး၊ ဦးနေဝင်း(AIR THANLWIN)–ဒေါ်မေသန္တာအောင်တို့၏ချစ်လှစွာသော ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုး ဦးမြသန်းသည် ၂၀–၂–၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၂–၂၀၂၀(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျင်ရွှေ (အထောင်၊ ကန်ကလေး)
### အသက်(၉၁)နှစ်

သူငယ်ချင်း ဒေါက်တာချိုချိုမြင့် (တွဲဖက်ပါမောက္ခ၊ သားဖွားမီးယပ်ပညာဌာန၊ ဆေး–၂)၏ မိခင်ဖြစ်သူ ဒေါ်ကျင်ရွှေ သည် ၉–၂–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**စိုးနိုင်ဝင်း၊ စိုးနိုင်၊ ဆရာလေး၊ ခင်နှင်းဦး၊ စုလင်း၊ စန္ဒာ၊ ရီကျော်၊ ခိုင်လေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်ကြည်(ခ)Cheng Shing Chi
Toronto, Canada
### အသက်(၇၄)နှစ်
Founder and Senior Consultant
### မြန်မာအရှေ့တိုင်းဘဏ်လီမိတက်(MOB)

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် ၏ Founder and Senior Consultant ဖြစ်သူ ဦးစိန်ကြည်(ခ)Cheng Shing Chi သည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) ကနေဒါနိုင်ငံ ဒေသစံတော်ချိန် ည ၉:၃၀ နာရီတွင် ကနေဒါနိုင်ငံ Toronto မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် အစုရှယ်ယာရှင်များ**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်**

---

## (၁၀) နှစ်ပြည့်သတိရအမျှပေးဝေခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
### ဒေါ်နီနီ
### (၂၂.၂.၂၀၁၀ မှ ၂၂.၂.၂၀၂၀)

ခင်ပွန်းနှင့် သားသမီးများအပေါ် အလွန်တာဝန်ကျေသော အိမ်ရှင်မကောင်းတစ်ဦးအဖြစ် ကျွမ်းဝင်သူတိုင်းက အမြဲမှတ်ယူပြီး တမ်းတလျှက်ရှိပါသည်။ သားသမီး(၄)ဦးအား ဆရာဝန်၊ စစ်ဗိုလ်၊ အင်ဂျင်နီယာ၊ သင်္ဘောသားအဖြစ် ဖန်တီးပေးခဲ့ပြီး ခင်ပွန်း၏အလုပ်ဝတ္တရားများတွင် စံပြမိခင်အဖြစ် ရပ်တည်ခဲ့ပါသည်။ သက်ရှိထင်ရှားရှိစဉ်က စိတ်တိုင်းကျ ရွေးချယ်ပူဇော်ခဲ့သည့် ရတနာသိဒ္ဓိဓမ္မာရုံရှိ ကျောက်ဆင်းတုမြတ်စွာ ဘုရားအား ဖူးရသူတိုင်းက ဖူး၍ မဝဖြစ်နေကြပါသည်. ယခုနှစ်အတွင်း ဗုဒ္ဓဂါယာ၌ ဆွမ်း(၃)ကြိမ်ဆက်ကပ်ခြင်း၊ သန်လျင်ဇမ္ဗူဥသျှောင်သီလရှင်စာသင်တိုက်၌ ပညာရေးရန်ပုံငွေ လှူဒါန်းခြင်း၊ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ တရားစခန်း၌ လေအေးပေးစက်နှင့် အာဟာရလှူဒါန်းခြင်း နေ့စဉ်လစဉ် ပြုအပ်သည့် ကောင်းမှု ပြုသမျှအား မြင့်မြတ်ရာဘုံဘဝမှ ဒေါ်နီနီ သာဓု ခေါ်ဆိုနိုင်ပါစေ...

အမျှ...အမျှ...အမျှ

**ခင်ပွန်း ဦးတင်ဝင်းနှင့်သားသမီး**
**မြေးများ**

---

## ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဦးစောရောနယ် (၆၂) နှစ်
### (Golden Eagle, CDC–16355)

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ အမှတ်(၁၁၉၅)နေ (ဦးအက္ကင်း–ဒေါ်သိန်းတင်)တို့၏သားကြီး၊ ဒေါ်နော်အယ်နာဘဲလ်၏ ခင်ပွန်း၊ စောဆာဝါး–ဟန်သီမောင်၊ နော်ဆာဂေး၊ စောဆာကပေါ်တို့၏မွေး သဖခင်၊ စောဇေရာ၏ အဘိုးသည် ၂၁–၂–၂၀၂၀ ရက် နံနက် ၁:၄၀ နာရီတွင် ခရစ်တော်၌ အိပ် ပျော်သွားပါသဖြင့် ၂၃–၂–၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရွာမနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်ကြည် (ခ) Cheng Shing Chi
Toronto, Canada
### အသက် (၇၄) နှစ်
Founder and Senior Consultant
### မြန်မာအရှေ့တိုင်းဘဏ်လီမိတက်(MOB)

မြန်မာအရှေ့တိုင်းဘဏ် လီမိတက်၏ Founder and Senior Consultant ဖြစ်သူ ဦးစိန်ကြည် (ခ) Cheng Shing Chiသည် ၁၉–၂–၂၀၂၀ (ဗုဒ္ဓဟူးနေ့) ကနေဒါ စံတော်ချိန် ည ၉:၃၀ နာရီတွင် ကနေဒါနိုင်ငံ၊ Toronto မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့် စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများ**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်လှိုင်
### အသက်(၈၉)နှစ်

သူငယ်ချင်း ဗိုလ်မှူးစိန်လှိုင်(ငြိမ်း)၊ ဒေါ်အယ်(လ်)ဂျာဘောက် တို့၏ မိခင် ဒေါ်ခင်လှိုင် အသက်(၈၉)နှစ်သည် ၂၀–၂–၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၃)**
**သူငယ်ချင်းမိသားစု**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဖြူဟ္မစိုရ်လမ်း၊ (၅/၇)ရပ်ကွက်၊ အမှတ်(၉၀၈/ခ၊ ၉၁၁/က)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၈)ထပ်တိုက် အမျိုးအစားတိုက်ခန်း၏ (၃–လွှာ)ခြေရင်းခန်း၊ အကျယ်အဝန်း (အလျား ၁၉ ပေx အနံ၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် ရေ၊ မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မာရီ[၁၃/တကန(နိုင်)၁၃၅၄၆၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ဇင်သန့်[၁၂/လမတ(နိုင်)၀၂၆၂၃၃]နှင့် ဒေါ်ငြိမ်းငြိမ်း[၁၂/မရက(နိုင်)၁၀၄၆၆၂]တို့က နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ပြီးဖြစ်ကြောင်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများကိုလည်း လက်ဝယ်ရရှိပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန်းစန်းအေး**
**(LL.B,101,WIPO)**
**အထက်တန်းရှေ့နေ(စဉ်–၃၀၇၀၀)**
**အမှတ်(၁၀)၊ ပထမထပ်၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၅၁၂၀၁၀**

---

## ကွယ်လွန်သူ မောင်ဝေမင်းကျော်ဦး၏ ကျန်ရစ်သူမိသားစုမှ
### ကျေးဇူးတင်လွှာ

၂၄–၁–၂၀၂၀ (သောကြာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပြီ ဖြစ်သော မောင်ဝေမင်းကျော်ဦး ၏ နာမကျန်းစဉ်အချိန်မှစ၍ တစ်လပြည့်အထိ စိတ်ရောကိုယ်ပါ အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးသားချင်းများ၊ အနုပညာနယ်ပယ်အသီးသီးမှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ရပ်ကွက်သူ/သားများ၊ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ၊ ဝမ်းနည်းစကားပါးကြသူများနှင့် ကျေးဇူးတင်ထိုက်သူ တစ်ဦးချင်းစီကို ကျန်ရစ်သူမိသားစုမှ လေးစားစွာအထူးကျေးဇူးတင်ရှိပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄–၂–၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တစ်လပြည့်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါ၍ နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ ခေတ္တာလမ်း၊ အမှတ်(၂၅၄/က)နေ အဖ ဦးထွန်းကြည် (ခ) ဦးကျော်၊ အမိ ဒေါ်ဝင်းရီတို့၏ သမီး မဝင်းစန္ဒာဖြူသည် မိဘစိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ခြင်းကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးထွန်းကြည် (ခ) ဦးကျော်[၁၂/ကမတ(နိုင်) ၀၂၃၈၅၀]**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ်(၁၉)၊ ၅လွှာ/ဘီ အကျယ်(၁၂.၆ပေx၆၅ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီးစုံ အပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ခဲ့သူ ဦးတင်လှိုင် [၃/ကကရ(နိုင်)၀၃၄၈၀၆] မှ လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၂၄၆၈)**
**၁၆၁၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

---

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာသမိုင်းအဖွဲ့၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) နှင့် မြန်မာနိုင်ငံ ဂီတပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုဆိုင်ရာပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအမွေအနှစ်များ များစွာပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် ရှေးဟောင်း မြန်မာသမိုင်းကြောင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဂျပန်၊ ကာဂျစ္စတန်နှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း ပြင်ဆင်ချိန်နှစ်ပတ်ကျော် ရရှိမည်



၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာအသင်းနှင့် ဂျပန်အသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် မတ်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) ဒုတိယအဆင့် ယှဉ်ပြိုင်ရန် မတ် ၁၂ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ပြင်ဆင်ချိန်နှစ်ပတ်ကျော်ရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အဝေးကွင်းတစ်ပွဲ၊ အိမ်ကွင်းတစ်ပွဲ ကစားရမည်ဖြစ်ပြီး အိမ်ကွင်းပွဲကစားမည့် မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့ လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် ပဏာမကစားသမား ၂၅ ဦး ဝန်းကျင်ဖြင့်သာ ဖွဲ့စည်းမည်ဖြစ်ပြီး

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ●

## သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာကျောင်းသင်ခန်းစာများကို အချပ်ပိုစာမျက်နှာ (က၊ ခ)တွင် ဖော်ပြထားပါသည်။

## MNL အမှတ်ပေးပြိုင်ပွဲ ဘောလုံးပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

၂၀၂၀ ရာသီ Myanmar National League (MNL) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအနက် ရန်ကုန်ယူနိုက်တက် FC အသင်းနှင့် ရှမ်းယူနိုက်တက် FC အသင်းတို့သည် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲမှစတင်၍ ရန်ကုန်မြို့ရှိ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့တွင် ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ဖတ်စရာ



ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ကလေးငယ်သုံးဦး အသစ်ထပ်မံတွေ့ရှိ

စာမျက်နှာ ၁၃

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး သွားရောက်သည့်ရဟတ်ယာဉ်အား AA လက်နက်ကိုင်အဖွဲ့က စက်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့

စာမျက်နှာ ၁၄



မြန်မာနိုင်ငံ ကားဈေးကွက်သို့ ကမ္ဘာကျော်ကားအမှတ်တံဆိပ် ၁၅ ခု ချိတ်ဆက်ပြသ

စာမျက်နှာ ၁၇

ဒူးဒဏ်ရာရရှိခဲ့သည့် ရော်ဂျာဖက်ဒဲရာ ငါးနှစ်တာကာလအတွင်း ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ လေးကြိမ်မြောက်လွဲချော်



စာမျက်နှာ ၂၀



ထန်တလန်မြို့၌ ကျင်းပသည့် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ ရှီးရာယဉ်ကျေးမှုအကဖျော်ဖြေပွဲတွင် ဝါးညှပ်အကဖြင့် ဖျော်ဖြေစဉ်။ (သတင်းစဉ်)

# ချင်းအမျိုးသားနေ့ဟူသည် . . . . . . .

## မောင်မောင်ကျော့ (ပလက်ဝ)

ဖေဖော်ဝါရီ ၂၀ ရက် ... ။ ချင်းတိုင်းရင်းသားတို့၏ နှလုံးသားထဲတွင် ကမ္ပည်းတင်ထားသည့် ချင်းအမျိုးသားနေ့ ...။ ဤနေ့သို့ရောက်တိုင်း ချင်းတိုင်းရင်းသားတို့သည် ၁၉၄၈ ခုနှစ်တွင် ဖလမ်းမြို့၌ ကျင်းပခဲ့သော ချင်းအမျိုးသားညီလာခံကို အမှတ်ရကြပါလိမ့်မည်။ ဖလမ်းမြို့ ချင်းအမျိုးသားထု တစ်ရပ်လုံးညီလာခံသည် ချင်းအမျိုးသားနေ့ကို မွေးဖွားသန့်စင်ပေးလိုက်သလို ချင်းတိုင်းရင်းသား သွေးစည်းညီညွတ်မှုရလဒ်ကို ဖော်ဆောင်ပေးခဲ့သည့် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

### တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသော ပင်မမျိုးနွယ်ကြီး ရှစ်မျိုးနှင့် ယင်းတို့၏ မျိုးနွယ်စုများအပါအဝင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး ရှိကြသည်။ ယင်းတို့အသီးသီးတွင် နေ့ထူးနေ့မြတ်များရှိကြသည်။ ထိုအထဲတွင် အမျိုးသားနေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ချင်းအမျိုးသားနေ့ ပေါ်ပေါက်ရခြင်းသည် ချင်းမျိုးချစ်ခေါင်းဆောင်တို့၏ တောင်တန်းပြည်မ ပူးပေါင်း၍ လွတ်လပ်ရေးရယူရန် ကြိုးပမ်းခဲ့မှုမှ စတင်မျိုးစေ့ချခဲ့ခြင်းဖြစ်သည်။ ချင်းတိုင်းရင်းသားတို့သည် ညီနောင်တူဖွား တိုင်းရင်းသားသွေးချင်းများနှင့်အတူ နယ်ချဲ့လက်အောက်တွင် ခါးသီးဖွယ်ကောင်းသည့် ဘဝကို ခံစားခဲ့ရသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်မှ အဖိနှိပ်ခံရရုံသာမက ပြည်မနှင့် အခြားတိုင်းရင်းသားတို့နှင့်ပါ အဆက်အသွယ်ဖြတ်တောက်ခံရခြင်း၊ အသိဉာဏ် အမှောင်ချခံရခြင်း၊ ဘာသာရေးဗန်းပြပြီး ယဉ်ကျေးမှုဖျက်ဆီးခံရခြင်း စသည့် နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုကို ခေါင်းငုံ့မခံဘဲ ရရာလက်နက်စွဲကိုင်ပြီး သွေးမြေကျခံကာ နယ်ချဲ့တို့ကို ရဲရဲတောက်တော်လှန်ခဲ့ကြသည်။

### သန္ဓေတည်

၁၉၃၃ ခုနှစ် မတ် ၂၇ ရက်တွင် ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်၏ ဦးဆောင်မှုဖြင့် မင်းတပ်နယ် နော်ချောင်းတိုက်နယ်ရှိ မသုံနုံးကျေးရွာတွင် ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့၏ ဒုတိယညီလာခံတွင် ၉၁ ဌာနအုပ်ချုပ်ရေး၌ ချင်းတောင်တန်းအား ထည့်သွင်းပေးရေးအပါအဝင် တောင်းဆိုချက် ကိုးချက်ကို တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြခြင်းသည် ချင်းအမျိုးသားနေ့ကို သန္ဓေတည်ခဲ့ခြင်းပင်ဖြစ်သည်။

၁၉၃၈ ခုနှစ်တွင် ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ တတိယအကြိမ်ညီလာခံကို ဝမ္မသူးကျေးရွာတွင် ကျင်းပခဲ့သည်။ ဤတတိယအကြိမ် ညီလာခံတွင် တောင်းဆိုချက် ကိုးချက်ကို အင်္ဂလိပ်အစိုးရထံ ကိုယ်စားလှယ်စေလွှတ်၍ တောင်းဆိုရန် ဆုံးဖြတ်ခဲ့ပြန်သည်။

၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အင်္ဂလိပ်အစိုးရနှင့် ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့တို့ ကန်ပက်လက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် လူထုကိုယ်စားလှယ် သုံးထောင်ကျော် တက်ရောက်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မကွေးခရိုင် ဝန်ရှင်တော်မင်းကြီး မက္ကရီကင်းက တောင်းဆိုချက် ကိုးချက်ကို ပယ်ချခဲ့သည်။ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ကို မတရားအသင်းကြေညာပြီး ခေါင်းဆောင် ကိုးဦးကိုပါ ဖမ်းဆီးခဲ့သည်။ ထို့ကြောင့် ချင်းလူထုတစ်ရပ်လုံး မခံမရပ်နိုင်ဖြစ်ကာ တိုက်နယ်ဥက္ကဋ္ဌ ၃၆ ဦးတို့ ရာထူးခန့်စာကို နယ်ပိုင်ဝန်ထောက်ထံ ပစ်ပေါက်အပ်နှံကာ ရာထူးမှနုတ်ထွက်ခဲ့ကြသည်။ အခွန်မဆောင်၊ ကူလီမထမ်း၊ အစိုးရအမှုမထမ်း၊ အစိုးရနှင့်အဆက်အသွယ်ဖြတ်ရန် ပြည်သူ့အင်အားဖြင့် ဆန္ဒပြသပိတ်မှောက်ခဲ့သည်။ ထိုအချိန်မှစ၍ ချင်းအမျိုးသားတို့၏ ရဲရင့်ပြောင်မြောက်သည့် နယ်ချဲ့ဆန့်ကျင်ရေးပိုမိုအရှိန်ရရှိစေခဲ့ကာ လွတ်လပ်ရေးအတွက်ပါ အရေးပါလာခဲ့သည်။ ချင်းအမျိုးသားနေ့ သန္ဓေပိုမိုရင့်မာလာခဲ့သည်။



(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို မင်းတပ်မြို့ မြို့မဘောလုံးကွင်း၌ ကျင်းပစဉ်။ ခွိရှိန်းမောင်း ခရိုင်(ပြန်/ဆက်)

**ချင်းတိုင်းရင်းသားတို့အပါအဝင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုစည်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီပြည်ထောင်စုစနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်လျက်ရှိပေသည်။ တစ်ဖက်ကလည်း နိုင်ငံတော်အေးချမ်းသာယာရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများဘေးကင်းလုံခြုံရေးအတွက် အဟန့်အတားဟူသမျှကို ချင်းတိုင်းရင်းသားတို့အနေဖြင့်လည်း မိမိတို့၏ သွေးချင်း ညီအစ်ကိုမောင်နှမများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

### ချင်းအမျိုးသားညီလာခံ ကျင်းပခဲ့

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ အစိုးရဖွဲ့ရာတွင် ဦးဝမ္မသူးမောင် အစိုးရအဖွဲ့ဝင်ချင်းရေးရာဝန်ကြီးဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရရှိပြီးဖြစ်သော်လည်း ချင်းဝိသေသတိုင်းတွင် နယ်ချဲ့လက်အောက်ခံ တိုက်သူကြီးအုပ်ချုပ်ရေးစနစ် ရှိနေသေးသည်။ ထိုစနစ်ကို ဖျက်သိမ်းရန် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ချင်းအမျိုးသားညီလာခံကို ဖလမ်းမြို့တွင် ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ချင်းတိုင်းရင်းသားကိုယ်စားလှယ် ၅၀၀၀ ကျော် တက်ရောက်ခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက် ဖလမ်းညီလာခံ ဒုတိယနေ့အစည်းအဝေးတွင် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် တိုက်သူကြီး အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းလိုက်သည်။ ညီလာခံကိုယ်စားလှယ် ချင်းတိုင်းရင်းသားအားလုံး၏ဆန္ဒအရ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤညီလာခံတွင်ပင် ချင်းမျိုးချစ်ခေါင်းဆောင်တို့ ချင်းအမျိုးသားထုတစ်ရပ်လုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် တောင်တန်းပြည်မပူးပေါင်းကာ လွတ်လပ်ရေးအရယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ချင်းတိုင်းရင်းသားတို့၏

အထူးကဏ္ဍစာမျက်နှာ ၈ သို့ »»

(ယခင်အပတ်မှအဆက်)

ရေဖြင့်နှပ်ထားပြီး နူးနပ်ပြီဟု ထင်ရသည့်အချိန်တွင် ထိုသို့နှပ်ထားသော မြေများကို ပျော့ပျောင်းလာသည်အထိ ခြေထောက်ဖြင့် သမအောင် နင်းနယ်ပေးရသည်။ မြေများ စေးလာသည့်အချိန်တွင် ပျဉ်ပြားတစ်ခုပေါ်တွင် ထိုမြေများကို ဖုအုံပြီး မိုးကာစဖြင့် အုပ်ထားကာ မိမိတို့လိုအပ်သော အိုးကိုပြုလုပ်နိုင်ပြီ ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် သစ်သားချောင်းတစ်ခုကိုချွန်ပြီး မြေတွင်မြှုပ်ထားသည့် အောက်ခံတိုင်တစ်ခု ရှိသည်။ အချွန်ကို မြေပေါ်တွင် ဖော်၍မြှုပ်ရသည်။ ထိုသို့အချွန်တွင် စွပ်ရန်အတွက် လက်ကိုင်နှစ်ဖက်ပါသော သစ်သားတုံးကို မိုးပြဲဒယ်အိုး၏ဖင်ကဲ့သို့ ပြုလုပ်ကာ အပေါ်တွင် ညီညာနေစေရသည်။ ထိုသစ်သားတုံးအောက်တွင် အပေါက်တစ်ခုပါရှိရမည်ဖြစ်ပြီး ထိုအပေါက်တွင် မြေတွင်မြှုပ်ထားသော အချွန်ကိုထည့်ကာ အလွယ်တကူ လှည့်နိုင်ရန်အတွက် အမဲဆီကို သုတ်လိမ်းထားရသည်။ ထိုသို့ပြုလုပ်ထားသော သစ်သားတုံးသည် လက်ဖြင့်လှည့်သည့်အခါ ဝှေ့နေသဖြင့် အိုးလုပ်ရာတွင် အလွယ်တကူပုံဖော်နိုင်သည်။ ထိုသို့သစ်သားဖြင့် ပြုလုပ်ထားသည့်အိုးလုပ်သည့်အရာကို အိုးလုပ်စက်ဟု ဒေသခံများက ခေါ်ဆိုကြသည်။

အိုးများကို မိမိလိုသလိုပြုလုပ်ပြီးနောက် နေလှန်းရသည်။ အချို့သောအိုးများမှာ နေလှန်းပြီးသည်နှင့်အဆင့်ဆင့် ပြန်ကိုင်ရသည်များလည်းရှိသည်။ အချို့သော အိုးများမှာ အနည်းငယ် ခြောက်သွေ့လာမှ ရိုက်ရသည်များလည်း ရှိသည်။ အိုးရိုက်ရာတွင်လည်း အတွင်းဘက်တွင် ချောမွတ်နေသော သစ်သားတုံးတစ်ခုကိုခံပြီး မိမိတို့လိုအပ်သော ပန်းခက်နှင့် အလှအပများကို ဖန်တီးကြရသည်။ ထို့နောက် အိုးများကို နေပူတွင် ခြောက်သည်အထိ ပြန်လှန်းရသည်။ အိုးများခြောက်လာလျှင် အိုးစိမ်းအဆင့် ပြီးဆုံးပြီဖြစ်သဖြင့် မီးဖုတ်ရတော့မည်။

မီးဖုတ်ရာတွင်လည်း တွင်းများဖြင့် ဖုတ်ခြင်းမျိုးမဟုတ်။ မြေကြီး၏ အပေါ်ယံအလွှာတွင်သာ ဖုတ်ခြင်းဖြစ်သည်။ ဦးစွာ မြေကြီးပေါ်တွင် မိမိဖုတ်မည့် အိုးအရေအတွက်ပေါ်မူတည်၍ ခြောက်သွေ့သော ထင်းများကို ခပ်စိပ်စိပ် ဖြန့်ခင်းရသည်။ ဖြန့်ခင်းထားသော ထင်းများပေါ်တွင် အိုးများကို စနစ်တကျစီရသည်။ စီထားသော အိုးများ၏ ပတ်ပတ်လည်တွင် ထင်းများကို ဝန်းရံကာ ထောင်ထားရသည်။ ထို့နောက် ကောက်ရိုးများကို အုံလိုက်ရသည်။ ကောက်ရိုးများမရှိလျှင် ဝါးရွက်ခြောက်များကိုလည်း အသုံးပြုနိုင်သည်။ ကောက်ရိုးများကို အုံလိုက်ပြီးနောက် မြေချဉ်များကို အရည်ဖျော်ကာ ထိုကောက်ရိုးများတွင် သုတ်လိမ်းပေးရသည်။ ထိုသို့ သုတ်လိမ်းပေးခြင်းသည် အထဲတွင် လောင်ကျွမ်းနေသောမီးများ အပြင်သို့ မပျံ့လွင့်စေရန်အတွက်ဖြစ်သည်။ ထိုသို့ မြေချဉ်များကိုသုတ်လိမ်းပြီးသည်နှင့် မီးညှိရန်အတွက် ချိန်ထားသောနေရာမှ မီးများစတင်လောင်ကျွမ်းစေပြီး မီးများ တောက်လောင်ပြီးသည်နှင့် ထိုနေရာကိုလည်း မြေချဉ်ဖြင့် ပိတ်လိုက်ရမည်ဖြစ်သည်။ ထို့နောက် အိုးပျက်များဖြင့်လည်း ဖုတ်ထားသော မီးဖိုပေါ်တွင် စုအုံထားနိုင်သည်။ အတွင်းမှမီးများကို အိုးပျက်များက အပြင်သို့ မပျံ့လွင့်စေရန် ထိန်းသိမ်းပေးထားခြင်းကြောင့်ဖြစ်သည်။ မီးများ တဖြည်းဖြည်းဖြင့် လောင်ကျွမ်းနိုင်မှသာ ဖုတ်ထားသော အိုးများကျက်မည်ဖြစ်သည်။ အိုးများ ကျက်မှသာ တာရှည်ခံသော အိုးရမည်ဖြစ်သည်။ အိုးဖုတ်ရာတွင် အနည်းဆုံး ဆယ့်နှစ်နာရီခန့်ကို ရဲရဲနီသော မီးဖြင့် ဖုတ်ပြီးသည်နှင့် အိုးဖုတ်ခြင်းပြီးဆုံးသည်။ အိုးဖုတ်ရာမှ ထွက်ရှိလာသော ပြာနှင့် မြေကျက်များကို သန့်စင်ပြီး မိမိတို့ စိုက်ပျိုးမြေများ ပြုပြင်ရာတွင်လည်း အသုံးပြုနိုင်သည်။

**အိုးလုပ်ငန်းများ ဆက်လက်ထိန်းသိမ်းထား**

အော်ယောရပ်ကွက်ရှိ အိုးလုပ်ငန်းများသည် ခနုဒေသရှိ လုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ ပြည်တွင်းသာမက



ပြည်ပရှိ နိုင်ငံခြားသားများလည်း အလွန်စိတ်ဝင်စားသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ အိုးလုပ်ငန်းများကို ရှေးယခင်ကတည်းက ပြုလုပ်ခဲ့ကြသော်လည်း လက်ရှိတွင် မိသားစုအနည်းငယ်သာ ပြုလုပ်ကြတော့သည့်အတွက် ခနုဒေသအတွင်းရှိ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ကြသည့် ဟိုတယ်၊ မိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များက ယခင်ကထက် ပိုမိုသတိပြုမိလာကြသည်။ ထို့ကြောင့် ပျောက်ကွယ်လုနီးပါးဖြစ်သော အိုးလုပ်ငန်း အခြေအနေမှာ ပြန်လည်၍ အားအင်ပြည့်ဖြိုးလာခဲ့ရသည်။ ယခုနောက်ပိုင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးသီးနှံများ ဈေးကွက်မရရှိမှုနှင့် ရာသီဥတုပြောင်းလဲလာခြင်းကြောင့် အော်ယောရပ်ကွက်ရှိ အလုပ်သမားများအနေဖြင့် အိုးလုပ်ငန်းများဘက်သို့ ပြန်လည်ဦးတည်လာခဲ့ကြသည်။

လက်ရှိတွင်လည်း အိုးလုပ်ငန်းတွင် ဖောက်သည်များစွာရှိသကဲ့သို့ အိုးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်လာကြသည်။ အိုးလုပ်ငန်းလုပ်ကိုင်သူများကလည်း မိမိတို့ဘိုးဘွားအမွေ၏ လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် အလုပ်သမားများမှာ လုပ်ငန်းတစ်ခုကို တန်ဖိုးဖြတ်သလိုဖြစ်မည်ကို စိုးရိမ်ကြသောကြောင့် နေ့စားဖြင့် အလုပ်မလုပ်ကြဘဲ ကုန်ကြမ်းထုတ်သူများနှင့် အလုပ်သမားများသည် ထွက်လာသော ကုန်ချောများ၏အရေအတွက်ကို တစ်ယောက်တစ်ဝက်ယူသည့်စနစ်ဖြင့်သာ အိုးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ အိုးလုပ်ခြင်းကို စနစ်တကျသင်ကြားခြင်းမျိုး မဟုတ်ပေ။ အလုပ်လုပ်ရင်း ပညာသင်ရင်းဖြင့် နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေအဖြစ် ပေးနေကြခြင်းသာ ဖြစ်သည်။

**ဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်**

အော်ယောရပ်ကွက်မှ ထွက်ရှိလာသော အိုးအမျိုးမျိုးမှာ ခနုဒေသအတွင်းရှိ ဟိုတယ်၊ မိုတယ်များနှင့် ခရီးသွားလုပ်ငန်းအချို့၏ အားကိုးအားထားရာဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဈေးရောင်းပွဲများ၊ ကုန်စည်ပြပွဲများတွင်လည်း သွားရောက်ပြသကာ ချိတ်ဆက်ဆောင်ရွက်မှုများကို တွင်ကျယ်စွာ လုပ်ကိုင်လာကြသည်။ ပြည်တွင်း ပြည်ပခရီးသွားများက စိတ်ဝင်တစားရှိကြသည်နှင့်အမျှ အိုးလုပ်ငန်း၏ အနာဂတ်ရေရှည်တည်တံ့ရေးကို မျှော်ကိုးနေကြသည့် အိုးလုပ်ငန်းရှင်များလည်း ရှိကြသည်။ လက်ရှိအချိန် အိုးများကို ဒီဇိုင်းအမျိုးမျိုး၊ အရောင်အသွေးစုံလင်စွာဖြင့် ပြုလုပ်လာကြကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။

ခနုတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ငန်းများစွာထဲမှ အိုးလုပ်ငန်းသည် အခြားသောနေရာဒေသရှိ အိုးလုပ်ငန်းများနှင့် ထုတ်ကုန်များ တူချင်မှတူလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားတိုင်း၏ ရိုးရာဓလေ့ဖြစ်သည့် လုပ်ငန်းအရပ်ရပ်သည် သမာအာဇီဝကျသည့် အလုပ်အကိုင်များဖြစ်သည်နှင့်အညီ ချစ်စရာဓလေ့များဖြစ်ကြသည်။ ထို့ကြောင့် ခနုဒေသရှိ အိုးလုပ်ငန်းသည်လည်း ခနုတိုင်းရင်းသားတို့၏ လုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ ခနုဒေသတစ်ခွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသော လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ထိုသို့သော လုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းကြရမည်မှာလည်း တိုင်းရင်းသားတိုင်း၏ တာဝန်တစ်ရပ်ပင်ဖြစ်သည်။ အခြားသော တိုင်းရင်းသားလူမျိုးများကလည်း မိမိတို့၏ရိုးရာအမွေဖြစ်သည့် လုပ်ငန်းများနှင့်အတူ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း အမွေတစ်ခုအဖြစ် ထိန်းသိမ်းထားသင့်ပေသည်။ ။

## နိုင်ငံသစ်ဆီ ... တို့လှမ်းချီ

❖ ကမ္ဘာ့အလယ် ဝင့်ထည်သည်
တို့များမြန်မာပြည်
နိုင်ငံသစ်ဆီတို့လျှောက်လှမ်း
တူညီရင်ပေါင်တန်း... ။

❖ ငြိမ်းချမ်းရေးလမ်းဦးဆုံးနော်
လျှောက်လှမ်းကြစေသော်
ဖွံ့ဖြိုးလို့ပျော် တို့ဘဝ
အနာဂတ်များလှ... ။

❖ တိုင်းရင်းဒေသညီနောင်တွေ
စိတ်ဝမ်းမကွဲပေ
အတူတူလေတို့ချီတက်
တောက်ပထွန်းလင်းလက်... ။

❖ နိုင်ငံရပ်ခြားရောက်လို့နေ
တို့များညီနောင်တွေ
အမိမြေကိုတန်ဖိုးထား
ကြိုးစားကြစေသား... ။

❖ ကျေးဇူးတရားအောက်မေ့ဖွယ်
ညီညွတ်ကြမယ်ကွယ်
မျိုးချစ်စိတ်ရယ် ရှိပါမှ
တည်တံ့ ထာဝရ... ။

❖ သမိုင်းကြောင်းကသက်သေတည်
ဇာတိမာန်တက်ချီ
နိုင်ငံသစ်ဆီသွားကြဖို့
ပူးပေါင်းပါဝင်စို့ ... ... ... ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

## သံတောင်ကြီးမြို့၌ တိုင်းရင်းသားစာပေစွမ်းရည်ပြိုင်ပွဲကျင်းပ

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တိုင်းရင်းသားဘာသာ သင်ကြားနေသော အခြေခံပညာကျောင်း ၂၄ ကျောင်းမှ စကောကရင်စာပေနှင့် ဘွဲကရင် စာပေစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သံတောင်ကြီး (အထက)ကျောင်းရှိ မိုးလုံလေလုံ အားကစားရုံအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နယက နော်လဲဒါက အဖွင့်အမှာစကား ပြောကြားသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ယင်းနောက် ပြိုင်ပွဲကို စတင်ကျင်းပရာ စကောကရင်စာပေ ကဗျာရွတ်ပြိုင်ပွဲတွင် Grade(1)(2) မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး၊ Grade (3)(4)(5) ပြိုင်ပွဲတွင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ Grade(6)(7) ပြိုင်ပွဲတွင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး၊ Grade(9)(10)ပြိုင်ပွဲတွင် ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဘွဲကရင် စာပေစွမ်းရည်ပြိုင်ပွဲတွင် ကဗျာသရုပ်ဖော်ပြိုင်ပွဲ၌ Grade(1) အဆင့် ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆ ဦး၊ Grade (2) စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဘွဲစာပေအရေးပြိုင်ပွဲတွင် ၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်

(ပြန်/ဆက်)




**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

## မြင့်နိုင်စိုး ( ပြန်ဆက် )

# ချင်းရိုးရာအထည်များ ရောင်းအားကောင်း





(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်ကို ချင်းပြည်နယ် ထန်တလန်မြို့၌ နိုင်ငံတော်အဆင့် ပထမဦးဆုံးအကြိမ် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ချင်းတိုင်းရင်းသားရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ရောင်းအားကောင်းလျက်ရှိကြောင်း ထန်တလန်မြို့မှ ချင်းရိုးရာအဝတ်အထည်များ ရောင်းချလျက်ရှိသော ဈေးသည်များထံမှ သိရသည်။

ချင်းရိုးရာအဝတ်အထည်များတွင် စက်ရုံထုတ်အဝတ်အထည်များကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ်သို့ အများဆုံး တင်သွင်းရောင်းချလျက်ရှိပြီး ခေတ်နှင့်လိုက်လျောညီထွေစွာ အဆင်လှခြင်း၊ ဒီဇိုင်းဆန်းဆန်းလေးများ ထွက်ရှိခြင်းတို့ကြောင့် အမျိုးသမီးများ အကြိုက်များပြီး မိန်းကလေးငယ်များအတွက် ချင်းရိုးရာလည်ဆွဲနှင့်လက်ဝတ်အထည်အမျိုးမျိုးလည်း ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။ "ချင်းအမျိုးသားနေ့နီးလာတိုင်း ဈေးရောင်းလို့ကောင်းပါတယ်။ ဒီနှစ်မှာ ထန်တလန်မှာ ပထမဦးဆုံးအကြိမ် နိုင်ငံတော်အဆင့် ချင်းအမျိုးသားနေ့လုပ်ဖြစ်တာဆိုတော့ ပွဲတော်နီးလာလေ ရောင်းအားကောင်းလေပါပဲ။ ပစ္စည်းတွေ ထပ်မှာနေရတယ်။ ပွဲတော်ရက်တွေမှာတော့ ဆိုင်ကြီးတွေ တင်မဟုတ်ဘူး။ ဆိုင်လေးတွေနဲ့ လမ်းဘေးက ယာယီရောင်းချတဲ့ ဆိုင်လေးတွေလည်း အထိုက်အလျောက် ရောင်းချကြရတယ်။ အများဆုံးရောင်းချရတာကတော့ အဆင်လှလှ ဒီဇိုင်းလှလှနဲ့ ဈေးနှုန်းလည်းသက်သာတဲ့ စက်ရက်အထည်တွေပါ။ အမျိုးသားဝတ်ချင်းရိုးရာကုတ်တွေလည်း အရင်နှစ်ကထက်စာရင် ရောင်းရပါတယ်။ ဧည့်သည်တွေကို လက်ဆောင်ပေးဖို့၊ ပွဲတော်မှာဝတ်ဖို့ ဝယ်ကြတယ်"ဟု ထန်တလန်မြို့ ချင်းရိုးရာအဝတ်အထည်ရောင်းဆိုင်ရှင်က ပြောသည်။

(၇၂)နှစ်မြောက်ချင်းအမျိုးသားနေ့ပွဲတော်ကို ထန်တလန်မြို့ အမှတ်(၃) ရပ်ကွက်အထက (၂) အနီး ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

»»» အထူးကဏ္ဍစာမျက်နှာ က မှ

မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ၁၉၄၈ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက် ကန်ပက်လက်မြို့ တွေ့ဆုံညှိနှိုင်းပွဲ၌ အင်္ဂလိပ်အစိုးရအား ဆန့်ကျင်ဆန္ဒပြခဲ့မှု၊ ၁၉၄၈ ခုနှစ် ဖလမ်းညီလာခံ၌ တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ဖျက်သိမ်းကာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးရန် ရှေ့လုပ်ငန်းစဉ်ချမှတ်ပေးနိုင်ခဲ့မှု စသည့်သမိုင်းအစဉ်အလာကောင်းခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်ကို "ချင်းအမျိုးသားနေ့"ဟု သတ်မှတ်သွားရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

### နေ့ထူးနေ့မြတ်

ဤနေ့သည် တိုက်သူကြီးအုပ်ချုပ်ရေးခေါင်းဆောင်များ၊လူထုကိုယ်စားလှယ်ခေါင်းဆောင်များ စည်းလုံးညီညွတ်သောနေ့၊ နယ်ချဲ့ဩဇာခံကို တွန်းလှန်သောနေ့၊ ဒီမိုကရေစီအခွင့်အရေးကို လူထုလက်သို့ စတင်အပ်နှင်းပေးသောနေ့ စသည့် နေ့ထူးနေ့မြတ်ဖြစ်သည့်အပြင် ချင်းအမျိုးသားနေ့ကို မွေးဖွားသန့်စင်ပေးသော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

### (၇၂)နှစ်မြောက်သို့တိုင်

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဦးဝမ္မသူးမောင် မွေးဖွားရာဒေသကို ဂုဏ်ပြုသည့်အနေဖြင့် မင်းတပ်မြို့ မြို့မအားကစားကွင်းတွင် အခမ်းအနား စတင်ကျင်းပခဲ့သည်။ နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်၏ သဝဏ်လွှာကို ဝန်ကြီးချုပ် ဦးနုက ဖတ်ကြားခဲ့သည်။ ဝန်ကြီးများ၏ သဝဏ်လွှာကို ကချင်ရေးရာဝန်ကြီး ဆမားဒူးဝါးဆင်ဝါနောင် ဖတ်ကြားခဲ့သည်။ ချင်းအမျိုးသားနေ့သည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် (၇၂)နှစ်မြောက်သို့တိုင် ရောက်ရှိခဲ့ပေပြီ။




(၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အနော်ရထာလမ်းနှင့် ကုန်းဘောင်လမ်းထောင့် (၁၅)ရပ်ကွက် အမှတ် ၁၈၃ ၌ ကျင်းပစဉ်။

ကျော်ဆန်းဦး(ပြန်/ဆက်)

### ခေတ်မီနိုင်ငံတော်သစ်ဆီသို့

ချင်းတိုင်းရင်းသားတို့အပါအဝင် တိုင်းရင်းသားလူမျိုး ၁၃၅မျိုး စုစည်းနေထိုင်လျက်ရှိကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီပြည်ထောင်စုစနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်လျက်ရှိပေသည်။ တစ်ဖက်ကလည်း နိုင်ငံတော်အေးချမ်းသာယာရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများဘေးကင်းလုံခြုံရေးအတွက် အဟန့်အတားဟူသမျှကို ချင်းတိုင်းရင်းသားတို့အနေဖြင့်လည်း မိမိတို့၏ သွေးချင်းညီအစ်ကိုမောင်နှမများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါမည်။ သို့မှသာ အမိနိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။

## မောရှမ်းမြေမှ ကြိုဆိုပါ၏

★ မိုးလုံးမှိုင်းတဲ့မောရှမ်းမြေ
အိုးစည်သံတွေဝေ။
လှပျိုဖြူတွေပတ်ကာဝိုင်း
ရှမ်းတို့ရိုးရာသိုင်း။

★ ပလိုင်းလွယ်လို့တောင်ပေါ်မှာ
လက်ဖက်ခူးမယ်ကွာ။
ညီညီညာညာလှော်ခတ်စို့
ဖောင်တော်ဦးဘုရားသို့။

★ ဂုဏ်ယူကြလို့နာမည်ကျော်
ကမ္ဘောဇသာဒီနော်။
ခြေထိုးလှော်တဲ့ရေကန်လေး
အင်းလေးအမည်ပေး။

★ မိတ်ဖွဲ့ပေးလို့ပျော်စရာ
ဧည့်ဝတ်ကျေပွန်တာ။
လာပါနော်ကွယ် ဖိတ်ခေါ်လို့
ချယ်ရီမြေဆီသို့။

နေသုခ(မြစ်ကြီးနား)

# ပအိုဝ်းဟင်းလျာ ခါချဉ်ထောင်း

○ စံလွင် (ငါးဦးစီး) ○





ခါချဉ်ထောင်းကို တောင်ကြီးရောက်ခဲ့စဉ်က စားဖူးတာပါ။ စဥ့်ဟယဈေးထဲမှာ ပအိုဝ်းအမျိုးသမီးကြီးတွေ အရောင်နီနီအကောင်လေးတွေပုံပြီး ရောင်းနေတာတွေ့လို့ မေးကြည့်တော့ ခါချဉ်တွေဖြစ်ပါသတဲ့။ အသင့်ထောင်းစားရုံပဲလို့ ပြောပါတယ်။ ဝါးငှက်ပျောဖက်လေးတွေ ခင်းပြီး အပေါ်မှာ ခါချဉ်ကောင်လေးတွေစုပုံထားပြီး အပေါ်ကနေ လက်ဖက်ရည်အကြမ်းပန်းကန်လုံးလေး တစ်လုံး တင်ထားပါတယ်။ ဈေးမေးကြည့်တော့ လက်ဖက်ရည်ပန်းကန်တစ်လုံး ကျပ် ၃၀၀ နှစ်လုံးယူရင် ကျပ် ၅၀၀ ပါတဲ့။ အတူပါလာတဲ့ မိတ်ဆွေကိုမေးကြည့်တော့ ခါချဉ်ထောင်း ထောင်းစားရတာလို့ ပြောပါတယ်။ မရမ်းသီးထောင်း၊ မန်ကျည်းသီးထောင်းသလို ထောင်းစား၊ အရသာက ချဉ်ဖြုံးဖြုံးနဲ့ ထမင်းမြိန်တယ်လို့ပြောပါတယ်။

မိမိတို့ငယ်စဉ်က ခါချဉ်နဲ့ဖော်တယ်ဆိုတဲ့ ခါချဉ်လျက်ဆား စားဖူးပါတယ်။ အရသာက ချဉ်ဖြုံးဖြုံးရှိတာမို့ ကလေးတွေ ကြိုက်ကြပါတယ်။ ခါချဉ်ဥတွေကိုလည်း ဟင်းလျာအဖြစ် ကြော်စားကြတယ်လို့ ကြားဖူးပါတယ်။ ရောင်းသူ ပအိုဝ်းအမျိုးသမီးကြီးကို ခါချဉ်ထောင်းပုံထောင်းနည်းမေးကြည့်တော့ မှျင်ငါးပိ၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူနဲ့ မြေပဲလှော်နည်းနည်းထည့်ပြီး ထောင်းပါလို့ နည်းပေးပါတယ်မ။ ဈေးကအပြန်ရောက်ရောက်ချင်းပဲ ပအိုဝ်းအမျိုးသမီးကြီးပေးလိုက်တဲ့ နည်းအတိုင်း ထောင်းကြည့်ပါတယ်။

ဦးစွာ ခါချဉ်များကိုရေဆေးပြီး ရောပါနေတဲ့ သစ်ရွက်အမှိုက်သရိုက်များဖယ်ကာ ဒယ်အိုးတစ်လုံးမှာ ခြောက်သွားအောင် ထည့်လှော်ရပါတယ်။ (အကောင်လေးများ ကြွပ်ရုံသာလှော်ရပြီး အကျက်လွန်မသွားရန် သတိထားပါ။)

မှျင်ငါးပိကို အကျက်ညီအောင် မီးကင်ပြီး ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းတောင့်တွေကို အသင့်ပြင်ထားပါ။

အားလုံးပြီးပါက ဆုံထဲတွင် မြေပဲကိုဦးစွာထည့်၍လေး စိတ်ကွဲထောင်းပါ။ ပြီးကကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းတွေကို ခပ်ညက်ညက်ထောင်းပြီးမှ လှော်ထားတဲ့ ခါချဉ်လေးများထည့်ကာ သာသာထောင်းပါ။ နောက်ဆုံးမှ မှျင်ငါးပိကင်ထည့်ပြီး အားလုံးသမသွားအောင် ဖွဖွထောင်းပါ။ ခါချဉ်ထောင်းကို ဆုံမှကော်ကာ ပန်းကန်တစ်ချပ်တွင်ထည့်ပြီး အသင့်စားသုံးနိုင်ပါတယ်။ ခါချဉ်ထောင်းအရသာက ခါချဉ်ရဲ့ ကွဲပြားတဲ့အချဉ်အရသာကြောင့် ထူးခြားပါတယ်။ ချဉ်ဖြုံးဖြုံးအရသာမှာ အငန်အစပ်ပါဝင်နေတာကြောင့် ချဉ်ငန်စပ်အရသာပေါ်လွင်နေပြီး နှုတ်မြိန်စေတဲ့ အရံဟင်းလျာတစ်ခွက်ဖြစ်ကြောင်း ဖော်ပြလိုက်ပါတယ်။

# ဖေဖော်ဝါရီလကုန်တွင် ဖွင့်လှစ်မည့် ညောင်ဦးမြို့နယ်ရှိ ပလင်းကမ်းသာယာ သဲသောင်ပြင်အပန်းဖြေစခန်း



**ကိုထိန်(ငါ့သရောက်)**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းဝင်းနှင့် ကပ်လျက်ရောဝတီမြစ်ကြီး၏ ကျွန်းလယ်ရေကျွန်း ရေတိမ်ပိုင်းအား ပလင်းကမ်းသာယာအပန်းဖြေ ရေချိုးဆိပ်နှင့် အပန်းဖြေရေလယ်ကျွန်း နားနေတဲများဖြင့် လာရောက်အပန်းဖြေ နားနေနိုင်ရန် ဖေဖော်ဝါရီလကုန်ပိုင်းက စတင်ကာ ပလင်းကမ်းသာယာမြစ်လယ်ကျွန်း ရေတိမ်ပိုင်းအပန်းဖြေစခန်း ဖွင့်လှစ်သွားမည်ဖြစ်ကာ ဆင်စခန်းဝင်ကြေးမှအပ မြစ်လယ်ကျွန်းသဲသောင်ပြင် ကမ်းသာယာသို့ ငွေကြေးကောက်ခံမှုမရှိဘဲ အခမဲ့ဝင်ကြေးဖြင့် အပန်းဖြေနိုင်ရန် ဖွင့်လှစ်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ပလင်းကမ်းသာယာ ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ)ထံမှ သိရသည်။

အဆိုပါ ရောဝတီမြစ်လယ်ကျွန်း သဲသောင်ပြင်ရေတိမ်ပိုင်းတွင် ဖွင့်လှစ်သွားမည့် ပလင်းကမ်းသာယာအပန်းဖြေ သဲသောင်ခုံကြီးများပေါ်နှင့် သဲသောင်ရေစပ်တွင် အပန်းဖြေလာသူများ စိတ်အေးချမ်းစွာ အနားယူအပန်းဖြေနိုင်ရန်အတွက် ရေပေါ်တဲများ ဆောက်လုပ်ပေးထားကာ ရေပေါ်တဲများပေါ်တွင် မိမိတို့စားသုံးလိုသည့် သန့်ရှင်းလတ်ဆတ်သည့် အသုပ်အမျိုးမျိုးနှင့် စားဖွယ်စုံများ မှာယူစားသုံးနိုင်အောင် စီစဉ်ပေးထားမည်ဖြစ်ကြောင်း၊ ရောဝတီမြစ်လယ်ကျွန်း သဲသောင်ခုံပေါ်တွင် ဘော်လီဘောကစားနိုင်ရန် စီစဉ်ပေးထားခြင်းများ၊ ရေတိမ်ပိုင်းတွင် သန့်ရှင်းကြည်လင်အေးမြသည့် ရောဝတီမြစ်ရေချိုးနိုင်ကာ ကားတာယာများ၊ ဖော့ကွင်းများဖြင့် ရေစိမ်ခြင်း၊ ဘောကွင်းစီးခြင်းများအား အခမဲ့စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ခြင်းနှင့် နေဝင်ဆည်းဆာကြည့်နိုင်အောင်လည်း ပြုလုပ်ထားကြောင်းနှင့် မိသားစုလိုက်သော်လည်းကောင်း၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် သော်လည်းကောင်း ရောဝတီမြစ်တစ်လျှောက် မော်တော် ငှားရမ်းစီးနိုင်ပြီး နတ်သမီးကမ်းပါးနှင့် မြစ်တစ်လျှောက် သဘာဝပတ်ဝန်းကျင် အလှများကို မော်တော်စီးရင်း ကြည့်ရှုခံစားနိုင်ကြောင်း ဆင်စခန်းတာဝန်ခံက ရှင်းပြသည်။

ပလင်းကမ်းသာယာ ရေလယ်သောင်အပန်းဖြေစခန်းကို ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှလာရောက်ကာ ဘုရားဖူးလာကြပြီး ခရီးတစ်ထောက်နားနေရာအဖြစ် ပလင်းကမ်းသာယာဆင်စခန်းနှင့် တွဲဖက်ကာ မြစ်လယ်ကျွန်းအပန်းဖြေစခန်း ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ ဆင်စခန်းဝင်ကြေးအဖြစ် ပြည်တွင်း ငွေကျပ် ၁၀၀၀ သာပေးရပြီး အပန်းဖြေ ရေလယ်ကျွန်းဘက်တွင် အခကြေးငွေမပေးရဘဲ အနားယူအပန်းဖြေနိုင်ကြောင်း၊ ပြည်ပဧည့်သည်တစ်ဦးလျှင် ဆင်စခန်းဝင်ကြေး ငွေကျပ် ၁၀၀၀၀၊ ဆင်စီးခ ပြည်တွင်းငွေကျပ် ၅၀၀၀ နှင့် ဆင်စီးခ ပြည်ပဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း ၎င်းမှ ပြောသည်။

ဆင်စခန်းလာ ဆင်ချစ်သူများ စိတ်အေးချမ်းသာစွာ အနားယူနိုင်ရန်နှင့် ဓာတ်ပုံဝါသနာရှင်များ ဓာတ်ပုံရိုက်နိုင်ရန် မြစ်ကမ်းဘေးတွင် ဒန်းများ ဆောက်လုပ်ထားခြင်း၊ အသည်းပုံနှင့် နေကြာပန်းခင်းများ စိုက်ပျိုးထားခြင်း၊ ဆင်စခန်းဝင်းအတွင်း ကလေးကစားကွင်းနှင့် မြက်ခင်းပြင်ပန်းဥယျာဉ် တည်ဆောက်ပေးထားခြင်း၊ ကလေးငယ်များပါ အပန်းဖြေကစားနိုင်ရန် ဆီးဆောနှင့် တံတားအသေးစားများ စီစဉ်ပေးထားခြင်းများကြောင့် လာရောက်လည်ပတ်သူများပြားလျက်ရှိပြီး ယခုအခါ ပလင်းကမ်းသာယာ သဲသောင်ပြင်အပန်းဖြေစခန်းပါ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။ ပုဂံ-ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ချောက်၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်သာမြို့များနှင့် အလွန်နီးသည့် ပလင်းကမ်းသာယာသဲသောင်ပြင် ရေတိမ်ပိုင်းအပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေနိုင်ပါကြောင်းနှင့် အဆိုပါနေရာသည် ညောင်ဦးမြို့နယ်မှ ငါးမိုင်ခန့်အကွာ ပခုက္ကူ၊ မြင်းခြံမြို့ဘက်အထွက် အနောက်ပုလင်းကျေးရွာအနီး ပလင်းကမ်းသာယာဆင်စခန်းဝင်းနှင့်တွဲဖက်ထားရှိကာ ဖေဖော်ဝါရီလကုန်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။



**ပလင်းကမ်းသာယာ ရေလယ်သောင်အပန်းဖြေစခန်းကို ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ လာရောက်ကာ ဘုရားဖူးလာကြပြီး ခရီးတစ်ထောက်နားနေရာအဖြစ် ပလင်းကမ်းသာယာဆင်စခန်းနှင့် တွဲဖက်ကာ မြစ်လယ်ကျွန်းအပန်းဖြေစခန်း ဖွင့်လှစ်ထားခြင်းဖြစ်**

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာချိုဝင်း၊ ပါမောက္ခ(ဌာနမှူး) သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်တိကျသော တွက်နည်းများနှင့်အဖြေများကို စနစ်တကျဖြေဆိုတတ်စေရန်၊ မှန်ကန်သောသင်္ချာသဘောတရားအတွေးအခေါ်အယူအဆများကို အခြေခံ၍ စနစ်တကျ တွက်ချက် ရေးသားဖြေဆိုတတ်စေရန်၊ မှားတတ်သော အမှားများကို သတိပြုရှောင်ကြဉ်နိုင်ကြစေရန်နှင့် ဖြေဆိုရာတွင် သတိပြုရမည့် အချက်အလက်များကို သိရှိကြစေရန် ရည်ရွယ်ရေးသား ဆွေးနွေးပါမည်။**

၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် မေးမြန်းခဲ့သော မေးခွန်းပုံစံအတိုင်း ဖြေဆိုကြရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ်အပေါ် စိတ်ဝင်စားမှု၊ ကိုယ်ပိုင်ဉာဏ်စွမ်းရှိမှု၊ ကျွမ်းကျင်တတ်မြောက်သိနားလည်မှုတို့ကို အခြေခံသော မေးခွန်းများ ပိုမိုပါဝင်ပါမည်။ မေးထားသောမေးခွန်းများကို သေချာစွာ နားမလည်ဘဲ အဖြေကိုမှန်းဆထည့်ခြင်း၊ အက္ခရာစဉ်ကို တန်းစီရေးချဖြေဆိုခြင်းများဖြင့် အမှတ်ရသော မေးခွန်းများ မပါဝင်ပါ။ ယခုမေးခွန်းပုံစံတွင် စဉ်းစားတွေးခေါ်မှုကိုအခြေခံသော လွယ်သင့်ခက် မျှတသောမေးခွန်းများ ပိုမိုပါဝင်မည်။ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းရရှိစေရန် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးအပြင် သင်ခန်းစာတစ်ခုချင်းနှင့် ဆက်နွှယ်သော ဉာဏ်စမ်းပုစ္ဆာများကိုလည်း တွက်ချက်လေ့ကျင့်ထားရန် အကြံပြုလိုပါသည်။ သို့မှသာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်္ချာဘာသာရပ်အထူးပြုသင်တန်းများ၊ သင်္ချာဘာသာရပ်နှင့် နီးနွှယ်သောသင်တန်းများ တက်ရောက်ရာတွင် အထောက်အကူများရရှိနိုင်မည် ဖြစ်ပါသည်။

ပထမဦးစွာ သင်္ချာဘာသာရပ် မေးခွန်းလွှာပုံစံကို တင်ပြပါမည်။ ယခုမေးခွန်းပုံစံတွင် Multiple Choice မေးခွန်းများ မပါဝင်တော့ပါ။ Section (A), Section (B) နှင့် Section (C) အပိုင်း (၃) ပိုင်းပါဝင်ပြီး ဖြေဆိုချိန်မှာ(၃) နာရီဖြစ်ပါသည်။ မေးခွန်းအပိုင်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး သင်ခန်းစာအားလုံးကို လွှမ်းခြုံအောင် မေးထားသည့် မေးခွန်းလွှာဖြစ်ပါသည်။ SECTION တစ်ခုချင်းအလိုက် ရှင်းပြပါမည်။

SECTION (A) တွင် မေးခွန်း(၅) ပုဒ်မေးထားပြီး မေးခွန်းအားလုံး ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့်(b)ခွဲ၍မေးထားပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၃)မှတ်ပေးထားပါသည်။ စုစုပေါင်း(၃၀)မှတ် ဖြစ်သည်။ Chapter 1 to 7 မှ အပုဒ်ခွဲ(၆)ပုဒ်နှင့် Chapter 8 to 12 မှ အပုဒ်ခွဲ(၄)ပုဒ် မေးမှာဖြစ်ပြီး စုစုပေါင်း အပုဒ်ခွဲ (၁၀)ပုဒ်ပါဝင်မှာ ဖြစ်သည်။ အပုဒ်ခွဲ(၁၀) ပုဒ်တွင် Chapter (4)နှင့် Chapter (9)အခန်းများမှ မေးခွန်းများ ပါဝင် ပါက ကျန်သော SECTION များတွင် မေးမည်မဟုတ်ပါ။

SECTION(B)တွင် Chapter 1 to 7 မှ မေးခွန်း(၅)ပုဒ်မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ် ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍မေးထားပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၅) မှတ်ပေးထားပါသည်။ စုစုပေါင်း (၄၀) မှတ်ဖြစ်သည်။ SECTION(B)အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ကို Chapter တစ်ခုတည်းမှ တွဲ၍မေးမည်မဟုတ်ပါ။ သို့သော် Chapter 1 to 7 မှ ပုစ္ဆာများကိုသာ တွဲမေးမည်ဖြစ်ပြီး ဘာသာရပ်အခြေခံအနည်းငယ်ရှိရုံမျှဖြင့် ဖြေဆိုနိုင်သော မေးခွန်းများ ပါဝင်ပါမည်။ မေးခွန်းတစ်ခုစီတွင်ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) အတွဲတိုင်းသည် မတူညီသောအတွဲများဖြင့် တွဲ၍မေးမည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်မှု အနည်းငယ်သာပါဝင်သော မေးခွန်းများ ပါဝင်ပါမည်။ Chapter 1 to 7 မှ အခန်းအားလုံး ကျွမ်းကျင်တတ်မြောက်မှုကို စစ်မေးသော မေးခွန်းများသာ ဖြစ်သည်။

SECTION (C) တွင် Chapter 8 to 12 မှ မေးခွန်း (၄) ပုဒ်မေးထားပြီး ကြိုက်နှစ်သက်ရာ မေးခွန်း (၃) ပုဒ် ကိုသာ ဖြေဆိုရမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍မေးမည်ဖြစ်ပြီး အပုဒ်ခွဲတစ်ပုဒ်လျှင် (၅) မှတ်ပေးထားပါသည်။ စုစုပေါင်း(၃၀)မှတ်ဖြစ်သည်။ SECTION(C)အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ကို Chapterတစ်ခုတည်းမှ တွဲ၍မေးမည်မဟုတ်ပါ။ မေးခွန်းတစ်ပုဒ်စီတွင် ပါဝင်သော အပုဒ်ခွဲ (a)နှင့် (b)အတွဲတိုင်းသည် မတူညီသော အတွဲများဖြင့် မေးမည်ဖြစ်ပါသည်။ သို့သော် သာမန်ရိုးစင်းရှင်းလင်းလွယ်ကူသော မေးခွန်းများနှင့် စဉ်းစားတွေးခေါ်မှုကိုအားပေးသော မေးခွန်းများပါဝင် ပါမည်။ ဖြေဆိုသူကျောင်းသားကျောင်းသူများအတွက် ဖြေဆိုမှုအခက်တွေ့စေမည့် ပညာပြမေးခွန်းများ မပါဝင်ပါ။ ကျောင်းသားကျောင်းသူများ သင်္ချာဘာသာရပ်ကို ကျေညက်ပြီး စဉ်းစားတွေးခေါ်တတ်အောင် လေ့ကျင့်ပေးသည့် မေးခွန်းများသာ ပါဝင်ပါမည်။

ဖြေဆိုချိန်များကို အကြံပြုလိုသည်မှာ Section(A)ကို မိနစ်(၅၀)ခန့် အများဆုံးထား၍လည်းကောင်း၊ Section (B) ကို မိနစ်(၆၀)ခန့် အများဆုံးထား၍လည်းကောင်း၊ Section (C) ကို မိနစ်(၅၀)ခန့် အများဆုံးထား၍ လည်းကောင်း လေ့ကျင့်ဖြေဆိုသင့်ပါသည်။ အကြမ်းအားဖြင့် ထိုသို့ ဖြေဆိုနိုင်မှသာ ဖြေဆိုပြီးသား အဖြေများကို ပြန်လည်စစ်ဆေးရန် အနည်းဆုံးမိနစ်(၂၀) ခန့် အချိန်ရပါမည်။ ဂုဏ်ထူးမှတ်လွန် အမှတ်ကောင်းကောင်းရရှိရန် မေးခွန်းလွှာများကို အချိန်နှင့် လေ့ကျင့်ဖြေဆိုသင့်ပါသည်။ မေးခွန်းလွှာကိုဖြေဆိုရာ၌ မေးခွန်းတစ်ပုဒ်စီတွင်ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) ကို ဆက်တိုက်ဖြေဆိုရန် မလိုအပ်ပါ။ ဖြေဆိုချိန်ကန့်သတ်ချက်အရ ဖြေဆိုရခြင်းကြောင့် ချက်ချင်းမဖြေဆိုနိုင်သေးသည့် ပုစ္ဆာများကို အချိန်ကုန်ခံမစဉ်းစားဘဲ ရနိုင်သည့်ပုစ္ဆာများကို ဦးစွာဖြေဆိုသင့်ပါသည်။ သို့သော် အပုဒ်ခွဲ (b) ဖြေဆိုတိုင်း (b) တစ်ခုတည်း မရေးသင့်ပါ။ မေးခွန်းနံပါတ်နှင့် (b) ကိုတွဲရေးရန် လိုအပ်ပါသည်။ ဖြေဆိုခွင့်ရှိသော ကြိုက်နှစ်သက်ရာ ပုဒ်ရေထက် ပိုဖြေသော်လည်း အမှတ်ပိုရမည် မဟုတ်ပါ။ ပုဒ်ရေပိုဖြေထားခြင်းမရှိစေရန် ဖြေဆိုပြီးတိုင်း ပြန်လည်စစ်ဆေးသင့် ပါသည်။ ဖြေဆိုရာတွင် SECTION(A) ပြီးမှSECTION(B)၊ SECTION(B)ပြီးမှSECTION(C) အစဉ်လိုက်ဖြေဆိုရန် မလိုအပ်ပါ။ မိမိဖြေဆိုလိုသည့် မေးခွန်းကို နံပါတ်တပ်၍ ဖြေဆိုနိုင်ပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆောင်ရန်၊ ရှောင်ရန်၊ သတိပြုရန် အချက်များကို ဆွေးနွေးရှင်းလင်းပါမည်။

**Chapter (1) Functions** အခန်းတွင် ဖန်ရှင်တစ်ခု၏ image, range, composition of functions, inverse function, binary operation တို့နှင့် ပတ်သက်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ပုံသေနည်းများကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာထားရန် လိုအပ်ပါသည်။ ဖန်ရှင်ဆိုင်ရာသင်္ကေတများ မှန်ကန်စွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ f နှင့် g ဖန်ရှင်နှစ်ခု ပေါင်းစပ်၍ရသော ဖန်ရှင်ဖြစ်သည့် composite of f and g ကို သင်္ကေတဖြင့် $g \circ f$ ဟုရေးပြီး၊ $g \circ f$ ၏ formula ကို $(g \circ f)(x) = g(f(x))$ ဟု မှန်ကန်စွာရေးတတ်ရမည်။ သို့သော်

$(g \circ f)(x) = g(f(x)$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ဝိုက်ကွင်းတစ်ခု ကျန်နေခြင်း)

(သို့မဟုတ်)

$(g \circ f)(x) = g(f(x)))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် ကွင်းပိတ် ဝိုက်ကွင်းတစ်ခု ပိုနေခြင်း)

(သို့မဟုတ်)

$g \circ f(x) = g(f(x))$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် ကွင်းပိတ် ဝိုက်ကွင်းနှစ်ခု ကျန်နေခြင်း)

(သို့မဟုတ်)

$(g \circ f)(x) = g \circ (f(x))$ (ညီမျှခြင်း၏ လက်ယာဘက်တွင် $\circ$ ပိုနေခြင်း)

စသည်တို့ မဖြစ်စေရန် သတိပြုရပါမည်။

အစုနှစ်ခုကြားဆက်သွယ်နေသော ဖန်ရှင်တစ်ခု f သည် one to one correspondence ဖြစ်လျှင်နှင့် ဖြစ်မှ သာလျှင် ၎င်း၏ inverse function တည်ရှိပြီး inverse function သင်္ကေတကို $f^{-1}$ ဟုရေးသည်။ ကျောင်းသား ကျောင်းသူအများစုမှားတတ်သောအမှားမှာ $f^{-1}$ အစား $f'$ (သို့မဟုတ်) $f^{-}$ သင်္ကေတများ မှားယွင်းရေးသား ခြင်းဖြစ်သည်။ ထိုသို့မဖြစ်စေရန် သတိပြုရပါမည်။

A သည်အစုတစ်ခုဖြစ်ပြီး product set $A \times A$ ၏ အစုဝင်တစ်ခု (x, y) အား ဖန်ရှင်တစ်ခု $\odot$ ဖြင့် ဆက်သွယ်၍ရရှိသော image ကို သင်္ကေတ $x \odot y$ ဖြင့် ဖော်ပြလေ့ရှိသည်။ image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင်ရှိလျှင် $\odot$ ကို binary operation ဟုခေါ်သည်။ image ဖြစ်သော $x \odot y$ တိုင်း codomain A ထဲတွင်ရှိခြင်းကို closure law ပြေလည်သည် ဟုခေါ်သည်။ ဖြေဆိုသူများအတွက် နားလည်အောင်ပြောလိုသည်မှာ binary operation ဖြစ်ကြောင်းပြတိုင်း ကိန်းရှင် x, y, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure ဖြစ်ကြောင်းသက်သေပြရမည်။ Binary operation မဖြစ်ကြောင်း သက်သေပြတိုင်း ကိန်းသေ 1, 2, . . . စသည်တို့ကို အသုံးပြု၍ element နှစ်ခု၏ operation ကို closure မဖြစ် ကြောင်း သက်သေပြရမည်။ အလားတူ ဖလှယ်ရဥပဒေသ (commutative law)နှင့် ဖက်စပ်ရဥပဒေသ (associative law)များ မှန်ကြောင်း သက်သေပြ လိုလျှင် မည်သည့်အစုဝင်တိုင်းအတွက်မဆို ဥပဒေသများ မှန်ကြောင်း သက် သေပြရန်လိုအပ်သည်။အစုဝင်အချို့အတွက်သာ ဆင်ခြင်ပြီး ဥပဒေသမှန် ကြောင်း သက်သေပြချက်သည် ပြီးပြည့်စုံသော အဖြေမဟုတ်ကြောင်း သတိ ပြုရမည်။

**Chapter (2) The Remainder Theorem and The Factor Theorem** အခန်းတွင် Remainder Theorem နှင့် Factor Theorem ပါဝင်ပြီး x ပါဝင်သော polynomial များကို f(x), g(x), h(x), . . . စသည့် သင်္ကေတများဖြင့် ဖော်ပြလေ့ရှိသည်။ ဖြေဆိုသူအချို့သည် Remainder Theorem နှင့် Factor Theorem ဆိုင်ရာပုစ္ဆာများကို ဖြေဆိုရာတွင် မေးထားသောမေးခွန်းကို သေချာစွာ မဖတ်ဘဲ ဖြေဆိုခြင်းကြောင့် အဖြေများ လိုနေခြင်း၊ ပိုနေခြင်းများ တွေ့ရပါသည်။

ဥပမာ။ Find the remainder when the polynomial $x^3 + 2x - 3$ is divided by $x - 1$.

အထက်ပါ ပုစ္ဆာ၏ အဖြေမှာ

Let $f(x) = x^3 + 2x - 3$.

When f(x) is divided by $x - 1$, the remainder $= f(1)$

$= 1 + 2 - 3 = 0.$

အထက်ပါဖြေဆိုခြင်းအတွက် ရှင်းပြလိုသည်မှာ မေးထားသောမေးခွန်းတွင် Find the remainder ဟု မေးထားသောကြောင့် အဖြေတွင် the remainder = f(1) အချက်သည် ပါဝင်ရမည်ဖြစ်ပါသည်။ အလားတူ find the factors, find the other factor, solve the equation နှင့် factorize the polynomial completely စသည့် မေးခွန်းများကိုလည်း ဖြေဆိုမှု မှန်ကန်အောင် သေချာစွာနားလည်အောင် လေ့ကျင့်သင့်ပါသည်။ ဥပမာ factorize the polynomial completely ဆိုသည့် မေးခွန်းကို ဖြေဆိုရာတွင် ရလာသော factor များ၏ မြှောက်ခြင်း၌သာ ဖြေဆိုမှုကို အဆုံးသတ်ရမည်ဖြစ်ပြီး ဆက်လက်ဖြေဆိုခြင်းသည် မေးထားသောမေးခွန်းကို နားမလည်ရာ ရောက်ပါသည်။ အလားတူ find the other factors ဟု မေးထားသော မေးခွန်းကို ဖြေဆိုရာတွင်လည်း ကျန်သော factor များကိုသာ ရေးသားဖော်ပြရမှာဖြစ်ပြီး၊ factor အားလုံးကို ရေးသားဖော်ပြရန် မလိုအပ်ပါ။

**Chapter (3) The Binomial Theorem** အခန်းမှာ Binomial Expansion ကို ကျွမ်းကျင်ရန် လိုအပ်ပါသည်။ Binomial Theorem အရ ကောင်းစွာ အကျယ်ဖွင့်တတ်ရမှာဖြစ်ပြီး the general term (သို့မဟုတ်) $(r + 1)^{th}$ term formula ကို သိထားရပါမည်။

ဥပမာ $(2x - y)^{13}$ အကျယ်ဖွင့်မှ $(r + 1)$ အကြိမ်မြောက်ကိန်းကို ရေးသားရာတွင်

$(r + 1)^{th}$ term $= {}^{13}C_r (2x)^{13-r}(-y)^r$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရန် လိုအပ်သည်။ သို့သော် $(r + 1)^{th}$ term ဆိုသည့် စကားလုံးမပါဘဲ

$(2x - y)^{13} = {}^{13}C_r (2x)^{13-r}(-y)^r$ ဟု ရေးသားခြင်း(သို့မဟုတ်)

$(r + 1)^{th}$ term $= {}^{13}C_r (2x)^{13-r} - y^r$ ဟု ညီမျှခြင်း လက်ယာဘက်တွင် "$-y$" ကို ဝိုက်ကွင်းမခတ်ဘဲ ရေးသားခြင်းများ မဖြစ်စေရန် ဂရုပြုရပါမည်။ အကယ်၍ $(2x - y)^{13}$ ကို ပထမကိန်းသုံးလုံး အကျယ်ဖွင့်ပုံစံဖြင့် ရေးမည်ဆိုလျှင် $(2x - y)^{13} = {}^{13}C_0 (2x)^{13} + {}^{13}C_1 (2x)^{12}(-y) + {}^{13}C_2 (2x)^{11}(-y)^2 + \cdots$ ဟု ပြည့်စုံမှန်ကန်စွာ ရေးသားရမည်။ သို့သော် $(2x - y)^{13}$ ၏ ပထမကိန်းသုံးလုံး အကျယ်ဖွင့်ကို

$(2x - y)^{13} = {}^{13}C_0 (2x)^{13} + {}^{13}C_1 (2x)^{12}(-y) + {}^{13}C_2 (2x)^{11}(-y)^2$ ဟု ရေးသားခြင်းသည် ကိန်းသုံးလုံးတည်း ကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် ပြည့်စုံလုံလောက်မှုမရှိပါ။ အကျယ်ဖွင့်တွင် ပါဝင်သော "$\ldots$" ၏ သဘောမှာ ပထမကိန်းသုံးလုံး၏နောက်တွင် လက်ကျန်ကိန်းများ ရှိနေသေးသည့်သဘောကို ဆောင်ပါသည်။ ထို့အပြင် find the coefficient of $x^2$ ဟု မေးထားသော မေးခွန်းကို ဖြေဆိုမည်ဆိုလျှင် မြှောက်ဖော်ကိန်းဆိုသည့်စကားလုံး ပါဝင်ခြင်းကြောင့် အဖြေတွင် $x^2$ မပါဝင်ရန် လိုအပ်ပါသည်။ အလားတူ find the term independent of x, find the constant term, find the coefficient of $x^0$ စသည့် မေးခွန်းများကို ဖြေဆိုရာတွင်လည်း အဖြေ၌ ကိန်းရှင် "x" မပါဝင်ရန် လိုအပ်ပါသည်။

ဥပမာ။ Find the term in $x^2$ and the term independent of x in the expansion of $(2 + 3x)^5$.

ပထမဦးစွာ $(2 + 3x)^5$ ကို $x^2$ ပါဝင်သော ကိန်းတန်းရသည်အထိ အောက်ပါအတိုင်း အကျယ်ဖွင့်ပါမည်။

$(2 + 3x)^5 = 2^5 + 5 \cdot 2^4(3x) + 10 \cdot 2^3(3x)^2 + \ldots$

$= 32 + 240x + 720x^2 + \ldots$

$\therefore$ the term in $x^2 = 720x^2$ (အဖြေတွင် $x^2$ ပါဝင်ရန် လိုအပ်ပါသည်။)

$\therefore$ the term independent of $x = 32$ (အဖြေတွင် x မပါဝင်ရန် လိုအပ်ပါသည်။)

**Chapter (4) Inequations** အခန်းမှာ x ပါဝင်သော နှစ်ထပ်ကိန်းမညီမျှခြင်း (quadratic inequation) များ၏ solution set ကို method နှစ်ခုဖြင့် ဖြေရှင်းခြင်း ဖြစ်သည်။ မေးခွန်းတွင် သတ်မှတ်ထားသော method ဖြင့်သာ ဖြေရှင်းရမည်ဖြစ်သည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးလျှင် algebraic method ကိုသာ အသုံးပြု၍ တွက်ရပါမည်။ graphical method ကို အသုံးပြု၍တွက်ပါဟု မေးလျှင် graphical method ကိုသာ အသုံးပြု၍ တွက်ရပါမည်။ algebraic method ကို အသုံးပြု၍ တွက်ပါဟု မေးထားသောမေးခွန်းကို graphical method အသုံးပြု၍တွက်လျှင် မေးခွန်းတွင်ပါဝင်သော သတ်မှတ်ချက်ကို ဆန့်ကျင်ရာရောက်ပါသည်။ မည်သည့် method ကို အသုံးပြု၍ တွက်ပါဆိုသည့် သတ်မှတ်ချက်မပါလျှင် ကြိုက်နှစ်သက်ရာ method ကို အသုံးပြု၍ တွက်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် method နှစ်ခုလုံးဖြင့် တွက်တတ်အောင် လေ့ကျင့်ထားသင့်သည်။ algebraic method ကို အသုံးပြု၍ပုစ္ဆာများဖြေရှင်းရာတွင် and နှင့် or ကို သူ့နေရာနှင့်သူ သေချာစွာ အသုံးပြုတတ်ရန် လိုအပ်ပါသည်။ graphical method ကို အသုံးပြု၍ ပုစ္ဆာများဖြေရှင်းရာတွင် မျဉ်းကွေးပုံကို သတ်မှတ်ချက် ပြည့်စုံအောင် ဆွဲသားရန်လိုအပ်ပါသည်။

**Chapter (5) Sequences and Series** အခန်းမှာ A.P., G.P. တို့နှင့် ပတ်သက်သော $n^{th}$ term formula, A.M. formula, G.M. formula, sum of the first n terms formula နှင့် G.P. တစ်ခု၏ sum to infinity formula များ သိထားရန်လိုအပ်ပါသည်။ ဖြေဆိုသူအများစုမှာ ပုံသေနည်းများကို သေချာစွာမသိဘဲ မှားယွင်းစွာ အသုံးပြုတတ်ပါသည်။ သင်္ကေတများကိုလည်း ကိုယ့်သဘောနှင့်ကိုယ် ပြုပြင်မရေးမိစေရန် သတိထားရပါမည်။ ဥပမာ the sum of the first 8 terms of the A.P. ကို ပထမဦးစွာ ပေါင်းလဒ်ပုံသေနည်း $S_n = \frac{n}{2}\{2a + (n - 1)d\}$ ဟုရေးပြီး နောက်တစ်ကြောင်းတွင်

$= \frac{8}{2}\{2a + (8 - 1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$" မပါဘဲရေး ခြင်း)

(သို့မဟုတ်)

$S_n = \frac{8}{2}\{2a + (8 - 1)d\}$ (ညီမျှခြင်း၏ လက်ဝဲဘက်တွင် "$S_8$" အစား "$S_n$" ဟုရေးခြင်း)

စာမျက်နှာ ၁ သို့

**စာမျက်နှာ က မှ**

စသည်တို့မပြုလုပ်မိအောင် ဂရုစိုက်ရမည်။

**Chapter (6) Matrices** အခန်းတွင် matrix နှစ်ခုတူညီခြင်း၊ အခြေခံလုပ်ထုံးများ ဖြစ်သော matrix နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း၊ matrix တစ်ခုကို scalar ဖြင့် မြှောက်ခြင်း၊ matrix နှစ်ခုမြှောက်ခြင်း စသည်တို့ကို ကျွမ်းကျင်စွာတတ်ထားရပါမည်။ order 2×2 ရှိသော matrix တစ်ခု A ၏ determinant of A = 0 ဖြစ်လျှင် A ကို singular matrix ဟုခေါ်ပြီး $A^{-1}$ မရှိပါ။ အကယ်၍ determinant of A ≠ 0 ဖြစ်လျှင် A ကို nonsingular matrix ဟုခေါ်ပြီး $A^{-1}$ ရှိသည်ဟု သိထားရမည်။ သို့မှသာ order 2×2 ရှိသော matrix တစ်ခု၏ inverse ကို ရှာတတ်ရမှာဖြစ်ပြီး inverse matrix ကို အသုံးပြုပြီး မသိကိန်းနှစ်ခုပါ တစ်ပြိုင်နက်ညီမျှခြင်းစနစ်ကို ဖြေရှင်းတတ်မှာဖြစ်ပါသည်။ ထို့အပြင် transpose matrix of A ကို " A' " နှင့် inverse matrix of A ကို " $A^{-1}$ " ဟု မှန်ကန်စွာရေးသားရမည်။

**Chapter (7) Introduction to Probability** အခန်းတွင် ဖြစ်ရပ်တစ်ခု၏ ဖြစ်နိုင်စွမ်း (probability of an event) ကို တွက်ချက်နိုင်ရန် random experiment ၏ possible outcomes အရေအတွက်ကို ရှာတတ်ရမှာဖြစ်ပြီး မေးထားသော event တစ်ခု၏ favourable outcomes အရေအတွက်ကိုလည်းရှာတတ်ရမည်။ မည်သည့်ဖြစ်ရပ် A အတွက်မဆို ဖြစ်နိုင်စွမ်းတန်ဖိုး P(A) သည် $0 \le P(A) \le 1$ ဖြစ်သည်ကို မှတ်သားထားရမည်။ ထို့ပြင် ဖြစ်ရပ် A မဖြစ်သော ဖြစ်နိုင်စွမ်း P(not A) = 1 – P(A) ဖြစ်ကြောင်းကိုလည်း သိထားရမည်။ Random experiment တစ်ခု၏ possible outcomes များကို tree diagram ဆွဲ၍သော်လည်းကောင်း၊ table (ဇယား) တည်ဆောက်၍သော်လည်းကောင်း ရှာယူတတ်ရမည်။ tree diagram ဆွဲသားခြင်းနှင့် table (ဇယား) တည်ဆောက်ခြင်းတို့တွင် heading ပါရန် လိုအပ်ပါသည်။ Mutually exclusive events နှင့် independent events များအကြောင်း ဆက်လက်ဆွေးနွေးပါမည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံးမဖြစ်နိုင်သော ဖြစ်ရပ်များဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တွင် ဘုံပါဝင်သော outcomes မရှိလျှင် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့ကို mutually exclusive events ဟုခေါ်ပြီး P(A or B) = P(A) + P(B) ဟုရေးသည်။ Random experiment တစ်ခုရှိ ဖြစ်ရပ် A နှင့် ဖြစ်ရပ် B နှစ်ခုလုံး ဖြစ်နိုင်သောဖြစ်ရပ်များဖြစ်လျှင်၊ တစ်နည်းအားဖြင့် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့သည် တစ်ခုနှင့်တစ်ခု မမှီခိုသော ဖြစ်ရပ်များဖြစ်လျှင် ဖြစ်ရပ် A နှင့် ဖြစ်ရပ် B တို့ကို independent events ဟုခေါ်ပြီး P(A and B) = P(A) × P(B) ဟုရေးသည်။ အထူးသဖြင့် ကျောင်းသား ကျောင်းသူအများစုမှာ မေးထားသော probability ပုစ္ဆာများ၏ အဖြေကိုစဉ်းစားရာတွင် mutually exclusive events နှင့် independent events တို့ကို မှားယွင်းစွာ ဖြေဆိုတတ်ကြသည်။ အကြံပြုလိုသည်မှာ probability ပုစ္ဆာများကို မေးခွန်းနားလည်အောင်ဖတ်ပြီးမှ တွက်ချက်စေလိုပါသည်။

**Chapter (8) Circles** အခန်းတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် စက်ဝိုင်းတစ်ခု၏ အဝန်းခံထောင့်များနှင့် ပတ်သက်သောသီအိုရမ်များ(Theorem 1 မှ Theorem 4 ထိ)၊ ဒုတိယအပိုင်းတွင် chord, tangent နှင့် secant segment တို့၏ product property များကိုဖော်ပြသော သီအိုရမ်များ(Theorem 5 မှ Theorem 6 ထိ)၊ တတိယအပိုင်းတွင် concyclic points နှင့် concyclic သီအိုရမ်များ(Theorem 7, Theorem 9, Theorem 10) ဖြစ်သည်။ geometry ပုစ္ဆာများ တွက်ချက်ရာတွင် လိုအပ်သောပုံပါရမည်ဖြစ်ပြီး ဆွဲသားထားသောပုံသည် မှန်ကန်ရန် လိုအပ်ပါသည်။ အသုံးပြုသော ထောင့်သင်္ကေတများကိုလည်း ဆွဲသားသောပုံတွင် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ သက်သေပြရာတွင် သင်ကြားပေးထားသည့်အတိုင်း အလွတ်ကျက်မှတ်ဖြေဆိုခြင်းများကို ရှောင်သင့်ပါသည်။ မေးထားသောပုစ္ဆာ၏ အဖြေအား စဉ်းစားသည့်အခါ မည်သည့်သီအိုရမ်ကို အသုံးပြု၍ ဖြေရှင်းနိုင်သည်ဟု ကြံဆတွေးတောနိုင်ရမည်။ သို့မှသာ geometry ပုစ္ဆာများကို ကြောက်ရွံ့မှုမရှိစွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

**Chapter (9) Areas of Similar Triangles** အခန်းတွင် န၀မတန်းတွင် သင်ကြားခဲ့ရသည့် တြိဂံနှစ်ခုသဏ္ဌာန်တူခြင်းဆိုင်ရာ သီအိုရမ်များကို ပြန်လည်သိထားရန် လိုအပ်ပါသည်။ ယခုအတန်းတွင် သဏ္ဌာန်တူ တြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် လိုက်ဖက်အနားများ (သို့မဟုတ်) လိုက်ဖက်အမြင့်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်အလယ်မျဉ်းများ (သို့မဟုတ်) လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသောအချက်များ သိထားရပါမည်။ ထို့အပြင် သဏ္ဌာန်တူတြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် ပတ်လည်အနားများ၏ နှစ်ထပ်ကိန်းများနှင့် အချိုးတူသည်ဟူသော အချက်ကိုလည်း သိထားရပါမည်။

ထို့အပြင် statement များဖြစ်သည့်

(က) အခြေ(အမြင့်)တူသော အနားပြိုင်စတုဂံနှစ်ခု၏ ဧရိယာများအချိုးသည် လိုက်ဖက်အမြင့် (လိုက်ဖက်အခြေ)မျဉ်းများနှင့် အချိုးတူသည်။

(ခ) အခြေ(အမြင့်)တူသော တြိဂံနှစ်ခု၏ ဧရိယာများအချိုးသည် လိုက်ဖက်အမြင့် (လိုက်ဖက်အခြေ) မျဉ်းများနှင့် အချိုးတူသည် ဆိုသည့်အချက်များလည်း သိထားရန်လိုအပ်ပါသည်။

တြိဂံနှစ်ခု သဏ္ဌာန်တူကြောင်း သက်သေပြပြီးတိုင်း မည်သည့်သီအိုရမ် မည်သည့်ကော်ရော်လာရီအရ သဏ္ဌာန်တူသည်ကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။ သဏ္ဌာန်တူခြင်းသင်္ကေတ "~"နှင့် ထပ်တူညီခြင်းသင်္ကေတ "≅" များ မှားယွင်းစွာ ဖော်ပြခြင်း မပြုမိစေရန် သတိပြုရပါမည်။

**Chapter (10) Introduction to Vectors and Transformation Geometry** အခန်းတွင် geometric vector များ၏ပေါင်းခြင်း၊ နုတ်ခြင်းနှင့် စကေလာဖြင့်မြှောက်ခြင်း စသည့်အခြေခံလုပ်ထုံးများအပြင် parallel vectors ဂုဏ်သတ္တိ၊ collinear ဂုဏ်သတ္တိများကိုလည်း သိထားရမည်။ ထို့ပြင် position vector, section formula နှင့် two dimensional များအကြောင်းကိုလည်း သိထားသင့်ပါသည်။ transformation geometry ဆိုင်ရာ matrix များဖြစ်သည့် reflection matrix, rotation matrix နှင့် translation matrix များကိုလည်း မှတ်သားထားရန် လိုအပ်ပါသည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် ဗက်တာသင်္ကေတမြား"⟶" မကျန်စေရန် သတိပြုရမည်။

**Chapter (11) Trigonometry** အခန်းတွင် န၀မတန်းတွင် သင်ကြားခဲ့ရသည့် ထောင့်မှန်တြိဂံတစ်ခုအတွင်းရှိ ထောင့်ကျဉ်းတစ်ခုမှရသော အခြေခံအချိုး(၆)ချိုးနှင့် အထူးထောင့်များဖြစ်သော 30°, 45°, 60° စသည်တို့၏ trigonometric ratio များကိုလည်း မှတ်ထားရမည်။ ထို့ပြင် general angle formulae, compound angle formulae, double angle formulae, half angle formulae, factor formulae စသည်များကိုလည်း သိထားသင့်ပါသည်။ သို့မှသာ ၎င်း formula ကို အသုံးပြု၍ trigonometric equation, trigono–metric identity များကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ law of sines နှင့် law of cosines တို့ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်နှင့် လိုအပ်သောအနားများကို ရှာတတ်ရန်လည်း လိုအပ်ပါသည်။ အကြံပြုလိုသည်မှာ law of sines ကို အသုံးပြု၍ တြိဂံတစ်ခု၏ လိုအပ်သောထောင့်များ ရှာရာတွင် အငယ်ဆုံးထောင့်မှစ၍ ရှာသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှာသောထောင့်သည် ထောင့်ကျယ်ဖြစ်နေသော်လည်း law of sines ကို အသုံးပြု၍ တွက်ချက်လျှင် ထောင့်ကျဉ်းသာရလာပြီး ဖြေဆိုသူအနေနှင့် အမှန်ဟုယူဆတတ်ပါသည်။ ညွှန်ထောင့်ပါသော ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောပုံပါရမည်ဖြစ်ပြီး ဆွဲသားသောပုံသည် မှန်ကန်ရမည့်အပြင် logarithm tables ဖြင့်တွက်ချက်သောဇယားကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ထောင့်များ၏ ဒီဂရီနှင့် မိနစ်သင်္ကေတများ မကျန်စေရန် သတိပြုပါ။

**Chapter (12) Calculus** အခန်းမှာ ပထမဦးစွာ ကျောင်းသားကျောင်းသူအများစု limit ရှာသောပုစ္ဆာများ တွက်ချက်ရာတွင် ဖြေဆိုပုံလိုအပ်ချက်ကို တင်ပြပါမည်။ ဥပမာ Calculate $\lim\limits_{x\to\infty}\dfrac{2x}{3x+4}$ . ပုစ္ဆာကို တွက်ချက်ရာတွင်

$$\lim_{x\to\infty}\frac{2x}{3x+4}=\lim_{x\to\infty}\frac{2}{3+\frac{4}{x}}$$

$$=\frac{2}{3+0}\qquad ----- (*)$$

$=\dfrac{2}{3}$ ဟု မှန်ကန်စွာ ဖြေဆိုရမည်။ (*)ပြထားသော အဆင့်တွင် ပိုင်းခြေ၌ ပါဝင်နေသော "0"သည် $\lim\limits_{x\to\infty}\frac{4}{x}=0$ ဆိုသည့်အဓိပ္ပာယ်ဆောင်သည်။ ထို့ကြောင့် $\lim\limits_{x\to\infty}\frac{2x}{3x+4}=\lim\limits_{x\to\infty}\frac{2}{3+\frac{4}{x}}=\frac{2}{3}$ ဟု ဖြေဆိုခြင်းနှင့် $\lim\limits_{x\to\infty}\frac{2x}{3x+4}=\lim\limits_{x\to\infty}\frac{2}{3+\frac{4}{x}}=\lim\limits_{x\to\infty}\frac{2}{3}$ ဟု ဖြေဆိုခြင်းများ မရှိစေရန် သတိထားရမည်။ ကိန်းရှင် x ၏တန်ဖိုး သေးငယ်သော ပြောင်းလဲမှုပမာဏကို ဖော်ပြသည့် "$\delta x$" ကို $\delta$ နှင့် x မြှောက်ထားခြင်းဟု ယူဆပြီး၊ $(\delta x)^2 = \delta^2x^2$ နှင့် $2x\delta x = 2x^2\delta$ ဟူ၍ မှားယွင်းဖြေဆိုခြင်းများ ပြုလုပ်တတ်ပါသည်။ ဖြေဆိုသူများအနေဖြင့် some particular derived functions, trigonometric functions, logarithm functions နှင့် exponential functions တို့၏ derivative formula များကိုလည်း သိထားသင့်ပါသည်။ ထို့ပြင် tangent line equation, normal line equation, maximum, minimum နှင့် point of inflexion တို့နှင့် ဆိုင်သော ပုစ္ဆာများကိုလည်း လေ့ကျင့်ထားသင့်ပါသည်။

ဖြေဆိုသူအားလုံးအတွက် မှာကြားလိုသည့်အချက်များမှာ

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးရန်
- ပြန်လည်စစ်ဆေးချိန်ပိုမိုရရှိအောင် မေးခွန်းလွှာများကို အကြိမ်ကြိမ် လေ့ကျင့်ဖြေဆိုရန်
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုရန်
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသော အဆင့်များမကျန်ရန်
- မေးခွန်းတွင်အသုံးပြုရမည့် တွက်နည်းသတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုရန်
- ခန့်မှန်းမေးခွန်းများကိုသာ ရွေးချယ်လေ့ကျင့် ဖြေဆိုခြင်းများ မပြုလုပ်ရန်
- သတ်မှတ်ထားသော ပုဒ်ရေထက်ပို၍ မဖြေဆိုမိစေရန်
- အခန်းတစ်ခုချင်းစီတွင် ပါဝင်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများနှင့် သင်္ချာသဘောတရားများကို ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်အောင် လေ့ကျင့်ထားရန် တို့ဖြစ်သည်။

ယခုဆွေးနွေးခဲ့သော သိကောင်းစရာများနှင့် အကြံပြုချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့်အတူ ဂုဏ်ထူးမှတ် ရာပြည့်မှတ်များဖြင့် အောင်မြင်မှုများရရှိပါစေဟု ဆန္ဒပြုရင်း သင်္ချာဘာသာရပ် သိကောင်းစရာများ ဆွေးနွေးပို့ချခြင်းကို ရပ်နားအပ်ပါသည်။

# လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများထံသို့ စွမ်းအားမြှင့်မီးဖိုအလုံး ၉၀၀ အခမဲ့ဖြန့်ဖြူး

**လှည်းကူး ဖေဖော်ဝါရီ ၂၁**

ကျေးလက်ဒေသများတွင် ထင်းသုံးစွဲမှု လျှော့ချရေး၊ သစ်တောပြုန်းတီးမှုများ ကာကွယ်နိုင်ရေးနှင့် ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးတို့အတွက် စွမ်းအားမြှင့်မီးဖိုအလုံး ၉၀၀ ကို ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများထံသို့ ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(KOICA)နှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လှည်းကူးမြို့နယ်အတွင်း လျှပ်စစ်မီး မရရှိသေးသည့် ထင်းအဓိကထားသုံးစွဲနေရသော ဂုံမင်းလျှို(၂) ကျေးရွာ၊ ဆောက်တောကုန်းကျေးရွာ၊ တောင်ထပ်ကျေးရွာ၊ တောင်ထန်းမြှောင်ကျေးရွာ၊ လက်ပံဝဲကျေးရွာ၊ ရေလဲကန်ကျေးရွာ၊ စွယ်လတ်ကျေးရွာ၊ မြို့ကုန်းကျေးရွာ၊ တွင်းတစ်ရာကျေးရွာ စုစုပေါင်းကျေးရွာ ကိုးရွာ၊ အိမ်ထောင်စုပေါင်း ၉၀၀ တို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ရွှေနှင့် ဝန်ထမ်းများက အဖွဲ့သုံးဖွဲ့ခွဲ၍ အခမဲ့ ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**



# ဝန်းသိုမြို့နယ်၌ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းအဖွဲ့နှင့် ကျေးလက်ဦးစီးဌာနတို့ပူးပေါင်း၍ အမှိုက်ကင်းစင်ကျေးရွာ အကောင်အထည်ဖော်

**ဝန်းသို ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော ရွေ့လျားဝန်ဆောင်မှုလုပ်ငန်း( Mobile Service Delivery )အဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ အမှိုက်ကင်းစင်ကျေးရွာ သတ်မှတ်ဆောင်ရွက်ရန် အသိပညာပေးခြင်းနှင့် စုပေါင်းအမှိုက်ကောက်ခြင်းများကို ပေကုန်းကျေးရွာတွင် ပြုလုပ်ခဲ့သည်။

ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများတွင် အမှိုက်ကင်းစင်ရေးအတွက် ယခင်ဘဏ္ဍာနှစ်တွင် ၁၁ ရွာ ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၂ ရွာ ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း၊ ယခုပေကုန်းကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၃ ရွာတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ကျန်ကျေးရွာများကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ပေကုန်းကျေးရွာနှင့် အောင်ချမ်းသာကျေးရွာမှ မြစိမ်းရောင်စီမံကိန်း ကျေးရွာကော်မတီနှင့် ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများက လှုပ်ရှားဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ပေကုန်းကျေးရွာအတွင်း စုပေါင်းအမှိုက်ကောက်ခဲ့ကြကြောင်း သိရသည်။

**မွေးကြူဇင်**

# YBS (၇၆)ယာဉ်လိုင်း ယာဉ်အစီးရေနှင့် ခရီးစဉ်လမ်းကြောင်း တိုးချဲ့ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ပြေးဆွဲလျက်ရှိသော YBS (၇၆)ယာဉ်လိုင်းအား ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ယာဉ်အစီးရေနှင့် ခရီးစဉ်လမ်းကြောင်းကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

YBS(၇၆)ယာဉ်လိုင်းအား ယခင်က မီနီဘတ်စ်ယာဉ်များဖြင့် အရှေ့ပိုင်းတက္ကသိုလ် (ဂိတ်ရင်း)မှ တာမွေ–စက်မှု(၁) (ဂိတ်ဖျား)အထိ ပြေးဆွဲလျက်ရှိရာမှ ယခုအခါ စီးတီးဘတ်စ်ယာဉ်ကြီးများပါ ထပ်တိုးပူးပေါင်း၍ ဂိတ်ရင်းကို သီလဝါခြောက်လမ်းသွား (ဆန်စက်ရှေ့)မှ တာမွေဗလီ–လှည်းတန်း–သမိုင်းလမ်းဆုံ–မင်းဓမ္မလမ်း(ရွှေကမ္ဘာ အိမ်ရာရှေ့)ဂိတ်ဖျားအထိ ခရီးစဉ်ကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မီနီဘတ်စ်ယာဉ်များဖြင့် ပြေးဆွဲပေးစဉ်က ဂိတ်ရင်းနေရာမှာ အရှေ့ပိုင်းတက္ကသိုလ်(တာ၀)ဖြစ်သော်လည်း တက္ကသိုလ်ရှေ့တွင် ယာဉ်ကြောပိတ်ဆို့မှုရှိခြင်းကြောင့် သီလဝါဆန်စက်ရှေ့သို့လည်းကောင်း၊ ဂိတ်ဖျားနေရာ စက်မှု(၁)တွင် ရပ်နားရန်နှင့် စီးတီးဘတ်စ်ယာဉ်ကြီးများ ပြန်ကွေ့ရန်အခက်အခဲရှိသဖြင့် ခရီးစဉ်လမ်းကြောင်းတိုးချဲ့ကာ ဂိတ်ဖျားနေရာကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း(ရွှေကမ္ဘာအိမ်ရာရှေ့)သို့လည်းကောင်း ပြောင်းရွှေ့ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။ **ကိုထက်**

